# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝင်္ဂ(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ်(ဝ၅၄)


# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးတို့ ဦးဆောင်ဆွေးနွေးသော နှစ်နိုင်ငံဝန်ကြီးများအဆင့် အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အဆေမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် လာရောက်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန်မာမွတ်အလီ ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၂ ရက်မှစ၍ မြန်မာနိုင်ငံသို့ တရားဝင်ခရီး လာရောက်လျက်ရှိသည်။

ခရီးစဉ်အတွင်း ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးတို့ ဦးဆောင်ဆွေးနွေးသော နှစ်နိုင်ငံဝန်ကြီးများအဆင့် အစည်းအဝေးကို ကျင်းပသည်။

နံနက်ပိုင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေး အတွင်းဝန် မစ္စတာ ရှာဟီဒူဟတ် ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့တို့အကြား နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပခဲ့သည်။

ယနေ့ ညပိုင်း ၇ နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❇




# JMC-U ၏ (၁၃)ကြိမ်မြောက် အစည်းအဝေး (တတိယနေ့)ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၃)ကြိမ်မြောက် အစည်းအဝေး (တတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။**

ယနေ့အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ အရပ်သားကိုယ်စားလှယ်များ၊ JMC-S နှင့် JMC-L တို့မှ ကော်မတီဝင်များ၊ နည်းပညာ အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

JMC-U ၏ (၁၃)ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် (၁၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများအား တင်ပြခြင်း၊ JMC

*စာမျက်နှာ ၃ ကော်လံ ၂* ❁



ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၃)ကြိမ်မြောက် အစည်းအဝေး (တတိယနေ့) ကျင်းပစဉ်။




မြန်မာ့အလင်း

## ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ရေး အခမဲ့ဆေးထိုးခွင့် အခွင့်အရေးကို ရယူ

အသက်ကိုးလမှ ၁၅ နှစ်အရွယ်အထိ တစ်နိုင်ငံလုံးရှိ ကလေး ၁၄ သန်းတို့ကို ဂျပန် ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးပေးလျက်ရှိသည်။ ပြင်ပပေါက်ဈေး တစ်လုံးလျှင် ငွေကျပ်ငါးသောင်းမှ ခြောက်သောင်းခန့်အထိ တန်ကြေးရှိသော အဆိုပါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးသည့် အစီအစဉ်ကို ကျောင်းများကို အခြေပြု၍ နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်လျက်ရှိရာ သုံးရက်တာကာလအတွင်း ကလေးသုံးသန်းကျော် ထိုးနှံပြီးခဲ့ကြောင်းနှင့် ဆေးထိုးပြီး ခြောက်နာရီခန့်အကြာတွင် ကလေးတစ်ဦးသေဆုံးခဲ့ခြင်းကြောင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သတင်းများလည်း ဖတ်ရှုကြားသိကြရသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် ခြင်မှ ကူးစက်သည့် ရောဂါဖြစ်သည်။ ခြင်နှိမ်နင်းရေးနှင့် ခြင်ကိုက်မခံရစေရန် နေထိုင်ခြင်းနည်းအားဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါကိုသာမက ငှက်ဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါတို့အပါအဝင် ကြောက်စရာကူးစက်ရောဂါများကိုပါ ရှောင်ရှားနိုင်မည် ဖြစ်သည်။ ဂျပန်ဦးနှောက်ရောင်ရောဂါမှာ ထူးထူးခြားခြား ရောဂါလက္ခဏာ မပြ။ ခေါင်းကိုက်ခြင်း၊ ဖျားနာခြင်း၊ နုံးခွေခြင်း၊ အကြောတက် အကြောဆွဲခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ မေ့မြောခြင်း၊ သေဆုံးခြင်းလက္ခဏာများဖြစ်ရာ ရောဂါဖြစ်ဆဲကာလတွင် သာမန်ဖျားနာခြင်းဟု ထင်စရာပင်ဖြစ်သည်။ ရောဂါပြင်းထန်စွာ ခံစားရသည့် အခါတွင်မူ အသက်အန္တရာယ် အထိရှိနိုင်ပြီး မသေဘဲ ရှင်ကျန်ရစ်ခဲ့သည့်တိုင် နားလေးခြင်း၊ မကြားခဏာတက်ခြင်း၊ စကားမပြောနိုင်ခြင်း၊ နာတာရှည် မသန်မစွမ်းဖြစ်ခြင်းနှင့် ဦးနှောက်ထိခိုက်ခြင်းကြောင့် အသိဉာဏ် ချို့ယွင်းသွားသည်အထိ ခံစားရနိုင်သည်။ မည်သို့ပင်ဆိုစေ ကာကွယ်ဆေးထိုးနှံခြင်းဖြင့်လည်း ဂျပန်ဦးနှောက်ရောင်ရောဂါအန္တရာယ်မှ ရှောင်ရှားနိုင်မည်ဖြစ်ရာ မပျက်မကွက် ထိုးနှံကြရန်သာ တိုက်တွန်းလိုသည်။

သို့ရာတွင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး၏ ဘေးထွက်အကျိုးနှင့် ကာကွယ်ဆေး လုံးဝမထိုးရမည့်သူများ၊ ရက်အနည်းငယ် ဆိုင်းငံ့ပြီးမှ ကာကွယ်ဆေး ထိုးသင့်သူများရှိနေသည်ကို သတိမူကြရမည် ဖြစ်သည်။ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးရာတွင် မူးဝေခြင်း၊ယားယံခြင်းတို့ကို ကလေးအချို့ခံစားကြရတတ်ပြီး ဓာတ်မတည့်မှုများအတွက် လိုအပ်သည့် ကုသမှုများ ပြုလုပ်ပေးရန် ဆေးထိုးအဖွဲ့တွင် အပြည့်အစုံပါရှိခြင်းကြောင့် စိုးရိမ်စရာမရှိကြောင်း တာဝန်ရှိသူများက အသိပေးထားသည်။ ကာကွယ်ဆေး လုံးဝမထိုးရမည့်သူများမှာ ဆေးနှင့် လုံးဝဓာတ်မတည့်သူများ၊ ခုခံအား ကျဆင်းနေသူများ၊ အပြင်းအထန် ဖျားနာနေသူများ၊ တီဘီရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ၊ နှလုံးရောဂါ တစ်မျိုးမျိုး ဖြစ်ပွားနေသူများ၊ အတက်ရောဂါဖြစ်ပွားနေသူများဖြစ်သည်။ လတ်တလော ဖျားနာနေသူ၊ ကူးစက် ရောဂါတစ်မျိုးမျိုး ခံစားနေရသူတို့မှာမူ ဆိုင်းငံ့ပြီးမှ ထိုးနှံကြရမည်ဖြစ်သည်။

ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းများကို အခြေပြုထိုးနှံပေးနေပြီး လာမည့် ဒီဇင်ဘာလအတွင်း၌မူ ရပ်ကွက်ကို အခြေပြု၍ ထိုးပေးသွားမည်ဖြစ်ရာ ဆေးမထိုးသင့်သူများမှလွဲ၍ မိသားစုတိုင်း၊ ကလေးတိုင်း ဆေးထိုးခွင့် အခွင့်အရေးကို ရယူ၍ ကြောက်စရာ ဂျပန်ဦးနှောက်ရောင်ရောဂါ အန္တရာယ်မှ ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။



ရပ်ကွက်အုပ်ချုပ်ရေးမှူး ပြန်လည်ရွေးချယ်တင်မြှောက်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးရွေးချယ်ပွဲကို နိုဝင်ဘာ ၂၀ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က ရွေးချယ်ပွဲဆိုင်ရာ စည်းမျဉ်းများကို ရှင်းလင်းပြောကြားစဉ်။
တင်ဝင်းလေး(ကြည့်မြင်တိုင်)

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ၏ သံတမန်ရေး ကြိုးပမ်းမှု

(၁၃)ကြိမ်မြောက် အာရှ-ဥရောပ (အေဆမ်)နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို နေပြည်တော်၌ အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ပါသည်။ အေဆမ်အဖွဲ့အစည်းသည် ကမ္ဘာ့ဂျီဒီပီ၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသကဲ့သို့ ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားသော အဖွဲ့အစည်းလည်း ဖြစ်ပါသည်။ ပိုမိုပြည့်စုံမှုရှိစေရန် တင်ပြရပါက အေဆမ်အဖွဲ့အစည်းသည် ကမ္ဘာ့ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းကို ကိုယ်စားပြုထားသော အဖွဲ့အစည်းဖြစ်ပါသည်။ ဤမျှကျယ်ပြန့်သော အဖွဲ့အစည်း၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို နိုင်ငံတော်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် ဝမ်းမြောက်ဂုဏ်ယူရမည့် ကိစ္စတစ်ရပ် ဖြစ်ပါသည်။

အေဆမ်၏ မိတ်ဖက်နိုင်ငံ ၅၁နိုင်ငံနှင့် ဒေသဆိုင်ရာအဖွဲ့ကြီး နှစ်ခု တို့အတွင်း သဘောတူညီချက်တစ်ရပ်ရရှိရန် ညှိနှိုင်းဆွေးနွေးရသော ကိစ္စရပ်သည် လွန်စွာခက်ခဲသော ကိစ္စရပ်ဖြစ်သော်လည်း ဉက္ကဋ္ဌ၏ ထုတ်ပြန်ချက်ကို (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ထုတ်ပြန်နိုင်ခဲ့ပါသည်။ (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်း၍ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အာရှနှင့်ဥရောပကြား ချိတ်ဆက်မှုမြှင့်တင်ပေးရန် ရည်ရွယ်ချက်အရ ချိတ်ဆက်မှု၏ အဓိပ္ပာယ်သတ်မှတ်နိုင်ရေးအရေးကြီးသည်ကို အလေးအနက်ထား ပြောကြားခဲ့သည်သာမက (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ အေဆမ်နိုင်ငံများအတွင်း ချိတ်ဆက်မှု အဓိပ္ပာယ်သတ်မှတ်ရေးဆိုင်ရာ သဘောတူညီချက်အပါအဝင် လုပ်ငန်းနယ်ပယ်၊ လုပ်ငန်းသတ်မှတ် ကာလနှင့် အေဆမ်ချိတ်ဆက်မှု လုပ်ငန်းများအပေါ် သဘောတူညီချက်တို့ ရရှိခဲ့သည်ကို တင်ပြခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်း အေးချမ်းတည်ငြိမ်မှု၊ အေဆမ်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှု၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုများကို ကာကွယ်တိုက်ဖျက်မှု၊ မူးယစ်ဆေးဝါး၊ ရွှေ့ပြောင်းသွားလာမှု၊ တရားမဝင် ငါးခိုးဖမ်းမှု၊ လက်နက်ဖျက်သိမ်းမှု၊ နျူကလီးယားလက်နက်နှင့် လူအစုလိုက် အပြုံလိုက်သေစေသည့် လက်နက်များ မပြန့်ပွားရေး၊ ဆိုက်ဘာလုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အရည်အသွေးမြင့် အခြေခံအဆောက်အအုံများ တိုးချဲ့မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ မူဘောင်မှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း စသည့် ကိစ္စရပ်များ အလေးထားဆွေးနွေးခဲ့ကြောင်း တင်ပြခဲ့ပါသည်။

သီးသန့်ဆွေးနွေးပွဲ၌ ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များအပေါ် လက်တွေ့ကျကျ၊ ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ခြင်းသည် အေဆမ်၏ အနာဂတ်လုပ်ငန်းစဉ်များအတွက် အထောက်အကူဖြစ်စေမည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သုံးသပ်တင်ပြခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဤဆွေးနွေးမှုများသည် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးမည်သာမက မြန်မာပြည်သူများအတွက်လည်း အပြန်အလှန်အကျိုးကျေးဇူးများ ရရှိစေမည်ဟု မီးမောင်းထိုးတင်ပြခဲ့ပါသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မစ္စတာ ကိုဖီအာနန်၏ အကြံပြုချက်အပေါ် အမြင်အမျိုးမျိုးရှိနေခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ရာ၌ ရေရှည်ဆောင်ရွက်ရမည့် သဘောသဘာဝရှိခြင်းကို တင်ပြသကဲ့သို့ နေရပ်စွန့်ခွာထွက်ပြေးသွားသူများအား ဉပဒေနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား MoU လက်မှတ်ရေးထိုးရန်ရှိကြောင်းတင်ပြခဲ့ခြင်းတို့သည် နိုင်ငံတကာက မြန်မာနိုင်ငံ၏ ရပ်တည်ချက်အပေါ် အပြည့်အဝ နားလည်နိုင်ရေးအတွက် အထောက်အပံ့ကောင်းတို့ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**လွိုင်ကော် နိုဝင်ဘာ ၂၂**
ကယားပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအား ပိုမိုဆွဲဆောင်နိုင်စေရန်အတွက် ခရီးစဉ်အသစ်များဖော်ထုတ်ခြင်းနှင့် လက်ရှိခရီးစဉ်ဒေသများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ယခင်က မိုးပြဲဆည်ရေတံခါးကြံ့ခိုင်မှုအခြေအနေများကြောင့် အဖွင့်၊ အပိတ်ပြုလုပ်ခြင်းကို ဆောင်ရွက်ခြင်း မပြုနိုင်ဘဲရပ်ဆိုင်းထားခဲ့ရပြီး ယခုအခါ မိုးပြဲရေတံခါး အဖွင့်၊ အပိတ်ပြုလုပ်ပြီး အင်းလေးဒေသမှတစ်ဆင့် ခရီးသွားဧည့်သည်များ ကယားပြည်နယ် လွိုင်ကော်မြို့သို့ စက်လှေဖြင့် ဝင်ရောက်သည့် ခရီးစဉ်အသစ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် မိုးပြဲရေကာတာ ရေတံခါးကို အဖွင့်၊ အပိတ်ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ ခရီးစဉ်အသစ်တစ်ခုအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၁ ရက်က မိုးပြဲသို့ရောက်ရှိခဲ့ပြီး ရေတံခါးအဖွင့်၊ အပိတ်ဆောင်ရွက်မှု၊စက်လှေများ ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဖယ်ခုံသတင်းနှင့် ပြန်ကြားရေးကောင်တာတွင် information center ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းအထောက်အကူပြုစေရေးအတွက် ဝန်ဆောင်ပေးနေမှု၊ ဖယ်ခုံမှတစ်ဆင့်အင်းလေးအထိ ၄ နာရီခန့် ရေလမ်းကြောင်းဖြင့်သွားရောက်လည်ပတ်နိုင်ပြီး လွိုင်ကော်ခရီးစဉ် ဆောင်ရွက်နိုင်ရေးအတွက် ကြည့်ရှုလေ့လာကြသည်။

ပြည်နယ်(ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၂-၁၁-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၆၀/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၀/၈၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ ·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ ·၀ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၆၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၀၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၈ ·၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

နေပြည်တော် နိုဝင်ဘာ ၂၂

**တရုတ်နိုင်ငံ ယိချန်းမြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Sanxia လေဆိပ်မှထွက်ခွာကြပြီး ပေကျင်းမြို့ရှိ Nanyuan လေဆိပ်သို့ ရောက်ရှိကြရာ အာရှရေးရာဗျူရိုမှူး Sir. Col. Liu Zhongbin နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ရောက်ရှိကြပြီး သံရုံး၊ စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင်သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် Gen. Li Zuocheng က ယနေ့မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ Ba Yi ခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ်တို့သည် Ba Yi ခန်းမဆောင်ရှိ အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် Gen. Li Zuocheng တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။** သတင်းစဉ်



# (၁၈)ကြိမ်မြောက် အာဆီယံကြည်းတပ် ဦးစီးချုပ်များ အစည်းအဝေး အကြို ညစာစားပွဲ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 18th ASEAN Chiefs of Army Multilateral Meeting- ACAMM XVIII အကြိုညစာစားပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် ဒေသ စံတော်ချိန် ည ၇ နာရီက စင်ကာပူနိုင်ငံ Swissotel Stamford Hotel ၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လုပ်သက်ရင့်အရာခံဗိုလ် အစည်းအဝေးသို့ တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဓါတ်ပုံ)**

**သတင်းစဉ်**

*ရှေ့ဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့်တောင်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုးဆက်လက်ထစ်ချုန်းရွာမည်**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

*ရှေ့ဖုံးမှ*

အဆင့်ဆင့်တွင်ပါဝင်သော အရပ်သားကိုယ်စားလှယ်များ တွေ့ဆုံသည့် ဒုတိယအကြိမ် အစည်းအဝေးကျင်းပခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ လုပ်ထုံးလုပ်နည်း (SOP) များအား ဆွေးနွေးအတည်ပြုခြင်းတို့အပြင် အထွေထွေဆွေးနွေးမှုများအဖြစ် JMC-L (လင်းခေး)တွင် အဖွဲ့ဝင်တစ်ဦးစီ တိုးမြှင့်ရေးတင်ပြခြင်း၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွက် ရန်ပုံငွေထောက်ပံ့သည့် အလှူရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့ တစ်ဖွဲ့ချင်းစီအတွက် အားနည်းချက်၊ အားသာချက်များတင်ပြခြင်း၊ TSC ဝန်ထမ်းများအတွက် လုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း၊ JMC- TSC ဌာနအလိုက် လုပ်ငန်းတာဝန်များနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများတင်ပြခြင်း၊ ပြည်သူလူထုတွေ့ဆုံပွဲများအား JMC ရုံးစိုက်ရာမြို့များတွင် ကျင်းပပြုလုပ်ရန် တင်ပြခြင်း၊ မိုင်းရှင်းလင်းရေးကိစ္စရပ်တင်ပြခြင်း စသည်တို့ကို ပြုလုပ်ကြသည်။

အစည်းအဝေးအပြီး ညနေပိုင်းတွင် အဆိုပါအစည်းအဝေးနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်ရာ JMC-U အတွင်းရေးမှူး (၁) ဒေါက်တာ ရွှေခါးရ်က ယခုအစည်းအဝေးတွင် မိမိတို့ JMC-U သာမက JMC-S နှင့် JMC-L တို့မှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားပြီး စုံစုံလင်လင် ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် လူထုတွေ့ဆုံပွဲ ဆွေးနွေးမှုကိစ္စရပ်များကို ဆွေးနွေးရာတွင် အဓိကအနေဖြင့် လူထုတွေ့ဆုံပွဲများတွင် အရပ်သားကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ လုပ်ဆောင်နိုင်ရန်နှင့် လူထုတွေ့ဆုံပွဲများကျင်းပမည့် နေရာများကို ဆွေးနွေးခဲ့ကြောင်း၊ စစ်စစ်အတည်ပြုရေးလုပ်ငန်းများတွင် အရပ်သားများကသာ လုပ်ဆောင်ရသည့်အတွက်ကြောင့် အထူးသဖြင့် JMC တွင်ပါဝင်သည့် အရပ်သားများအတွက် စိစစ်အတည်ပြုရေးဆိုင်ရာ စွမ်းရည်မြှင့်တင်မှုကို အခါအားလျော်စွာ လုပ်ဆောင်ရန် စီစဉ်ထားကြောင်း၊ ယခုအချိန်အထိ JMC ကိုထူထောင်ပြီးနောက်ပိုင်း JMC-U နှင့် JMC-S တို့တွင် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်သည့် တိုင်ကြားချက်စုစုပေါင်း ၂၈၅ ချက်ကို လက်ခံရရှိထားကြောင်း၊ ယင်းတို့အနက် ယနေ့အထိ ၁၈၂ ချက်ကို ဖြေရှင်းနိုင်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်၌ တိုင်ကြားချက် ၁၂၀ ရှိသည့်အနက် ၂၉ ချက်ကို ဖြေရှင်းပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည်များကိုလည်း ဆက်လက်ဖြေရှင်းနေဆဲဖြစ်ကြောင်း ပြောကြားသည်။



**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၃)ကြိမ်မြောက် အစည်းအဝေးနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။**

ထို့နောက် မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် JMC-U အတွင်းရေးမှူး (၁) ဒေါက်တာ ရွှေခါးရ်နှင့် JMC-U အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်တို့က ပြန်လည်ဖြေကြားသည်။

ထို့အပြင် အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးနှင့် ပဋိပက္ခ စိစစ်အတည်ပြုရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးပြီး ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (လင်းခေး)တွင် အဖွဲ့ဝင်နှစ်ဦး တိုးချဲ့ဖွဲ့စည်းရန်၊ JMC နှင့် ပြည်သူလူထုတွေ့ဆုံပွဲများကို JMC-S ရုံးစိုက်ရာမြို့များနှင့် အခြားမြို့များတွင် JMC-S များ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ကျင်းပသွားရန်၊ JMC-U အရပ်သားကိုယ်စားလှယ်များ ဦးဆောင်သော စိစစ်အတည်ပြုရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ခြောက်လလျှင် တစ်ကြိမ် ပြုလုပ်သွားရန်တို့အပြင် JMC-U ၏ အလှည့်ကျ ဒုတိယဥက္ကဋ္ဌ (၂)အဖြစ် ဦးပြည့်စုံအား ဒီဇင်ဘာ ၁ ရက်မှ မေ ၃၀ ရက်အထိ တာဝန်ထမ်းဆောင်စေရန်နှင့် မိသားစု ကျန်းမာရေးအခြေအနေကြောင့် နုတ်ထွက်ခွင့်တောင်းခံထားသော JMC-U အရပ်သားကိုယ်စားလှယ် သူရ ဦးတင်လှ အစား သူရ ဦးဘိုနီကို ပြောင်းလဲတာဝန်ပေးအပ်ရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း ယနေ့ အစည်းအဝေးအပြီး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# လွှတ်တော်အရည်အသွေး မြှင့်တင်ရေး အကျိုးရလဒ် သုံးသပ်ရေးအဖွဲ့(၁/၂၀၁၇) အစည်းအဝေး




**နေပြည်တော် နိုဝင်ဘာ ၂၂**
ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ မြန်မာလွှတ်တော်သို့ ကူညီထောက်ပံ့ပေးရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ လွှတ်တော်အရည်အသွေးမြှင့်တင်ရေးအကျိုးရလဒ် သုံးသပ်ရေးအဖွဲ့ အစည်းအဝေး (Output Board Meeting) ကို နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် ဇမ္ဗူသီရိ ခန်းမဆောင်ရှိ လွှတ်တော်သင်ကြားရေးဌာန၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။ (ဓါတ်ပုံ)

အစည်းအဝေးသို့ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အဖွဲ့ဝင်များ၊ UNDP နှင့် IPU အပါအဝင် မိတ်ဖက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပအလှူရှင်များဖြစ်သည့် ဩစတြေးလျ၊ ဒိန်းမတ်၊ ဖင်လန်၊ ဆွီဒင်နှင့် ဗြိတိန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ်အတွင်း UNDP ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အကဲဖြတ်ဆန်းစစ်မှုများနှင့် စပ်လျဉ်း၍ ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၂
**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးစီးကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်အတွင်း ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ကျင်းပခြင်းသည် ရန်ကုန်တက္ကသိုလ်၏ ရာပြည့်အခမ်းအနားကို ကြိုဆိုခြင်းလည်းဖြစ်သည်။

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ လူငယ်ပွဲတော်ကိုကျင်းပရခြင်းဖြစ်ပြီး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်များစိတ်ပါဝင်စားစွာ ပါဝင်နိုင်ရန်၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အထောက်အကူဖြစ်စေရန်နှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# (၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**
(၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ အတွင်းရေးမှူးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ဗိုလ်ချုပ် စန်းမြင့်၊ ဗိုလ်မှူးချုပ် စိန်ထွန်းလှ၊ ဦးမျိုးဝင်း၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်၊ စောကျော်ညွှန့်၊ စောစိန်ဝင်း၊ စိုင်းကျော်ညွှန့်၊ မင်းကျော်ဇေယျာဦး၊ ဦးတာလှဖေ၊ ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မူဘောင် (Frame work)၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (SoP)များနှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၏ Structure, Decision Making Concept, Composition, National Dialogue စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ - နီပေါ လေကြောင်း ပျံသန်းနိုင်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၂**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhim K. Udas အား အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား နှစ်နိုင်ငံ လေကြောင်းဆက်သွယ်ပျံသန်းနိုင်ရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ကုန်းလမ်းကွန်ရက် ဆက်သွယ်ဆောင်ရွက်နိုင်ရေး အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင်နှင့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၂ ရက်က ဒုံဝန်းဘူတာမြောက်ဘက်ခြမ်း ရန်ကုန်-မော်လမြိုင် ရထားလမ်းဘေးရှိ ချုံနွယ်များအားရှင်းလင်းကာ သန့်ရှင်းရေးဆောင်ရွက်စဉ်။
၁၃၈

# ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်၊ အချုပ်စခန်းများနှင့် ရဲဘက်စခန်းများစစ်ဆေး

**သီပေါ နိုဝင်ဘာ ၂၂**
ရှမ်းပြည်နယ်တရားလွှတ်တော်မှ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးခင်မောင်ဌေးသည် ကျောက်မဲခရိုင်အတွင်းရှိ အကျဉ်းထောင်၊ ရဲဘက်စခန်း၊ ရဲစခန်းအချုပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုဝင်ဘာ ၂၂ ရက်က သီပေါရှိ အကျဉ်းထောင်ကိုရောက်ရှိပြီး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးခင်မောင်ဌေးက အကျဉ်းထောင်နှင့် ရဲဘက်စခန်းများရှိ အကျဉ်းသားများ လိုအပ်သောဆေးဝါးများ ဝယ်ယူနိုင်ရန် ထောင်မှူးကြီးနှင့် ရဲဘက်စခန်း ဆရာဝန်တို့ထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေးဆွေးနွေး

**သဲကုန်း နိုဝင်ဘာ ၂၂**
သဲကုန်းမြို့နယ် ဇလဲ့အုပ်စု ဇလဲ့စိုက်ပျိုးရေး အထွက်တိုးစခန်း၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးနှင့် ဦးဇော်လင်းထိုက်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကိုမောင်တို့က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးပြီး တက်ရောက်လာသော တောင်သူများအား လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲ ကတိကဝတ်ပြုချက် မြန်မာနှင့် နယူးဇီလန် နှစ်နိုင်ငံ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် နယူးဇီလန်နိုင်ငံ အစိုးရတို့အကြား ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကတိကဝတ်ပြုချက် (၂၀၁၇-၂၀၂၁) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နယူးဇီလန်နိုင်ငံမှ Parliamentary Undersecretary of Foreign Affairs, H.E. Mr. Fletcher Tabuteau ၊ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန် သံအမတ်ကြီး H.E. Mr. Steve Marshall နှင့် နယူးဇီလန် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် နယူးဇီလန်နိုင်ငံအစိုးရတို့အကြား ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကတိကဝတ်ပြုချက် (၂၀၁၇-၂၀၂၁)ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီး H.E. Mr. Steve Marshall တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ ပူးတွဲကတိကဝတ်ပြုချက်အရ မြန်မာနိုင်ငံ၏ ဦးစားပေးနယ်ပယ်များဖြစ်သည့် စိုက်ပျိုးရေး၊ အသိပညာနှင့် ကျွမ်းကျင်မှု၊ ပြည့်ဖြိုးမြဲစွမ်းအင်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု အစရှိသည့် နယ်ပယ်များတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယူးဇီလန်နိုင်ငံမှ အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ သင်တန်းများနှင့် ပညာသင်ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူး Mr. Knut Ostby အား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး Mr. Knut Ostby ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် မြန်မာ့တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှု ပပျောက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုနဲ့ အစွန်းရောက်မှုတွေကို ပြတ်ပြတ်သားသား ကိုင်တွယ်ဖြေရှင်းဖို့ အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် သဘောတူညီချက်ရရှိခဲ့

**(၁၃)ကြိမ်မြောက် အာရှ- ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသော အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. vijay Kumar singh အား မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ရခိုင်ဒေသပြဿနာတို့နှင့် စပ်လျဉ်းပြီး မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားမှုများကို ပြန်လည်ဖော်ပြအပ်ပါသည်။**

**မေး ။ မြန်မာနိုင်ငံမှာ အကောင်ထည်ဖော်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များရဲ့ အသီးအပွင့်တွေကို မြန်မာပြည်သူတွေ ဆောလျင်စွာ အကျိုးခံစားရအောင် ဘယ်လို လုပ်ဆောင်ရမလဲဆိုတာ အကြံဉာဏ်လေးပေးစေလိုပါတယ်။**

ဖြေ ။ ဒီမိုကရေစီနိုင်ငံတွေမှာ ပြည်သူတွေဟာ မရှိမဖြစ်လိုအပ်တဲ့ အစိတ်ပိုင်းတစ်ရပ်ဖြစ်ပြီး ပြည်သူတွေရဲ့ ဆန္ဒတွေကို ဖော်ဆောင်ပေးရတဲ့ အလေ့အကျင့်တစ်ခု ဖြစ်ပါတယ်။ ဥပမာပြရရင် အိန္ဒိယနိုင်ငံမှာ အောက်ခြေအဆင့်ဖြစ်တဲ့ ကျေးရွာအဆင့်မှာ ကျေးရွာကော်မတီတွေ၊ အင်စတီကျူးရှင်းတွေထားရှိပြီး ဒေသဆိုင်ရာအဆင့်မှာတော့ မြူတီစပယ် အင်စတီကျူးရှင်းတွေထားရှိပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ ပြည်သူတွေနဲ့ တိုက်ရိုက်ပတ်သက်ဆက်နွှယ်မှုရှိနေပါတယ်။ နိုင်ငံတော်အဆင့် ပါလီမန်တွေမှာတော့ လူထုကိုကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေရှိပြီး ပြည်သူ့အကျိုးကို သယ်ဆောင်ကြရပါတယ်။ အဲ့ဒီပြည်သူ့ကိုယ်စားလှယ်တွေဟာ အစိုးရနဲ့ ပြည်သူအကြား ပေါင်းကူးပေးတဲ့သူတွေဖြစ်တဲ့အတွက် အစိုးရရဲ့လုပ်ငန်းတွေကိုလည်း အထောက်အကူပြုပေးပါတယ်။ ဒီမိုကရေစီ နိုင်ငံတိုင်းဟာ ပြည်သူတွေရဲ့ လိုအပ်ချက်နှင့်အညီ ဒီမိုကရေစီကျကျ ရွေးကောက်ထားတဲ့ ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် သူတို့တွေမှာ ပြည်သူ့အကျိုးဖော်ဆောင်ဖို့ လုပ်ပိုင်ခွင့်အပြည့်အဝ အပ်နှင်းထားရပါတယ်။ ကျေးရွာမှာ လျှပ်စစ်မီး၊ ရေ၊ လမ်းတံတားတွေ ပြည့်ပြည့်စုံစုံမရှိတဲ့အခါ ပါလီမန်ကို တင်ပြရပြီး အမှန်တကယ်လိုအပ်တဲ့ လုပ်ငန်းတွေ အမြန်ဆုံးအကောင်ထည်ဖော်နိုင်ဖို့ ဆောင်ရွက်ပေးရတဲ့သူတွေ ဖြစ်တဲ့အတွက် ဒီမိုကရေစီစနစ်ကျင့်သုံးနေတာ ပြည်သူတွေရဲ့အကျိုးစီးပွားကို အလျင်မြန်ဆုံး ဖော်ဆောင်နိုင်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီမိုကရေစီ ရင့်သန်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို ပြည်သူတွေ ဆောလျင်စွာ ခံစားရမှာပဲဖြစ်ပါတယ်။

**မေး ။ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ဘယ်လိုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံလိုပါသလဲ။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဘယ်လိုဆွဲဆောင်ရမလဲဆိုတာ အကြံဉာဏ်ပေးစေလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံမှာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံနိုင်တဲ့ နယ်ပယ်တွေ အမြောက်အမြားရှိနေပါတယ်။ အထူးသဖြင့် ပြည်သူတွေက လည်ပတ်တဲ့ အသေးစားစီးပွားရေး လုပ်ငန်းတွေကို မြှင့်တင်ဖို့ လိုအပ်ပါတယ်။ မြှင့်တင်နိုင်တဲ့ အနေထားလည်းရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အသေးစားနှင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုက်ရိုက်အချိုးကျပါတယ်။ အိန္ဒိယနိုင်ငံမှာဆိုရင် ကဏ္ဍတိုင်းမှာ အခြေခံပြည်သူတွေအတွက် အသေးစား စီးပွားရေးလုပ်ငန်းတွေ တည်ထောင်ထားရှိပါတယ်။ ဒီဟာတွေဟာ ကုန်ပစ္စည်းထုတ်လုပ်ရေးရဲ့အခြေခံကျဆုံးလုပ်ငန်းဖြစ်ပါတယ်။ ဒီကနေတစ်ဆင့် ပြည်သူတွေရဲ့တစ်ဦးချင်းဝင်ငွေကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် စွမ်းအင်ကဏ္ဍ၊ သစ်တောကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ စက်မှုကဏ္ဍတွေ ရှိပါတယ်။ ထို့အတူ ပို့ဆောင်ရေးကဏ္ဍမှာလည်း အလားအလာကောင်းတွေ ရှိပါတယ်။ မြန်မာအစိုးရအနေနဲ့ ထိုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရင် အိန္ဒိယနိုင်ငံက လုပ်ငန်းရှင်တွေ အပါအဝင် ပြည်ပလုပ်ငန်းရှင်တွေ ဝမ်းမြောက်စွာနဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ်လို့ မြင်ပါတယ်။



**မေး ။ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်နဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း အကျပ်အတည်းနဲ့ ပတ်သက်ပြီး ကူညီပံ့ပိုးဖို့ ရှိပါသလားဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ရခိုင်မြောက်ပိုင်း အကျပ်အတည်းပြဿနာဟာ မြန်မာ အစိုးရနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရတို့အကြား ဆက်နွှယ်နေတဲ့ အရေးကိစ္စတစ်ခုဖြစ်ပါတယ်။ အဲ့ဒီပြဿနာမှာ အစိတ်အပိုင်း နှစ်ပိုင်းရှိတယ်လို့ မြင်ပါတယ်။ ပထမအစိတ်အပိုင်းကတော့ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ဖြစ်ပါတယ်။ ဒုတိယအစိတ်အပိုင်းကတော့ နယ်မြေတည်တံ့ခိုင်မြဲရေးနဲ့ ပြဿနာဟာ ဘယ်လောက် ထိလွယ်ရှလွယ်လဲဆိုတာ သက်ဆိုင်ရာ နိုင်ငံတွေရဲ့ ရှုမြင်ပုံပဲဖြစ်ပါတယ်။ လိုအပ်ချက်အနေနဲ့က နေရပ်စွန့်ခွာထွက်ပြေးသူတွေ ပြန်လည်ရောက်ရှိရေးနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ အမှန်တကယ် လိုအပ်တဲ့သူတွေထံ ရောက်ရှိဖို့အတွက် မြန်မာနိုင်ငံအစိုးရနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရတို့ သဘောတူညီချက်တစ်ရပ် ချုပ်ဆိုနိုင်ရေး လိုအပ်ပါတယ်။ ရခိုင်ဒေသမှာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ကာလရှည် အခြေချနေထိုင်မှုတွေ ပြုလုပ်နိုင်မယ်ဆိုရင် လက်ရှိပြဿနာကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ အိန္ဒိယအစိုးရအနေနဲ့ လိုအပ်ရင်လိုအပ်သလို အကူအညီပေးသွားမှာ ဖြစ်ပါတယ်။

**မေး ။ မြန်မာနဲ့ အိန္ဒိယနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေနဲ့ အနာဂတ် ပူးပေါင်းဆောင်ရွက်မှု အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ ။ လက်ရှိအခြေအနေမှာ နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုတွေရှိနေပါတယ်။ အထူးသဖြင့် စွမ်းအင်ကဏ္ဍနဲ့ အခြေခံအဆောက်အအုံမြှင့်တင်ရေးဆိုင်ရာ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိနေပါတယ်။ လက်ရှိမှာတော့ ဖက်စပ်လုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖို့ အိန္ဒိယနိုင်ငံဘက်က အဆိုပြုထားတာတွေရှိပါတယ်။ ဒီပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍတွေကနေ မြန်မာပြည်သူအတွက် အကျိုးများစွာ ဖော်ဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ထို့အတူပဲ စက်မှုလုပ်ငန်းကဏ္ဍတွေမှာ အိန္ဒိယက စိတ်ဝင်စားမှုရှိပြီး နယ်ပယ်တော်တော်များများမှာ ပူးပေါင်းဆောင်ရွက်လိုပါတယ်။

**မေး ။ (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနဲ့ပတ်သက်ပြီး သဘောထားမှတ်ချက်ကို သိလိုပါတယ်။**

ဖြေ ။ အစည်းအဝေးကျင်းပတဲ့ နှစ်ရက်တာကာလအတွင်း အကြောင်းအရာတော်တော်များများကို ကျွန်တော်တို့ ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော့်အနေနဲ့ အာရှနှင့် ဥရောပက နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ တွေ့ဆုံပြီး အမြင်ချင်းဖလှယ်နိုင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ အကြမ်းဖက်မှုနဲ့ အစွန်းရောက်မှုတွေကို ပြတ်ပြတ်သားသား ကိုင်တွယ်ဖြေရှင်းဖို့ကိစ္စမှာ သဘောတူညီချက် ရရှိခဲ့ကြပါတယ်။ အကြမ်းဖက်မှုကို ထောက်ပံ့တဲ့သူတွေကို ထိရောက်တဲ့ ဥပဒေနဲ့အရေးယူဖို့ ဆိုတာတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ အကြမ်းဖက်မှုအားလုံးနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေ မျှဝေကြဖို့လည်း ဆုံးဖြတ်ခဲ့ကြပါတယ်။ ထို့အတူ ရာသီဥတုပြောင်းလဲမှုတွေကို ဘယ်လိုကိုင်တွယ် ဖြေရှင်းရမလဲဆိုတာနဲ့ ပတ်သက်ပြီး သဘောတူညီချက် ရရှိခဲ့ကြပါတယ်။ နေရောင်ခြည်စွမ်းအင်နဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုနဲ့ ပတ်သက်ပြီး ဆွေးနွေးနိုင်ခဲ့ကြတာ ပြည်သူတွေအတွက် များစွာအကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။

**ဘာသာပြန်-ကျော်သဲအိမ်**

# ဖိတ်ခေါ်ပါသည် မြို့ထီလာ ဆီသို့

ဒေါက်တာဇော်

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ရေရှည်တည်တံ့ခရီးသွား ဖွံ့ဖြိုးမှုအတွက် ဖြည့်စွမ်းအား SUSTAINABLE TOURISM-A TOOL FOR DEVELOPMENT ဆောင်ပုဒ်ကို ယခုနှစ်အတွက် ချမှတ်ပြီး ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၇ ခုနှစ်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနား များကို စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း၏ အရေးပါမှုကို ပိုမိုသိမြင်စေရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ လူသားတို့သည် ရှေးနှစ်ပေါင်း ထောင်ချီကတည်းက လှေခေတ်၊ လှည်းခေတ်၊ ခြေလျင်ခေတ်ကပင် အကြောင်းအမျိုးမျိုးဖြင့် တစ်နေရာမှတစ်နေရာသို့ ခရီးသွားလာခဲ့ကြရာ ကုန်သွယ်ခြင်း၊ စီးပွားရှာခြင်း၊ လေ့လာခြင်း၊ နယ်မြေသစ်ချဲ့ထွင်ခြင်း၊ အပန်းဖြေခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟများထံသို့ လည်ပတ်ခြင်းဖြင့် ခရီးသွားခဲ့ကြသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများထဲတွင် ကုန်းတွင်းပိတ်လာအိုနိုင်ငံ၊ ကြည့်စရာရှေးဟောင်းအန်ကောဝပ်ဘုရားကျောင်းတစ်ခုတည်းသာရှိသော ကမ္ဘောဒီးယားနိုင်ငံတို့ ထက်ပင် ပြည်ပဧည့်သည်နည်းနေသေးသည်ကို တွေ့ရပြီး ကျွန်ုပ်တို့နိုင်ငံအနေဖြင့် များစွာကြိုးစားဖို့ လိုအပ်နေကြောင်း သိသာလှပေသည်။

မြန်မာနိုင်ငံမြောက်ပိုင်း ဆီးနှင်းဖုံးလွှမ်းနေသော တောင်များမှ တောင်ပိုင်းသဘာဝပတ်ဝန်းကျင်မထိခိုက်မပျက်စီးသေးသော မြိတ်ကျွန်းစု ၈၀၀ အထိ ကြည့်ရှုစရာ၊ လေ့လာစရာ တိုင်းရင်းသားများစွာတို့၏ ဓလေ့ထုံးစံများ၊ ရှေးဟောင်း အမွေအနှစ် ပေါများလှသောနိုင်ငံ၊ အဘယ်ကြောင့် ခရီးသွားလုပ်ငန်း မဖွံ့ဖြိုးရပါသနည်း။

အိမ်သာမှ ဧည့်လာမည်ဖြစ်ရာ မြန်မာပြည်သူပြည်သားများအနေဖြင့် မိမိတို့ရှိရင်းစွဲဖြစ်သော ဆက်ဆံရေးကောင်းခြင်း၊ ဧည့်ဝတ်ကျေပွန်ခြင်း၊ စိတ်ချမ်းမြေ့ခြင်း၊ ကြည်နူးဖွယ်ရှိခြင်း၊ သာယာလှပခြင်း၊ ဆွဲဆောင်မှုရှိခြင်း၊ တည်ငြိမ်အေးချမ်းခြင်း၊ ယဉ်ကျေးပျူငှာခြင်းနှင့် လှိုက်လှဲဖော်ရွေခြင်းစသည့် စိတ်ဓာတ်များအား ပြသရမည် ဖြစ်ပေသည်။

Meiktila T.T.C မှ Mr.Si Mon က ငြိမ်းအေးဝေစည်မြန်မာပြည်မဂ္ဂဇင်းတွင် အင်္ဂလိပ်လို ဤသို့ရေးသားခဲ့သည်။ မြန်မာဘာသာပြန်ရသော "မေတ္တာတရား၊ ဖော်ရွေမှု၊ ချစ်ခင်ကြင်နာမှုသည် မြန်မာလူမျိုးတို့၏ စရိုက်လက္ခဏာများ ဖြစ်သည်၊ ယင်းတရားများသည် ဗောဓိပင်ကြီးကဲ့သို့ ကျန်းမာသန်စွမ်းသည်မှာ ထိုအပင်ကြီးအား ဂရုတစိုက်ရေမှန်မှန်လောင်းခဲ့ခြင်းကြောင့် ဖြစ်သည်၊ သို့သော်လည်း မှန်မှန်ရေမလောင်း ဂရုမစိုက်က ခြောက်သွေ့ကာ သေဆုံးပြောင်းလဲသွားနိုင်သည်၊ ရောဂါပိုးမွှားအန္တရာယ်မှ မကာကွယ်ပါက ရောဂါရပြီး သေဆုံးနိုင်သည်၊ ချစ်ခင်ကြင်နာမှုမှ ဂရုမစိုက်မှု၊ ချစ်ခင်ကြည်နာမှုမှ အမုန်းတရားသို့၊ ဖော်ရွေမှုမှ လောဘနှင့် မုန်းတီးမှုသို့ ပြောင်းသွားနိုင်သည်"

ယခုခေတ်သည် ရုပ်ဝတ္ထုခေတ်မီတိုးတက်လာသည်နှင့် အပြိုင် လူတို့၏ လောဘသည် ပိုမိုကြီးထွားလာသည်။ ရိုးရာဗုဒ္ဓအဆုံးအမ ယဉ်ကျေးမှုများလည်း နည်းပါးလာရာဆင်းရဲသော မြန်မာနိုင်ငံအတွက် လူထုအတွင်းပြောင်းလဲမှုကို တွေ့လာရသည်။ နိုင်ငံတော်အစိုးရ၊ ဘာသာရေးခေါင်းဆောင်များ၊ တာဝန်သိလူကြီးများ ဝိုင်းဝန်း၍ တည့်မတ်ကြလျှင် ကျွန်ုပ်တို့နိုင်ငံသည် ငြိမ်းအေးသာယာ ဝေစည်ဖွံ့ဖြိုးသော နိုင်ငံအဖြစ် အလျင်အမြန်ရောက်လာမည် ဖြစ်ပေသည်။



ဤနေရာတွင် မိတ္ထီလာမြို့ ငြိမ်းအေးဝေစည်မြန်မာပြည်အသင်းကြီးသည် မိတ္ထီလာမြို့ဟိုတယ်လုပ်ငန်းရှင်အသင်းနှင့် ပူးပေါင်း၍ တာဝန်သိနိုင်ငံသားများအနေဖြင့် ယခုဆောင်းပါးအား ရေးသားရခြင်း ဖြစ်ပေသည်။

မိတ္ထီလာမြို့တွင် အလွန်လှပခံ့ညားထည်ဝါသော ရှေးဟောင်းသမိုင်းဝင် မိတ္ထီလာကန်ကြီးရှိသည်။ (အပေါ်ပုံ) ရှေးဦးကမ္ဘာတည်စကတည်းက တည်ရှိခဲ့သော ကန်တော်ကြီးအား မြတ်စွာဘုရားဘေးတော်၊ သိကြားမင်းကြီး၊ ရှေးမြန်မာမင်း ၁၇ ဆက်၊ ဗြိတိသျှအစိုးရ၊ နောက်ဆုံးသမ္မတဦးသိန်းစိန်အဆုံး ပြုပြင်ဆည်ဖို့ကြရာ ရေမှာစစ်ကိုင်း၊ လှိုင်းမှာ ပခန်းငယ်၊ လယ်မှာတောင်တွင်း၊ စပါးမှာရမည်းသင်း၊ အင်းမှာ တောင်သမန်၊ ကန်မှာမိတ္ထီလာဆိုရိုးအတိုင်း မိတ္ထီလာကန်တော်ကြီးမှာ နုပျိုသစ်လွင်၍ အလှကြီးလှဆဲဖြစ်သည်။

ဤမျှလှပသော မိတ္ထီလာကန်ကြီး၏ အလှအပအား နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ကောင်းစွာခံစားနိုင်စေရန် ကျွန်ုပ်တို့ကြိုးစားမည်ဆိုပါက တောင်သမန်အင်းထက်ပါသာသွား၍ အီတလီနိုင်ငံ ဗင်းနစ်မြို့နှင့် ယှဉ်ပြိုင်နိုင်မည် ဖြစ်ပေသည်။

မိတ္ထီလာကန်တော်အတွင်းရှိ ကုလားမကျွန်းအား ၁၂ ရာသီပတ်လုံး ပွဲများဖြင့် မပြတ်စည်ကားနေရန် စီစဉ်ရမည် ဖြစ်ပါသည်။ အထည်အလိပ်လုပ်ငန်းပြပွဲ၊ အစားအသောက်လုပ်ငန်းပြပွဲ၊ အနုပညာလုပ်ငန်းပြပွဲ၊ ကောက်ပဲသီးနှံအရောင်းအဝယ်လုပ်ငန်းပြပွဲ၊ ငြိမ်းချမ်းရေးပွဲတော်များအား လစဉ်လှေပြိုင်ပွဲများနှင့်တွဲ၍ ကျင်းပမည်ဖြစ်သည်။ လှေပြိုင်ပွဲများတွင် မိတ္ထီလာနယ်သာမကဘဲ တစ်ပြည်လုံးမှ လှေသမားများအား ဖိတ်ခေါ်ယှဉ်ပြိုင်မည်ဖြစ်သည်။ တစ်နှစ်တစ်ခါ ပြည်ပမှ လှေလှော်သမားများအား ဖိတ်ခေါ်၍ နိုင်ငံတကာလှေပြိုင်ပွဲကြီးအဖြစ် စည်စည်ကားကား၊ ခမ်းခမ်းနားနားကျင်းပမည်ဖြစ်သည်။ လှေပြိုင်ပွဲ ၁၂ ကြိမ်တွင် ခြောက်ကြိမ်မှာ လှေလှော်သမားများကို ဖိတ်ခေါ်ယှဉ်ပြိုင်မည်ဖြစ်သည်။ လှေပြိုင်ပွဲကျင်းပရာနေရာမှာ ယခုဖောင်တော်ဦးဘုရားပွဲတွင် ကျင်းပနေသော ဖောင်တော်ဦးဘုရား ကရဝိက်ဖောင်ရှေ့တွင်ပင် ကျင်းပမည်ဖြစ်သည်။ လှေများအားလုံးအား မိတ္ထီလာ၏ ပြယုဂ်အဖြစ် ကရဝိက်ပုံဆေးခြယ်ရမည်ဖြစ်သည်။ မိတ္ထီလာမြို့သားများ၏ လှေလှော်စွမ်းရည်အစဉ်မြင့်မားနေစေရန် မြင်တော်ကန်အင်းအတွင်း အစဉ်လေ့ကျင့်နေရပေမည်။

မိတ္ထီလာတောင်ကန်တော်နှင့် မြောက်ကန်တော်တို့တွင် လှေလှော်သွား၍ရသော ကရဝိက်ဖောင်တော်တစ်ခုစီထားပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ရှေးမြန်မာမင်းတို့၏ အဆောင်အယောင်ပြယုဂ်များဖြင့် မိတ္ထီလာကန်အလှအပအား လှည့်လည်ကြည့်ရှုခံစားနိုင်ရန် စီစဉ်ပေးမည်ဖြစ်ပြီး ပုံမှန်အားဖြင့် မိတ္ထီလာကန်တော်အတွင်းတွင် ကရဝိက်ပုံသဏ္ဌာန်ဆေးခြယ်ထားသော စက်လှေ၊ လက်ဖြင့်လှော်ခတ်သောလှေ၊ ငှက်တို့ဖြင့် ခရီးသွားများ ကန်တော်၏ အလှအပအား ကြည့်ရှုခံစားနိုင်ရန် စီစဉ်ပေးထားမည်။

ဤ Master Plan ကြီးအား စတင်အကောင်အထည်ဖော်ရန် ပထမဦးဆုံးအနေဖြင့် မိတ္ထီလာကန်တော်အတွင်း ကရဝိက်လှေ၊ ငှက်ကလေးများဖြင့် သွားလာနိုင်ရန်အဖြစ်နိုင်ဆုံး၊အစောဆုံးစီစဉ်ရမည်။ မိတ္ထီလာမြို့တွင်းနှင့် လက်လှမ်းမီသော အနီးအနားမှ လုပ်ငန်းရှင်များက လှေငှက်လုပ်ငန်း၊ လှေဆိပ်လုပ်ငန်းများအား စတင်၍ လုပ်ကိုင်နိုင်ရန် စီစဉ်ပေးရမည်ဖြစ်သည်။ ဤလုပ်ငန်းကြီး စတင်အကောင်အထည်ဖော်သည်နှင့်တစ်ပြိုင်နက် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ မိတ္ထီလာကန်တော်ကြီး အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုးတက်ဖွံ့ဖြိုးသာယာရေးတို့ကို အဓိကထား၍ စနစ်တကျလုပ်ငန်းများအား စီစဉ်ပေးသွားမည်ဖြစ်သည်။

ထို့နောက် တစ်ဆင့်ပြီးတစ်ဆင့် ကုလားမကျွန်းဘက်စုံဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ သီးနှံရောင်းဝယ်ရေးလုပ်ငန်း၊ အစားအစာဖွံ့ဖြိုးရေးလုပ်ငန်း၊ ယဉ်ကျေးမှုအနုပညာဝန်ကြီးဌာန၊ လုပ်ငန်းနှင့်ပတ်သက်သောသက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်းလုပ်ငန်းရှင်များ ၊ ပြည်ပလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပမှ မြန်မာနိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်နေသော အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ စုပေါင်းညီညာလုပ်ကိုင်သွားရန် ဖြစ်သည်။

မိတ္ထီလာကန်၏ အလှကို မိတ္ထီလာကန်မှ ဖြတ်သန်းလာသည့် သန့်ရှင်းလတ်ဆတ်သော လေကိုရှူရှိုက်ရင်း ကန်ပေါင်ပတ်လမ်းပေါ်တွင် စက်ဘီးစီး၍လည်းကောင်း၊ ရှုရှုပြေး၍လည်းကောင်း၊ လမ်းလျှောက်၍လည်းကောင်း ခံစားနိုင်သည်။ မိတ္ထီလာမြောက်ကန်တွင် တစ်ဆက်တစပ်တည်းပေ ၂၅၀၀၀ (၅)မိုင်မျှ ကန်ပေါင်ပတ်လမ်း အရှည်ရှိပါသည်။ မိတ္ထီလာတောင်ကန်တွင်မူ တစ်ဆက်တစ်စပ်တည်း တာပေါင်ပတ်လမ်း မရှိသော်လည်း ပေ ၄၄၀၀ တစ်ဖြတ်၊ ပေ ၂၂၀၀ တစ်ဖြတ်၊ ပေ ၁၁၀၀ တစ်ဖြတ်ဖြင့် ပေ ၇၇၀၀ ကျော်မျှ အရှည်ရှိသော ကန်ပေါင်တွင်လမ်းလျှောက်လျက် မိတ္ထီလာကန်၏ သဘာဝအလှအား တစ်ဝတည်းကြည့်ရှုနိုင်ပေသည်။

ပြည်တွင်းပြည်ပ ဧည့်သည်များဖြင့် အမြဲစည်ကားလာမည်ဖြစ်ရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသာမက တစ်ဆက်တစ်စပ်တည်းဖြစ်သော အခြားလုပ်ငန်းများစွာ ဖွံ့ဖြိုးလာမည်။ အထည်အလိပ် ပြည်တွင်း ပြည်ပပြပွဲ၊ ရိုးရာအစားအစာ ပြည်တွင်း ပြည်ပပြပွဲ၊ အနုပညာလက်ရာပြည်တွင်း ပြည်ပပြပွဲ၊ လယ်ယာထုတ်ကုန်ပြည်တွင်း ပြည်ပပြပွဲ၊ ငြိမ်းချမ်းရေးပွဲတော်များ ကျင်းပနိုင်ရန် တတ်ကျွမ်းသောသူများ၊ သုတေသနအသင်းများဖြင့် အလုပ်လုပ်ရမည်ဖြစ်သည်။ ၎င်းအသင်းများက အချက်အလက်များရှာဖွေခြင်း၊ ထုတ်ကုန်အရည်အသွေးတိုးတက်ရေး၊ နိုင်ငံတကာအကြိုက်၊ ပြည်တွင်းအကြိုက် ပြုပြင်ရေး၊ ခေတ်မီရေး၊ ဈေးကောင်းရရှိရေး ၊ ကြော်ငြာကဏ္ဍ၊ ကြိုဆိုဧည့်ခံရေးကဏ္ဍ၊ ဖျော်ဖြေရေးကဏ္ဍ၊ ဧည့်သည်များအား မိတ္ထီလာမြို့နှင့် ပတ်ဝန်းကျင်နေရာများသို့ လိုက်ပို့ရေးကဏ္ဍဖြင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များစွာ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ တစ်ဖက်က စီးပွားရေးတိုးတက်မှုနှင့်အတူ မြန်မာတို့၏ ဗုဒ္ဓဘာသာယဉ်ကျေးမှု ဓလေ့ထုံးစံများအား ပြန်လည်ထွန်းကား တိုးတက်လာအောင် လုပ်ကိုင်ရမည် ဖြစ်သည်။ သို့မှသာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကြီး၏ ရည်မှန်းချက်များဖြစ်သော စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခရီးသွားလုပ်ငန်း၏ အရေးပါမှုကို ပိုမိုဂရုစိုက်ရေးတို့ကို ကျွန်ုပ်တို့မြန်မာနိုင်ငံ မိတ္ထီလာရွှေမြို့တော်မှ ဤစီမံကိန်းဖြင့် ဖော်ဆောင်လိုကြောင်း ဤဆောင်းပါးဖြင့် ဖော်ပြအပ်ပါသည်။

မိတ္ထီလာကန်တော်ကြီး စည်ပင်ဖွံ့ဖြိုးတိုးတက်ရန် စုပေါင်းညီညာဝိုင်းဝန်း၍ လုပ်ဆောင်ကြပါစို့ဟု ဆော်ဩရင်း မိတ္ထီလာရွှေခေတ်မှ မြန်မာနိုင်ငံတော်ကြီး ရွှေခေတ်သို့ရောက်ရန် အမြန်ဆုံး အကောင်အထည်ဖော်ကြပါစို့ဟု ထပ်မံတိုက်တွန်းကြွေးကြော်ရင်း အသွေးအသားထဲမှ မေတ္တာစေတနာများဖြင့်။ ။

**"မိတ္ထီလာကန်ကြီး၏ အလှအပအား နိုင်ငံခြားသားခရီးသွားဧည့်သည်များ ကောင်းစွာခံစားနိုင်စေရန် ကျွန်ုပ်တို့ ကြိုးစားမည်ဆိုပါက တောင်သမန် အင်းထက်ပါ သာသွား၍ အီတလီနိုင်ငံ ဗင်းနစ်မြို့နှင့် ယှဉ်ပြိုင်နိုင်မည်"**

## တမာတန်း-ရေစကြို ကတ္တရာလမ်း တာပေါင်အောက်ခြေ မြေထိန်းနံရံ တည်ဆောက်လျက်ရှိ

**ရေစကြို နိုဝင်ဘာ ၂၂**

ပခုက္ကူခရိုင် ရေစကြိုမြို့တွင်းသို့ ဝင်ထွက်ရာ နေ့စဉ်အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်းမကြီးဖြစ်သည့် တမာတန်း-ရေစကြိုမြို့ဝင် ကတ္တရာလမ်းမကြီးဘေးနှုတ်ခမ်းတာပေါင်အားမြစ်ရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုမဖြစ်စေရန် အောက်ခြေမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ရေစကြိုမြို့လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခု မူလလက်ရှိ တမာတန်း -ရေစကြိုကတ္တရာလမ်းက တာပေါင်တင်ထားတဲ့လမ်းပါ၊ နှစ်တိုင်းတာပေါင်အောက်ခြေကို မြစ်ရေဝင်တော့ အောက်ခြေတာပေါင်နိမ့်ကျမသွားအောင် အောက်ခြေမြေထိန်း နံရံတည်ဆောက်နေတာပါ၊ နိုဝင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်နေတာပါ၊ ဒီဇင်ဘာလထဲမှာ အပြီးသတ်နိုင်မယ်လို့ခန့်မှန်းပါတယ်၊ အခုဖောင်ဒေးရှင်းလုပ်ငန်းကို ဆောင်ရွက်နေပါတယ်" ဟု ရေစကြိုမြို့လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ (၂) မြို့ပြ ဦးရာဇာဝင်းက ပြောသည်။

အဆိုပါအောက်ခြေမြေထိန်းနံရံတည်ဆောက်ခြင်းကို နှစ်စဉ်မြစ်ရေဝင်လေ့ရှိသော တမာတန်း -ရေစကြိုလမ်း၏ ညာဘက်ခြမ်းတွင်တည်ဆောက်လျက်ရှိပြီးအရှည် ပေ ၅၃၀၊ အမြင့် သုံးပေအဖြစ် တည်ဆောက်လျက်ရှိသည်ဟု သိရသည်။ အဆိုပါ အောက်ခြေမြေထိန်းနံရံတည်ဆောက်ခြင်းကို တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၂၂ ဒသမ ၇၁သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အိမ့္ဆွေ(ရေစကြို)**

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများကို ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် မူလ တောင်သူများလက်ဝယ်သို့ ပြန်လည်ရောက်ရှိရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



> **"သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက်အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ် ရယူထားမှုများ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလ တောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီများဖြင့် ပြန်လည် စိစစ်ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း"**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်အခွင့်အရေးကော်မတီ၏ လစ်လပ်သွားသော နေရာ၌ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်တင်ဆွေဝင်းအား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လစ်လပ်သွားသော အဖွဲ့ဝင်နေရာ၌ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ရဲနိုင်မျိုးအား အဖွဲ့ဝင်အဖြစ်လည်းကောင်း အစားထိုးဖွဲ့စည်းမည်ဖြစ်ပါကြောင်း၊ လွှတ်တော်သို့ တင်ပြပြီး ကော်မတီ အဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအုပ်စု သောက်သုံးရေ အထောက်အကူပြု နောင်ခိုက်လျှိုပိတ်တမံကြီး နုန်းဆယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နောင်ခိုက်ဆည်မှ ရေကို အနီးပတ်ဝန်းကျင်ရှိ ပန်းတန်၊ လွယ်ကောင်း၊ ဖာစန်း၊ ပုံးအောင် စသည့် ကျေးရွာများမှ ပြည်သူ ၁၅၀၀၀ ခန့်က နေ့စဉ် သောက်သုံးရေအတွက် အားထားအသုံးပြုလျက်ရှိပါကြောင်း၊ ယင်းဆည်အတွင်းသို့ တောင်ကျရေများ စီးဆင်းဝင်ရောက်ပြီး သဲနုန်းများ ပို့ချကာ တိမ်ကောလာလျက်ရှိသောကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တောင်ကျရေများကို တားဆီး ရေလွှဲထုတ်နိုင်ရန် ရေလွှဲမြောင်းပေါင် တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည့်အပြင် ဆည်ပေါင်မြှင့်တင်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆည်အတွင်း သဲနုန်းပို့ချမှုကြောင့် တိမ်ကောလျက်ရှိသဖြင့် သဲနုန်းတူးဖော်ရန်နှင့် ရေလွှဲမြောင်းပေါင်၏ အလျားပေ ၂၀၀ ခန့်ကို ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရန် လိုအပ်လျက်ရှိပြီး ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၉၅ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ဆည်အတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ရေလွှဲမြောင်းပေါင်အား မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်းလျာထား တောင်းခံခဲ့သော်လည်း ရန်ပုံငွေခွဲဝေရရှိမှု မရှိသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံပြီး ရန်ပုံငွေ ခွဲဝေရရှိလာပါက ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ နည်းပညာနှင့် စက်ယန္တရားများ အကူအညီဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ် ရှင်းလင်းဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၏ **စိုက်ပျိုးရေးကဏ္ဍ၌ နည်းပညာများ တိုးတက်လာစေရန်၊ ဒေသခံပြည်သူများ လက်တွေ့လုပ်ကိုင်လာနိုင်စေရန်အတွက် Farmer's Field School Programme များဖြင့် အထူးစီမံချက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လဟယ်မြို့နယ်အတွင်း လက်ရှိစိုက်ပျိုးလျက်ရှိသော ရွှေ့ပြောင်းတောင်ယာစနစ် စိုက်ပျိုးခြင်းကြောင့် သစ်တောများ ပြုန်းတီးခြင်းအား ကာကွယ်နိုင်ရန်၊ မြေဆီလွှာမှ အပင်အာဟာရဆုံးရှုံးမှုအား ကာကွယ်ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်စေရန် သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် တောင်စောင်းစိုက်ပျိုးနည်းစနစ်အား ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် နည်းပညာစံပြစိုက်ခင်းများ ဆောင်ရွက်ရန် စီမံထားရှိရာ ၂၀၁၈-၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီတွင် တိုက်ရံကျေးရွာအုပ်စု တိုက်ရံကျေးရွာ ငါးကေနှင့် စံပြ ၄၉ မိုင်ကျေးရွာတွင် ငါးကေ စုစုပေါင်း ၁၀ ကေကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လဟယ်မြို့နယ် ဂဟုန်း၊ အုံ့ပေါ်၊ လန်ခင်၊ လောင်ဝေါက်၊ တာလံနှင့် ထန်ပါခွေကျေးရွာများတွင် တောင်စောင်း စိုက်ပျိုးနည်းစနစ် နည်းပညာစံပြစိုက်ခင်းများကို ငါးနှစ်စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

Farmers' Field School များတွင် တောင်စောင်း စိုက်ပျိုးနည်းစနစ်တွင် အကောင်အထည်ဖော်စိုက်ပျိုးမည့် သီးနှံများအပါအဝင် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ အတွက် စိုက်ပျိုးနည်းစနစ်ဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိနိုင်ရန်အတွက် ပညာပေးဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ မျိုးကောင်း မျိုးသန့် သုံးစွဲစိုက်ပျိုးရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ စနစ်တကျ သုံးစွဲနည်းစနစ်များနှင့် သီးနှံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းစနစ်များကို တိုင်းဒေသကြီးအဆင့် ကျွမ်းကျင်ပညာရှင်များမှ တစ်နှစ်လျှင် လေးကြိမ်၊ ခရိုင်အဆင့် ကျွမ်းကျင်ပညာရှင်များမှ လစဉ်နှင့် ဒေသတွင်ရှိသည့် မြို့နယ်အဆင့် စိုက်ပျိုးရေးပညာရှင်များမှ ပညာပေးလုပ်ငန်းများကို တောင်သူများနှင့် အနီးကပ် ထိတွေ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးနှင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ပြည်သူ့လွှတ် တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက် အမျိုးမျိုးဖြင့် မြေလက်ဝါးကြီးအုပ် ရယူထားမှုများ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလတောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ် ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထီးချိုင့် မဲဆန္ဒနယ်မှ ဦးမောင်မောင်က တောင်သူများသည် အများအားဖြင့် ၁၉၉၀ နောက်ပိုင်းတွင် တိုးပွားလာသည့်လူဦးရေနှင့် စိုက်ပျိုးမြေ မလုံလောက်မှု၊ ရေဝတီမြစ်ကမ်းအနီးမှရွာများ ကမ်းပါးပြိုမှု အစရှိသည့် အကြောင်းများကြောင့် ရေဝတီမြစ်အရှေ့ဘက် ကုန်းမြင့်ရာ သစ်တောကြိုးဝိုင်းမြေများတွင် ဝင်ရောက်ခုတ်ထွင် ရှင်းလင်းပြီး တောင်ယာစပါးအတွက် ဦးစွာ စိုက်ပျိုးလုပ်ကိုင်ကြရာမှ နောက်ပိုင်းတွင် ပဲမျိုးစုံ၊ နှမ်းနှင့်ကြံများ စိုက်ပျိုးပြီး မိသားစု စားဝတ်နေရေးအတွက် ဖြေရှင်းရပ်တည်လာခဲ့ကြရပါကြောင်း၊ သစ်တောဌာနအနေဖြင့် ပြည်သူများမနစ်နာစေရန်အတွက် အောက်ခြေတွင် အမှန်တကယ် စွန့်လွှတ်သင့်သည်များကို ညှိနှိုင်းပြီး စွန့်လွှတ်ပေးနိုင်ရန် အထူးလိုအပ်သည်ကို မီးမောင်းထိုးပြလိုက်ရပါကြောင်း၊ ကျေးရွာလူထုနှင့် သစ်တောဝန်ထမ်းများအကြား ထိပ်တိုက်ကြုံတွေ့ရသည်မှာ များစွာရှိပါကြောင်း၊ ပြည်သူများ၏ အမြင်တွင် သစ်တောထွက်ပစ္စည်းများ ကားကြီးကားငယ်နှင့် ခိုးထုတ်နေကြသည်ကို ထိထိရောက်ရောက် အရေးမယူ မိပြန်လျှင် ပိုင်ရှင်မဲ့တကယ့်ဆင်းရဲသားပြည်သူများကို ညှာတာမှု၊ ကိုယ်ချင်းစာမှု မရှိဘူးဆိုသည့် အထင်မှား၊ အမြင်မကြည်မှုများဖြစ်ကြရပါကြောင်း၊ အောက်ခြေပြည်သူလူထုနှင့် နိစ္စဓူဝထိတွေ့နေသည့် အုပ်ချုပ်ရေးယန္တရား လက်တံများ မှန်မှန်ကန်ကန် အပြန်အလှန် အကျိုးပြုဆက်ဆံနိုင်ရန် မိမိတို့ကိုယ်စားလှယ်များက Parliamentrary Over-Sight သဘောအရ ချဉ်းကပ်ဆောင်ရွက်ရသည့်အခါ ကြုံတွေ့ရသည့် အခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများက သိရှိပြီး လိုအပ်သည့် ကွက်လပ်ကို ဖြည့်ဆည်းပေးလိုသည့်ဆန္ဒနှင့် တင်သွင်းသည့် ဦးထွန်းထွန်းနိုင်၏ အဆိုကို အကြောင်းအကျိုးနှင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းနှင့် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သစ်တောဖုံးလွှမ်းမှု တိုးမြင့်လာစေရန်အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ သစ်တောနယ်မြေနှင့် သစ်တောမြေပြင်များတွင် ခွင့်ပြုပေး လျက်ရှိပါကြောင်း၊ မြေလွတ်၊ မြေရိုင်းများ အသုံးပြုခွင့်လုပ်ပိုင်ခွင့် လျှောက်ထားသည့် မြေဧရိယာအတွင်းတွင် လက်ရှိလုပ်ကိုင်နေသည့် ဒေသခံတောင်သူ လယ်သမားများ၏ စိုက်ပျိုးမြေနေရာများ ပါဝင်နေမှုကို စိစစ်တွေ့ရှိရပါက ၎င်းတို့အနေဖြင့် တရားဝင်လုပ်ပိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင်အောင် နစ်နာမှုမရှိစေရေးအတွက် ၎င်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းသတ်မှတ်ထားပါကြောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများကို ပြန်လည်စွန့်လွှတ်အပ်နှံ လာမှုအပေါ် မူလတောင်သူများလက်ဝယ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ၎င်းတို့အား ပေးအပ် ထားသော လုပ်ငန်းတာဝန်များ၊ တည်ဆဲဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သစ်တောကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများတွင် ပုဂ္ဂလိက သစ်တောစိုက်ခင်းများ ခွင့်ပြုရာတွင် သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်အသုံးပြုခွင့်ချထားရာတွင် လက်ရှိအခြေအနေအထိ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် မူလလက်ငုတ်တောင်သူများ မပါရှိစေရေးနှင့် ပါရှိခဲ့ပါက နစ်နာမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံမြေများနှင့် ပတ်သက်ပြီး ၎င်းတို့အား ပေးအပ်ထားသော လုပ်ငန်းတာဝန်များ တည်ဆဲဥပဒေများနှင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိသည့်အလျောက် ယင်းအဆိုအား မှတ်တမ်းတင်ထားရှိနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် အဆိုရှင် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်တို့က ယင်းအဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူသဖြင့် လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကို နိုဝင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်**

# ဘားအံမြို့၌ ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမှုတစ္စ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်၍ မြှင့်တင်အောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုပြပွဲများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နှစ်စဉ်အလှည့်ကျ ကျင်းပဆောင်ရွက်ပေးလျက်ရှိပြီး ယခုနှစ်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ အာမခံကုန်လှောင်ရုံလုပ်ငန်းများ၊ စက်မှုဇုန် တည်ထောင်သည့် လုပ်ငန်းများ၊ ပို့ဆောင်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအား ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

အဆိုပါလုပ်ငန်းများအား ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံသား၊ နိုင်ငံခြားသား လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလာပါက ဆောလျင်စွာ စိစစ်ခွင့်ပြုဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံသား၊ နိုင်ငံခြားသား လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် ၁ သစ္စာလမ်းရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးသို့ လည်းကောင်း၊ အဆိုပါရုံး ဖုန်းနံပါတ် - ၀၁ - ၆၅၀၁၂၉ သို့ လည်းကောင်း၊ emeral-dsanda 20@gmail.com နှင့် invthree@gmail.com သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

နေပြည်တော် နိုဝင်ဘာ ၂၂

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း၏ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်း ဒဏ်ထိုက်သော ပြစ်မှုတို့ကို တရားစွဲဆိုရာတွင် ဆင်းရဲနွမ်းပါး၍ ရှေ့နေမငှားနိုင်သော တရားခံများအတွက် (Dock Brief) ကို တရားရုံးတော်က နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးသည့်အခါ ရှေ့နေလိုက်ပါ ဆောင်ရွက်ခန့်ထားမှု လာရောက်သက်သေခံသည့် သက်သေအားပေးသည့် နေ့တွက်စရိတ်ထက် များစွာ လျော့နည်းနေပါသဖြင့် တိုးမြှင့်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် က ၁၉၉၃ ခုနှစ်တွင် နေ့စား အလုပ်သမား၏ တစ်နေ့လုပ်ခငွေမှာ ၂၀ ကျပ် သတ်မှတ်သည့်အချိန်တွင် ရှေ့နေငှားရမ်းခမှာ ၅၀ ကျပ်မှ ၁၀၀ ကျပ်အထိ သတ်မှတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် နေ့စားအလုပ်သမား၏ တစ်နေ့လုပ်ခငွေကို ၁၇၀၀ ကျပ်သတ်မှတ်သည့်အချိန်တွင် ရှေ့နေငှားရမ်းခမှာ ၁၅၀၀ ကျပ်မှ ၂၅၀၀ ကျပ်အထိ သတ်မှတ်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ သေဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွပ်စွဲခံရသည့် ဆင်းရဲနွမ်းပါးသည့် တရားခံအတွက် အစိုးရစရိတ်ဖြင့် ငှားရမ်းပေးသော ရှေ့နေ၏ အခကြေးငွေ နှုန်းထားများမှာ လက်ရှိနေ့စား အလုပ်သမား၏ တစ်နေ့လုပ်ခ ၃၆၀၀ ကျပ်နှင့် နှိုင်းယှဉ်ပါက တိုးမြှင့်ပေးရန် လိုအပ်ကြောင်း တွေ့ရှိ ရပါ သဖြင့် သင့်လျော်သည့် အခကြေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံးက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘော ထားရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ စောယုဒ္ဓဖောင်အွာနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာ ဇော်လင်းထွဋ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြမင်းဆွေက ထောက်ခံသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန် အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်က ဆွေးနွေးရာတွင် အစီရင်ခံစာအရ ပဉ္စမပုံမှန် အစည်းအဝေးတွင် အဆို လေးခု၊ ကြယ်ပွင့်ပြမေးခွန်း ၁၄၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၁၉ ခု စုစုပေါင်း ၂၆၆ ခု ကတိဖြစ်ပေါ်ခဲ့သည်ဟု ပါရှိခဲ့ပါကြောင်း၊ ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ စုစုပေါင်း ကတိဖြစ်ပေါ်မှုမှာလည်း အဆိုနှင့် မေးခွန်းစုစုပေါင်း ၆၄၃ ခု ကတိဖြစ်ပေါ်ပြီး ဖြစ်သည်ဟု ဖော်ပြထားပါကြောင်း။

ဆွေးနွေးလိုသည်မှာ ကတိဖြစ်ပေါ်မှု ၆၄၃ ခုတွင် အစိုးရမှ အကောင်အထည်ဖော်နိုင်မှု ဘယ်နှခုရှိပြီး၊ ဘယ်နှခုက အကောင်အထည်ဖော်ရန် ကျန်နေသေးသည်ကို အစီရင်ခံစာတွင် ဖော်ပြထားမှု မတွေ့ရပါကြောင်း၊ လွှတ်တော် ကျင်းပခဲ့သည်မှာ ဆဋ္ဌမပုံမှန်အစည်းအဝေးကို ရောက်နေသော်လည်း ပထမပုံမှန်အစည်းအဝေးမှ ကတိများ ပါရှိနေသေးပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ပြီး လုပ်ဆောင်ပြီးသွားပြီဆိုပါက လျှော့ချရန် လိုအပ်ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် အစီရင်ခံစာတွင် ပါရှိသည့် သုံးသပ်အကြံပြုချက် အပိုင်းကို ဆွေးနွေးလိုပါကြောင်း၊ အကြံပြုချက် ၁၂ ချက်ပါရှိပြီး ကော်မတီ၏ ကြိုးစားအားထုတ်မှုများကို တွေ့ရပါကြောင်း၊ ယခုလိုပင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်လည်း ကွင်းဆင်းပြီး စိစစ်ပေးနိုင်ပါက ပိုမိုကောင်းမွန်နိုင်မည်ဟု အကြံပြုလိုပါကြောင်း၊ မိမိတို့ နိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် ဖြစ်အောင် ကြိုးပမ်းနေသည့်နိုင်ငံ၊ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်နေသည့် အချိန်ကာလတွင် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် ပီပီပြင်ပြင်ဖြစ်လာရေး ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်မြောက်ရေးတို့အတွက် မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များသည် အဓိက ကျပါကြောင်း ပြောကြားသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းအောင် က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုး တင်သွင်းခဲ့သည့် "MICA (Myanmar International Cooperation Agency) အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) မှ ဦးမြင့်နိုင်



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) မှ ဦးမျိုးဝင်း

**"တင်သွင်းထားသည့် အစီရင်ခံစာပါ အကြံပြုချက်များကို အစိုးရအနေဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ပေးပါရန်နှင့် နောင်အခါ ယခုလို အကျင့်ပျက် ခြစားမှုမျိုး၊ အဂတိတရားများ မဖြစ်ပေါ်စေရန် အစိုးရသစ်အနေဖြင့် ဖိဖိစီးစီး ကြပ်မတ်ဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်"**

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်းက အစီရင်ခံစာပါ လုပ်ငန်း ၁၁ ခုကို လေ့လာကြည့်သည့်အခါ နှစ် ၃၀၊ နှစ် ၄၀၊ နှစ် ၅၀ သက်တမ်းရှိသည့် စာချုပ် ချုပ်ဆိုခဲ့သည့် ရက်များသည် ၂၀၁၅ ရွေးကောက်ပွဲအပြီး အစိုးရအပြောင်းအလဲဖြစ်ရန် သေချာနေပြီဆိုသည့် အချိန်ကျမှ အလျင်စလို ချုပ်ဆိုထားသည်ကို တွေ့ရပါကြောင်း၊ ထို့ပြင် နိုင်ငံတော် သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် ကဏ္ဍထက် နိုင်ငံပိုင်မြေပေါ်တွင် လက်ကားဈေး၊ Shopping Centre အိမ်ဆိုင်များ၊ လူနေ တိုက်ခန်းများ၊ ဆီဆိုင်များ၊ ကွန်ကရစ်ဖျော်စက်များ ဆောက်ရန် မြေနေရာ ငှားရမ်းရောင်းချရန် လုပ်ဆောင်နေသည်ကိုသာ တွေ့ရပြီး အစီရင်ခံစာအရ ယင်းလုပ်ငန်းများသည် နောက်ထပ်ရှိနေသေးသည်ဟု ဆိုပါကြောင်း။

ယခုကော်မတီက တင်သွင်းထားသည့် အစီရင်ခံစာပါ အကြံပြုချက်များကို အစိုးရအနေဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ပေးပါရန်နှင့် နောင်အခါ ယခုလို အကျင့်ပျက် ခြစားမှုမျိုး၊ အဂတိတရားများ မဖြစ်ပေါ်စေရန် အစိုးရသစ်အနေဖြင့် ဖိဖိ စီးစီး ကြပ်မတ်ဆောင်ရွက်ရန် အချိန်ကျရောက်နေပြီ ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကြားဖြတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး (ခ) သန်းစိုး (ဘောဂဗေဒ)၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) မှ ဒေါက်တာ ပြည့်ဖြိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဇော်ဟိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်ဝင်းတို့က ဆက်လက် ဆွေးနွေးကြသည်။

ထို့နောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေက ယင်းကြားဖြတ်အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ကြားဖြတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၂ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်**
**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )**

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**
**ရွေးကောက်ပွဲဥပဒေ**
**ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏**
**ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)အတွက် ရွေးကောက် တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးရှာမွေလရှုန်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဒေါက်တာ ဝဏ္ဏစိုးက ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲ ခုံအဖွဲ့ဖြင့် လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲ ကန့်ကွက်လွှာ အယူခံမှုဖြင့် လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၂.၁၁.၂၀၁၇ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှု အမှတ် (၂/၂၀၁၇) ဆုံးဖြတ်ချက်တွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)အတွက် ဦးရှာမွေလရှုန်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဒေါက်တာ ဝဏ္ဏစိုး ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၅ (က) အရ ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ဦးရှာမွေလရှုန်သည် ယခုကြေညာသည့် နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)၏ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်မှာ ဒေါက်တာဝဏ္ဏစိုး [၇/ဒဥန (နိုင်)၀၄၁၇၃၄] ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၅(ခ) အရ သတ်မှတ် ကြေညာလိုက်သည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

## စုံညီခုံရုံးက အယူခံမှု အမှတ် (၂/၂၀၁၇) အား အပြီးသတ်အမိန့်ချမှတ်ခြင်းနှင့် အမှုများအားလုံးစစ်ဆေးပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါက်တာဝဏ္ဏစိုး (အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ)က ယင်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူ ဦးရှာမွေလရှုန် (ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)အပေါ် လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှု အမှတ် (၄/၂၀၁၇)ကို ရွေးကောက်ပွဲခုံအဖွဲ့(၁)က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်(အမိန့်)အား ဒေါက်တာ ဝဏ္ဏစိုးက ကျေနပ်မှု မရှိသဖြင့် အယူခံမှု လျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အယူခံမှု အမှတ်(၂/၂၀၁၇) ဖြင့် လက်ခံခဲ့သည်။

ယင်းအယူခံမှုကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးတို့ ပါဝင်သည့် စုံညီခုံရုံးမှ မူလ ရွေးကောက်ပွဲခုံအဖွဲ့(၁)၏ ကန့်ကွက်လွှာ အမှုအမှတ်(၄/ ၂၀၁၇)အပေါ် ၂၂-၉-၂၀၁၇ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်အား ပယ်ဖျက်၍ ဧပြီ ၁ ရက်တွင် ကျင်းပသော ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၌ ဒုတိယခိုင်လုံမဲ အများဆုံးရရှိသူ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ အယူခံလျှောက်ထားသူ ဒေါက်တာ ဝဏ္ဏစိုးအား ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်ဟု သိရှိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနှင့် ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများနှင့် အယူခံမှုတို့ကို ဇွန် ၁၂ ရက်မှစ၍ ကြားနာစစ်ဆေးခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် အမှုများအားလုံး စစ်ဆေးပြီးစီးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**( ၂၀၁၇ ခုနှစ်၊ လ ရက် )**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ဦးစီးဌာန**ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(ဂ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဃ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအရာရှိကို ဆိုသည်။

(င) **ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ** ဆိုသည်မှာ ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်စေရန် ပြုပြင်စီမံထားသော ဝတ္ထုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(စ) **ယမ်းတိုက်**ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ယမ်းတိုက်မြေနေရာ ရွေးချယ်ရေးအဖွဲ့က အတည်ပြုရွေးချယ်ပေးသည့် မြေနေရာတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးအရာရှိချုပ်က အတည်ပြုသတ်မှတ်ပေးသည့် ပုံစံအတိုင်း ဆောက်လုပ်ထားသည့် အဆောက်အအုံကို ဆိုသည်။

(ဆ) **ပြုလုပ်ခြင်း** ဆိုသည်မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းတစ်ခုခုကို ပြုလုပ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် ပြင်ဆင်ခြင်း လုပ်ငန်းစဉ်ကို ဆိုသည်။

(ဇ) **တင်သွင်းခြင်း** ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံးကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရ မဟုတ်သည့် အဖွဲ့အစည်းကဖြစ်စေ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ပြည်ပနိုင်ငံတစ်ခုခုမှ တင်သွင်းခြင်းကို ဆိုသည်။

(ဈ) **လိုင်စင်**ဆိုသည်မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ယမ်းတိုက်တွင် လက်ခံသိုလှောင်နိုင်ရေးအတွက် ဤဥပဒေနှင့်အညီ စစ်ဆေးရေး အရာရှိချုပ်က ထုတ်ပေးသော ယမ်းတိုက်လိုင်စင်ကို ဆိုသည်။

(ည) **သိုလှောင်ခြင်း** ဆိုသည်မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လိုင်စင်ရယမ်းတိုက်တွင် ခွင့်ပြုချက်ဖြင့် ထိန်းသိမ်းထားရှိခြင်းကို ဆိုသည်။

(ဋ) **ခွင့်ပြုချက်** ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း )က ဤဥပဒေအရ ထုတ်ပေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း တစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန် ခွင့်ပြုချက်ကိုဆိုသည်။

**အခန်း (၂)**
**ခွင့်ပြုချက်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း**

၃။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်ရေးအတွက် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာ အတည်ပြုချက် ရရှိလိုသူသည်လည်းကောင်း၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း၊ ဖျက်ဆီးခြင်း တစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ ဖြစ်စေ ဆောင်ရွက်လိုသူသည်လည်းကောင်း ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ စိစစ်ချက်ဆောင်ရွက်ပေးရန် လျှောက်ထားရမည်။

၄။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၃ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်ထားသည့် ကိစ္စရပ်ကို စိစစ်တင်ပြရန် စစ်ဆေးရေးအရာရှိချုပ်အား တာဝန်ပေးအပ်ရမည်။

(ခ) စစ်ဆေးရေးအရာရှိချုပ်သည် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး တွေ့ရှိချက်ကို မိမိသဘောထား မှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် -

(၁) ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေးအရာရှိချုပ်၏ တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ကြောင်း တွေ့ရှိရပါက စိစစ်ချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သို့ ပေးပို့ရမည်။

(၂) စစ်ဆေးရေးအရာရှိချုပ်က သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလျှင် သက်ဆိုင်ရာလျှောက်ထားသူကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်တင်ပြရန် ညွှန်ကြားရမည်။

၅။ (က) ဝန်ကြီးဌာနကပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)အရ ပေးပို့သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သည် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်နိုင်ရေးအတွက် ယမ်းတိုက်ဆောက်လုပ်ရန်မြေနေရာ အတည်ပြုချက်ရယူရန် လျှောက်ထားခြင်းဖြစ်ပါက ယမ်းတိုက်မြေနေရာ ရွေးချယ်ရေးအဖွဲ့ဖြင့် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာကို သတ်မှတ်ချက်နှင့်အညီ စိစစ် အတည်ပြုပြီး သဘောထား ပြန်ကြားချက်ကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က ယမ်းတိုက် ဆောက်လုပ်ရန်မြေနေရာကို စိစစ်အတည်ပြုကြောင်း သဘောထား ပြန်ကြားချက်ပေးပို့သည့်အခါ အတည်ပြုချက်ရရှိသော မြေနေရာတွင် ယမ်းတိုက်ဆောက်လုပ်ရန် စစ်ဆေးရေးအရာရှိချုပ်အား ညွှန်ကြားရမည်။

(ဂ) စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မခွဲ (ခ)အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်ကို ရရှိလျှင် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက် လျှောက်ထားသူအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က စိစစ်အတည်ပြုသော မြေနေရာတွင် သတ်မှတ်သည့် အင်္ဂါရပ်များနှင့်အညီ ယမ်းတိုက်ဆောက်လုပ်ရန် အကြောင်းကြားရမည်။

၆။ (က) ဝန်ကြီးဌာနက ပုဒ်မ (၄)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁)အရ ပေးပို့သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သည် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်းတစ်မျိုးမျိုးကိုဖြစ်စေ ဆောင်ရွက်ရန်ဖြစ်ပါက စိစစ်တင်ပြရန် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေး ဖွဲ့စည်းထားသည့် ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသို့ တာဝန်ပေးအပ်ရမည်။

(ခ) ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသည် ပုဒ်မခွဲ(က) အရ တာဝန်ပေးအပ်ခြင်းခံရလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)သို့ တင်ပြရမည်။

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် ယမ်းဘီလူး ဝယ်ယူ၊ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထား မှတ်ချက်တို့ကို စိစစ်၍ သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်း တွေ့ရှိရပါက ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်းတစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုးထက် ပို၍ဖြစ်စေ ဆောင်ရွက်ရန် သက်ဆိုင်ရာလျှောက်ထားသူကို ခွင့်ပြုချက် ထုတ်ပေးရမည်။ ဝန်ကြီးဌာနသို့ ခွင့်ပြုချက် မိတ္တူတစ်စောင်ကို ပေးပို့ပေးရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပန်းဆိုးတန်း-ဒလ ကူးတို့ဆိပ်ရှိ ဆိပ်ခံနှင့် ရေယာဉ်များပေါ်မှ ဈေးသည်များ ရှင်းလင်းဖယ်ရှားမှုကြောင့် ခရီးသွားပြည်သူတို့ သွားလာရေး အဆင်ပြေလာ




ဓာတ်ပုံ- သစ္စာ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ပြေးဆွဲလျက်ရှိသော ကူးတို့သင်္ဘောပေါ်နှင့် ဆိပ်ခံဖောတံတားပေါ်တို့တွင် ဈေးသည်များ ရောင်းချမှုကြောင့် ခရီးသည်များ အတက်/အဆင်း ပြုလုပ်ရာတွင် အချိန်ကြန့်ကြာခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းနှင့် စွန့်ပစ်အမှိုက်များ မြစ်အတွင်း စွန့်ပစ်ခြင်းကင်းဝေးစေရန် နိုဝင်ဘာ ၁၇ ရက်က ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တို့ ရှင်းလင်းဆောင်ရွက်ခဲ့ရာ ရေယာဉ်စီးနင်းသော အများပြည်သူ စိတ်အေးချမ်းသာစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ချယ်ရီ(၁)၊ (၂)၊ (၃)ရေယာဉ်ဖြင့် နံနက် ၅ နာရီမှ ၉ နာရီခွဲထိ တစ်နေ့ ၄၆ ခေါက်ဖြင့် ခရီးသည်နှင့် ကုန်စည်ကို ပို့ဆောင်ပေးလျက်ရှိရာ နေ့စဉ်ခရီးသည် နှစ်သောင်းခွဲမှ သုံးသောင်းကျော်ထိ သွားလာကြသော ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ဒလဆိပ်ကမ်းတို့မှ ခရီးသွားများ စိတ်အနှောင့်အယှက်မရှိစေဘဲ ရေယာဉ် အတက်/အဆင်း အန္တရာယ်ကင်းရှင်းစေရန် ဆိပ်ခံဖောနှင့် ကူးတို့သင်္ဘောပေါ်မှ ဈေးသည်များကို ရှင်းလင်းဖယ်ရှားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"အခုလို ဈေးသည်တွေ ရှင်းလင်းသွားတော့ ကျွန်မတို့ ပြည်သူတွေတင် မဟုတ်ပါဘူး၊ နိုင်ငံခြားဧည့်သည်တွေပါ စိတ်အနှောင့်အယှက် မဖြစ်တော့ဘူး ပေါ့၊ ကုန်ပစ္စည်းတင်/ချတဲ့သူတွေလည်း မြန်သွားတယ်လေ၊ တံတားပေါ်၊ ဆိပ်ခံဖောနဲ့ သင်္ဘောပေါ်မှာ ဈေးသည်မထားတာဟာ ရန်ကုန်မြို့အင်္ဂါနဲ့လည်းလိုက်ဖက်ညီတယ်လို့လည်း မြင်တယ်။ စည်းကမ်းဆိုတာ နှုတ်ကပြောရုံနဲ့ ရုပ်လုံးမပေါ်တတ်ပါဘူး၊ ကိုယ်တိုင်လိုက်နာ ဆောင်ရွက်မှသာ အောင်မြင်မှာပါ"ဟု ခရီးသည် တစ်ဦးဖြစ်သော အထက်တန်းပြဆရာမ တစ်ဦးက သူ၏အမြင်ကို ပြောသည်။

ထိုသို့ ရှင်းလင်းဆောင်ရွက်ခြင်းသည် ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စီမံခန့်ခွဲရေး/ဌာနမှူး အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ကူးတို့ရေယာဉ်စီး ခရီးသည်များ အန္တရာယ်ကင်းရှင်း၍ စိတ်အနှောင့်အယှက်မဖြစ်စေရန်၊ စွန့်ပစ်အမှိုက်များကြောင့် ရန်ကုန်မြစ်၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်အတွက် ဈေးသည်များကို ရှင်းလင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"သင်္ဘောပေါ်နဲ့ ဆိပ်ခံဖောတံတားပေါ်မှာ ဈေးမရောင်းဖို့ ဈေးသည်တွေကို နိုဝင်ဘာ ၁၀ ရက်က ပန်းဆိုးတန်းဆိပ်ကမ်းမန်နေဂျာရုံးမှာ အသိပညာပေးစည်းရုံးဆောင်ရွက်ပြီးတော့ နိုဝင်ဘာ ၁၇ ရက်နေ့ကစပြီး ရှင်းလင်းဆောင်ရွက်ခဲ့တာ ယနေ့ထိပါပဲ၊ ခရီးသည်အတက်/အဆင်းနဲ့ ကုန်တင်/ကုန်ချ အဆင်ပြေပြီး သတ်မှတ်ချိန်အတိုင်း အန္တရာယ်ကင်းကင်းနဲ့ ရေယာဉ်ပြေးဆွဲနိုင်ဖို့အတွက် သင်္ဘောပေါ်၊ ဆိပ်ခံဖောနဲ့ တံတားပေါ်က ဈေးသည်တွေကို ရှင်းလင်းဆောင်ရွက်တာပါ" ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ကူးတို့ရေယာဉ်နှင့် ဆိပ်ခံဖောတံတားပေါ်မှ ဈေးသည်များ ရှင်းလင်းသွားခြင်းကြောင့် ကူးတို့ ရေယာဉ်စီး ခရီးသွားများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်းသိရပြီး စည်းကမ်းမဲ့ ဈေးသည်များအား တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် တာဝန်သိမှုတို့ဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်မည်ဆိုပါက ပန်းဆိုးတန်း-ဒလကူးတို့ ဆိပ်ခံဖောနှင့် သင်္ဘောပေါ်တွင် ဈေးသည်များ ပြန်လည်၍ရောင်းချမှုကင်းဝေးသွားစေမည်ဟု ခရီးသည်အချို့၏ အမြင်ကို သိရသည်။

၁၆၄

# ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းစဉ်အား ဟန့်တား၊ နှောင့်ယှက်၊ တားမြစ်ဆောင်ရွက်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအနက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းလုပ်ငန်းစဉ်အတွက် ယခင်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အချို့သော အဖွဲ့အစည်းများက NV Card မပြုလုပ်ကြရန် ခြိမ်းခြောက်ခြင်း၊ စာများထုတ်ပြန် တားမြစ်ဆောင်ရွက်ခြင်း၊ NV Card ထုတ်ပေးရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် ဒေသခံကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအား ARSA အစွန်းရောက် အကြမ်းဖက်သမားများက ဟန့်တားနှောင့်ယှက်ခြင်း၊ တားမြစ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာခဲ့ရပြီး ယင်းလုပ်ငန်းစဉ်တွင် ဒေသခံကျေးရွာများမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူး စုစုပေါင်း ၁၈ ဦး သတ်ဖြတ်ခံရကြောင်းနှင့် သုံးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဟန့်တားနှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်တားမြစ်ခြင်းနှင့် အကြမ်းဖက်သတ်ဖြတ်ခြင်း ဆောင်ရွက်မှုများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးအဖွဲ့ဝင်များက စုံစမ်းဖော်ထုတ် ဆောင်ရွက်လျက်ရှိရာ NV Card လျှောက်ထားရရှိခဲ့သည့် မောင်တောမြို့ မြို့မတောင်ရပ်ကွက် ဖေဇီကျေးရွာနေ ဖိုင်ဆဲလ် (ဘ)ရော်ရှီးအား နိုဝင်ဘာ ၁၇ ရက်က တစ်ရပ်ကွက်တည်းနေ ရာမောက်ကော်ရိမ်(ဘ)ခေါ်ရီမူလာနှင့် အပေါင်းပါအချို့မှ NV Card ရရှိကိုင်ဆောင်မှုကို မကျေနပ်သဖြင့် ဓားရှည်ကိုင်ဆောင် အော်ဟစ်ဆဲဆို ကြိမ်းမောင်းခဲ့သဖြင့် မောင်တောမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က သွားရောက်ဖမ်းဆီးခဲ့ရာ ရာမောက်ကော်ရိမ်အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းကဲ့သို့ NV Card ထုတ်ပေးရေးလုပ်ငန်းစဉ်အပေါ် ဟန့်တားနှောင့်ယှက်၊ ခြိမ်းခြောက်တားမြစ် အကြမ်းဖက်သတ်ဖြတ်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> **“ယခင်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အချို့သော အဖွဲ့အစည်းများက NV Card မပြုလုပ်ကြရန် ခြိမ်းခြောက်ခြင်း၊ စာများထုတ်ပြန် တားမြစ်ဆောင်ရွက်ခြင်း၊ NV Card ထုတ်ပေးရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် ဒေသခံ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအား ARSA အစွန်းရောက် အကြမ်းဖက်သမားများက ဟန့်တားနှောင့်ယှက်ခြင်း၊ တားမြစ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာခဲ့ရ”**




# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကြီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ စုစုပေါင်း ၂၄၂၃ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

**ဧက ၂၀၀ ရိတ်သိမ်းပြီး**

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ စုစုပေါင်း ဧက ၂၀၀ ကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၁၇၉ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၉၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၈၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၁၁၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၂၁ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

> **“ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ စုစုပေါင်း ၂၄၂၃ ဧကကို ရိတ်သိမ်းပြီးဖြစ်”**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဥဒေါင်း(တိုင်းရင်းသား)ကျေးရွာတွင် နွားနှစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ် တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာတွင် နွားတစ်ကောင်၊ ဆိတ် တစ်ကောင်တို့အား ကာကွယ်ကုသ ဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်း သုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား သုံးကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ် နှစ်ကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်း သုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၉၆ ကောင်တို့အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၅၄ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*❋ ကျောဖုံးမှ*

ဂျပန် ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးတာဖြစ်ပါတယ်” ဟု ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သန်းထွန်းကျော်က ပြောသည်။

အဆိုပါ စိုင်းဒင်ပြိုင်းချောင်းကျေးရွာသည် ဘူးသီးတောင်မြို့နှင့် ၁၃ မိုင်ခန့်ဝေးကွာပြီး သွားလာရေးခက်ခဲသည့် ဒေသဖြစ်ကာ ယင်းဒေသတွင် မြို၊ ခမီ၊ ဒိုင်းနက်၊ သက်၊ ရခိုင် လူမျိုး များနေထိုင်ကြသည်။ စိုင်းဒင်ပြိုင်းချောင်းကျေးရွာ ဧရိယာတွင် ရွာပေါင်း ၆၅ ရွာရှိပြီး ကျေးရွာအုပ်စု လေးအုပ်စုရှိသည်။ ယင်း ဒေသအတွက် ထိုးနှံပေးရမည့် ကလေးအရေအတွက်သည် သုံးထောင်ဝန်းကျင်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အိုးရမကျေးရွာအုပ်ချုပ်ရေးမှူး ဦးအင်ဂါအောင်က “ဂျပန် ဦးနှောက်ရောင်ကာကွယ်ဆေးထိုးဖို့ မနက် ၇ နာရီကနေ ထွက်လာတာ ဒီကို မွန်းတည့် ၁၂ နာရီရောက်ပါတယ်၊ စက်လှေ နှစ်ဆင့်စီးပြီး လာခဲ့တာပါ၊ ရွာက ကလေး ၃၆ ယောက်ပါလာ ပါတယ်၊ နောက်ကနေ လိုက်လာတဲ့သူတွေလည်း ရှိပါသေးတယ်၊ စုစုပေါင်းကလေး ၁၀၀ ကျော်လောက် ပါမယ်ထင်ပါတယ်၊ အခက်အခဲကတော့ လမ်းပန်းဆက်သွယ်ရေးပါပဲ၊ အရင်တုန်းက ပိုလီယိုကာကွယ်ဆေး လာထိုးပေးတာတွေ၊ ခြင်ဆေးဖျန်းပေးတာတွေ ရှိပါတယ်၊ ကျွန်တော်တို့ကျေးရွာအုပ်စုမှာ မြိုနဲ့ ခမီ လူမျိုးတွေ နေထိုင်ကြပြီး အိမ်ခြေက ၂၈၃ အိမ် ရှိပါတယ်၊ လူဦးရေက ၁၇၀၀ လောက်ရှိပါတယ်၊ တောင်ယာလုပ်ကိုင်စားသောက်ကြပါတယ်၊ ကျွန်တော်တို့ဆီမှာ ကျန်းမာရေးဆေးခန်း မရှိပါဘူး၊ ဆေးကုမယ်ဆိုရင် ဘူးသီးတောင်မြို့ပေါ် တက်ရောက်ကုသရပါတယ်၊ ကျွန်တော်တို့ ကျေးရွာမှာ ကျန်းမာရေးဌာနခွဲ ဖွင့်ပေးနိုင်ရင် ကျွန်တော်တို့တွေအတွက် တော်တော်ကောင်းသွားမှာပါ၊ အခုလိုကာကွယ်ဆေး လာရောက်ထိုးပေးလို့ အတိုင်းမသိဝမ်းမြောက်မိပါတယ်၊ လာရောက်ထိုးနှံပေးတဲ့ ဆရာဝန်တွေ ဆရာမတွေကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်” ဟု ပြောသည်။

**ဆက်လက်ထိုးနှံပေးသွားမည်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံမည့်ရက်အား နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သတ်မှတ်ထားသော်လည်း မောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်း သွားလာရခက်ခဲသည့် ဒေသများသို့ ရက်အကန့်အသတ်မရှိ ဆက်လက်၍ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

**ဓာတ်ပုံ - ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# ဘယ်လိုပဲ ကွဲပြားခြားနားမှုတွေ ရှိနေပါစေ၊ အားလုံးဟာ တူညီတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်လာပါမယ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

အမေး၊ အရေး - သူရဇော် ၊ ဓာတ်ပုံ - ရွှေကိုလေး၊ သူရဇော်(သတင်းစဉ်)

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် မတူကွဲပြားခြားနားမှုများကို စီမံခန့်ခွဲခြင်း (Diversity Management in the Age of Globalization) ဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် Policy and Conceptual Frameworks၊ Experiences from Southeast Asia၊ Experiences from Europe and Africa စသဖြင့် မတူကွဲပြားမှုများကို စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများ၊ အတွေ့အကြုံများကို ခေါင်းစဉ်များခွဲ၍ ပြည်တွင်း၊ ပြည်ပမှ (Diversity Management) ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ဘာသာပေါင်းစုံမှ အကြီးအကဲများ၊ ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသား လူမျိုးများ၊ လူငယ်များ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး ၎င်းတို့၏ သဘောထားအမြင်များကို ယခုကဲ့သို့ ထုတ်နုတ်ဖော်ပြလိုက်ရပါသည် -




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန )**

ကျွန်တော်တို့နိုင်ငံမှာ မတူကွဲပြားတဲ့ လူမျိုးစုတွေ၊ ဘာသာတွေ၊ အယူအဆတွေ ကွဲပြားခြားနားမှုတွေ အားလုံး စုပေါင်းနေထိုင်ကြတယ်။ ကျွန်တော်တို့နိုင်ငံက ပြည်ထောင်စုနိုင်ငံဖြစ်တဲ့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ စုပေါင်းပြီး နေထိုင်ကြတာတွေ အများကြီးရှိပါတယ်။ ဒီလိုနေထိုင်ရာမှာ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု မတူညီတာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ ကွဲပြားခြားနားကြပါစေ၊ ပြည်ထောင်စုဆိုတဲ့ စိတ်ဓာတ်ဟာ အားလုံးမှာ တူညီဖို့လိုပါတယ်။

တစ်မြေတည်းမှာနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းရှူကြတဲ့ သဘောအတိုင်း ဘယ်လိုပဲ ကွဲပြားခြားနားမှုတွေ ရှိနေပါစေ၊ အားလုံးဟာတူညီတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်လာပါမယ်။

နောက်တစ်ခုက တစ်ဖက်နဲ့ တစ်ဖက်၊ ပဋိပက္ခတွေ ဖြစ်တယ်။ အဲဒါတွေရဲ့ အရင်းခံက အချင်းချင်း စည်းလုံးညီညွတ်မှု၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုပေါ်မှာ မူတည်တယ်။ အဲဒီလို နားလည်မှု အခြေခံတွေရှိမှသာ အဆင်ပြေမှုတွေ ဖြစ်လာပြီး အဆင်မပြေမှုတွေ ပပျောက်သွားမယ်။ ဒါကို ရည်ရွယ်ပြီး ဒီနေ့ပွဲကို ကျင်းပခြင်းဖြစ်ပါတယ်။

**Prof. Dr. Walter Kaelin (University of Bern)**

မြန်မာနိုင်ငံလို မတူညီတဲ့ ယဉ်ကျေးမှုတွေ၊ မတူညီတဲ့ ဘာသာတွေစသဖြင့် မတူကွဲပြားမှုတွေများစွာနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံမှာ ( Diversity Management ) မတူကွဲပြားမှုတွေကို စီမံခန့်ခွဲနိုင်ဖို့ဆိုတာ လိုအပ်ပါတယ်၊ အဲဒီလိုတင်းမာမှုတွေ၊ ပဋိပက္ခတွေကို စီမံခန့်ခွဲနိုင်ဖို့ နည်းလမ်းကတော့ မတူညီတဲ့ လူမျိုးစုတွေနဲ့ စုဖွဲ့နေထိုင်ကြတဲ့ နိုင်ငံတွေက နည်းလမ်းတွေနဲ့ အသိပညာတွေကို လေ့လာဖို့ လိုပါတယ်။

မြန်မာနိုင်ငံရဲ့ Diversity Management ကို ကျွန်တော့်အနေနဲ့ သုံးသပ်ရမယ်ဆိုရင် ရှေ့ဆက်လုပ်ဆောင်ရမယ့်အဆင့်တွေ အများကြီးကျန်သေးတယ်လို့ ထင်ပါတယ်၊ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ရခိုင်ပြည်နယ်အရေးက Diversity Management နဲ့ ပတ်သက်ပြီး လုပ်ဆောင်စရာတွေအများကြီး ကျန်နေသေးတယ်ဆိုတာကို ညွှန်ပြနေပါတယ်၊ ဒီဆွေးနွေးပွဲက မြန်မာနိုင်ငံအတွက် အထောက်အကူပြုမယ်လို့ ထင်ပါတယ်၊ ပထမဆုံးအနေနဲ့ မတူကွဲပြားမှုတွေကို လက်ခံလာအောင် လုပ်ရမယ်၊ ဒုတိယအဆင့်က ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုရဖို့ လုပ်ဆောင်မှုတွေကို လက်ခံရမယ်၊ နောက်ပြီး နိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ လူ့အသိုင်းအဝိုင်းအားလုံး၊ ဘာသာတွေအားလုံး၊ လူတွေအားလုံးရဲ့ (Mindset) စိတ်နေသဘောထားတွေကို ပြောင်းဖို့လိုပါတယ်၊ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ Diversity Management က အရေးပါတဲ့ကဏ္ဍတစ်ခုဖြစ်ပြီး အခုချိန်မှာ မြန်မာနိုင်ငံအတွက် လိုအပ်နေတဲ့ အရာတစ်ခုလည်း ဖြစ်ပါတယ်၊

**ဒေါက်တာမြင့်သိန်း (စာရေးဆရာ ငြိမ်းချမ်းလုလင်) ငြိမ်းချမ်းမှုတည်ဆောက်ရေး ကွန်ရက် ဦးစီးနာယက**

ဒီနေ့ ကျင်းပတဲ့ Diversity management ဆိုတာ အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အထူးလိုအပ်နေတဲ့ ခေါင်းစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနဲ့ အတူယှဉ်တွဲနေထိုင်ကြတယ်၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့စဉ်ကတည်းက လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ပါဝင်ခဲ့တယ်။

တစ်ဆက်တည်းမှာလည်း လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံနဲ့ ဖွဲ့စည်းထားတာ ကမ္ဘာ့အလယ်မှာ ဂုဏ်ယူစရာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖြတ်သန်းလာခဲ့တာ အားလုံးသိတဲ့အတိုင်းပါပဲ၊ အခုဆိုရင် အခက်အခဲတွေများစွာကို ကျော်ဖြတ်ပြီးတဲ့နောက် ဒီမိုကရေစီမုခ်ဦးကို ကျော်လာနေပြီး အခုဆိုရင် ဖက်ဒရယ် ပြည်ထောင်စုစနစ်အထိ ကျွန်တော်တို့ ချီတက်နေပါပြီ၊ ဒီလိုချီတက်ရာမှာ အရေးကြီးဆုံး လိုအပ်ချက်က Diversity ကို အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်းပါ။ နိုင်ငံသားတွေအနေနဲ့ ဒီခေါင်းစဉ်နဲ့ပတ်သက်လို့ လေ့လာမှုအားနည်းတဲ့အတွက် ဒီလိုမတူညီမှုတွေကို ပေါင်းစပ်တဲ့အခါမှာ မိမိရဲ့တန်ဖိုး၊ မိမိရဲ့အခြေအနေတွေ ယိုယွင်းသွားမလားဆိုပြီး စိုးရိမ်ပူပန်စိတ်တွေ အများကြီးရှိနေပါတယ်။ ဒါက ကမ္ဘာ့ရဲ့ပြောင်းလဲနေတဲ့ဖြစ်စဉ်တွေကို ကျွန်တော်တို့မမြင်လို့ပါ။

ဒီနေ့ ကမ္ဘာပေါ်မှာ အလွန်တိုးတက်သွားတဲ့၊ ဖွံ့ဖြိုးသွားတဲ့ နိုင်ငံတွေကိုကြည့်ရင် အဲ့ဒီမတူညီတဲ့အင်အားတွေကို စုစည်းနိုင်ခြင်းက အရည်အချင်းတစ်ခုပါ။ အဲ့ဒီ အရည်အချင်းရှိရင် ကမ္ဘာပေါ်မှာ လျင်မြန်စွာ ပြုပြင်ပြောင်းလဲနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ ဒီစိုးရိမ်စိတ်တွေကို လျှော့ချကြည့်ပါ။

လက်တွေ့ မိမိရဲ့ Mindset ကို ပြောင်းပြီး Diversity ရဲ့ကျွန်တော်တို့ကိုပေးနိုင်တဲ့ တိုးတက်မှုတွေ၊ အဲဒီရဲ့ တန်ဖိုးတွေ၊ အကျိုးကျေးဇူးတွေကို လက်တွေ့လေ့လာ၊ လက်တွေ့ အသုံးချခြင်းအားဖြင့် ကျွန်တော်တို့ နိုင်ငံတော်ကိုပိုပြီး သာယာဝပြော၊ ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ချီတက်နိုင်မယ်လို့ ပြောကြားလိုပါတယ်။

**ဒေါ်ကက်သလင်းသိန်း (ဟိန္ဒူအမျိုးသမီးများကွန်ရက်)**

မတူကွဲပြားတာကနေ ဘုံသဘောနဲ့ တူတဲ့အရာတွေ အများကြီးရှိပါတယ်။ အဲဒီ မတူတဲ့အထဲမှာဘဲ ဘုံက ဘာလဲဆိုတာကို ရွေးထုတ်ဖို့ အလွန်အရေးကြီးပါတယ်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံအပြင် အခုဆိုရင် နိုင်ငံခြားသားပေါင်းစုံ ဒီနိုင်ငံမှာလာပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်နေကြတယ်။

ကိုယ့်နိုင်ငံမှာ နေထိုင်နေကြတဲ့ လူတစ်ဖွဲ့တည်း၊ လူတစ်အုပ်စုတည်း၊ လူတစ်မျိုးတည်းတောင် မဟုတ်တော့ဘူး။ အခြားနိုင်ငံကနေ ရင်းနှီးမြှုပ်နှံမှုတွေ လာလုပ်နေကြတဲ့ နိုင်ငံခြားသားတွေအတွက်လည်း ဒါဟာ အများကြီး အရေးပါတယ်လို့ မြင်တယ်။ နောက်ပြီး သူတို့ဟာ ရင်းနှီးမြှုပ်နှံတဲ့အပြင် တချို့တွေက တကယ့်ကို စိတ်ထဲကနေပါပြီးတော့ ကိုယ့်နိုင်ငံရဲ့ လိုအပ်ချက်တွေကို ပံ့ပိုးပေးနေတာတွေလည်း ရှိပါတယ်၊ ဒါတွေက အများကြီးလိုအပ်ပါတယ်။

မတူကွဲပြားတဲ့ အရာတွေ အကုန်လုံးကို ကျွန်မတို့က မတူဘူး၊ အသားအရောင် မတူဘူး၊ လူမျိုးမတူဘူး၊ နေရာချင်းမတူဘူး၊ နိုင်ငံချင်း မတူဘူးဆိုသော်ငြားလည်း တူညီတဲ့အရာအားလုံးကတော့ လူတိုင်းက အေးချမ်းချင်ပါတယ်။ လုံခြုံစိတ်ချရတဲ့ နိုင်ငံတစ်ခုမှာ နေထိုင်ချင်ပါတယ်၊ လူတိုင်းကလည်း တကယ့်ကို ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံကြီးမှာ နေထိုင်ချင်တယ်ဆိုတာ မှန်ပါတယ်လို့ ပြောချင်ပါတယ်။

**အရှင်သဥ္ဇန (မကွေးမြို့နယ်၊ ကပ်ကျော်ပညာပါရမီကုသိုလ်ပြုအဖွဲ့)**

Diversity ကို လူသားအားလုံး လက်ခံနိုင်ဖို့ဆိုတာ လူကို လူလိုမြင်ရင် ဒါက လက်ခံလို့ ရတဲ့အရာပါ။ အဲဒီတော့ ဘုန်းကြီးတို့ အမြင်ပြောရမယ်ဆိုရင် ပဋိပက္ခဖြစ်ခြင်းဟာ Diversity ကို လက်မခံလို့၊ အသားရောင်ခွဲခြားမှု၊ လူမျိုးခွဲခြားမှု၊ ဘာသာခွဲခြားမှုတွေ ရှိနေလို့ပါပဲ။

ငြိမ်းချမ်းမှုတွေရဖို့ Diversity လက်ခံနိုင်ဖို့ဆိုရင် မိသားစုက စရမယ်။ ဒီလိုမျိုး အတွေးအခေါ်တွေ၊ အယူအဆတွေ မတူကွဲပြားမှုတွေ လက်ခံနိုင်မှုက မိသားစုမှာ သန္ဓေတည်ရမယ်။ အဲဒီသန္ဓေသားလေးကို စာသင်ခန်းထဲမှာ မွေးဖွားပေးရမယ်၊ မွေးဖွားပေးလိုက်တဲ့ ဒီမတူကွဲပြားမှု လက်ခံနိုင်တဲ့ ဒီအတွေးအခေါ် အယူအဆတွေကို လောကထဲမှာ ကြီးထွားနိုင်မယ်ဆိုရင် မကြာခင်မှာ ဒီကမ္ဘာကြီးဟာ အေးချမ်းမယ်လို့ ဘုန်းကြီးကတော့ သုံးသပ်ပါတယ်။

**ဒေါက်တာစုစုသာထွန်း (အကြီးတန်းအကြံပေးပုဂ္ဂိုလ်၊ ကမ္ဘာ့ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးရုံး)**

ဒီဖိုရမ်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး Diversity Management အတွက် အဓိက ဦးတည်ဆောင်ရွက်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကွဲပြားခြားနားမှုများစွာနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီမတူကွဲပြားမှုတွေကနေ ကိုယ့်နိုင်ငံတိုးတက်ဖို့အတွက် ဘယ်လိုမျိုး အင်အားရယူမလဲ၊ ခြားနားမှုတွေများတဲ့အခါ အင်အားရရှိနိုင်သလို၊ ရံဖန်ရံခါ စိန်ခေါ်မှုတွေလည်း ရှိတတ်ပါတယ်။

အင်အားရရှိဖို့ ရှေ့ကို ဘယ်လိုသွားမလဲ၊ စိန်ခေါ်မှုတွေ နည်းအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ ရလဒ်တစ်ခုရဖို့အတွက် အပြည်ပြည်ဆိုင်ရာမှာရှိတဲ့ မတူကွဲပြားမှုတွေကို ကိုင်တွယ်ရတဲ့ နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကိုလည်း မြန်မာနိုင်ငံအနေနဲ့ ရယူဖို့လိုပါတယ်၊ ဒီအတွေ့အကြုံတွေကို ကိုယ့်နိုင်ငံနဲ့ ကိုက်ညီအောင် ဘယ်လိုလုပ်မလဲစတဲ့ အသိပညာတွေ ရရှိဖို့ ဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲမှာ ပါဝင်တဲ့သူတွေက မြန်မာနိုင်ငံမှာ ရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ လူနည်းစုတွေ၊ ဘာသာပေါင်းစုံက ကိုးကွယ်ယုံကြည်သူတွေ၊ အကုန်လုံးပါဝင်ပြီး များစွာသော မတူညီမှုတွေကနေ မြန်မာနိုင်ငံအတွက် ခွန်အားဖြစ်စေဖို့ ဖြစ်ပါတယ်။

Diversity Management ဆိုတဲ့ အစည်းအဝေးကို နေပြည်တော်မှာ ကြီးကြီးမားမား ကျင်းပတာဟာ မြန်မာနိုင်ငံမှာ မတူကွဲပြားမှုတွေကို Manage လုပ်နိုင်ဖို့ စွမ်းအားပိုပြီး လိုအပ်တယ်လို့ယူဆပြီး ဒီအစည်းအဝေးလုပ်တာပါ။ Diversity ကို ကောင်းမွန်စွာ ကြပ်မတ်မှု မလုပ်နိုင်ဘူးဆိုရင် နိုင်ငံအတွက် အနုတ်ဖြစ်တယ်။

ဒါကို Management လုပ်နိုင်တယ်ဆိုရင် အနုတ်သဘောဆောင်တဲ့ အခြေအနေတွေကို တည့်မတ်ပေးနိုင်မယ်လို့ ယူဆပါတယ်။ ကိုယ့်နိုင်ငံအတွက် Diversity ကို အောင်မြင်စွာ Manage လုပ်နိုင်ဖို့အတွက် မူဝါဒတွေအရရော လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့အတွက်ပါ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်။ ။



အရှင်သဥ္ဇန (မကွေးမြို့နယ်၊ ကပ်ကျော်ပညာပါရမီကုသိုလ်ပြုအဖွဲ့)



Prof. Dr. Walter Kaelin (University of Bern)




ဒေါက်တာမြင့်သိန်း (စာရေးဆရာ ငြိမ်းချမ်းလုလင်) ငြိမ်းချမ်းမှု တည်ဆောက်ရေးကွန်ရက် ဦးစီးနာယက




ဒေါ်ကက်သလင်းသိန်း (ဟိန္ဒူ အမျိုးသမီးများ ကွန်ရက်)



ဒေါက်တာစုစုသာထွန်း (အကြီးတန်းအကြံပေးပုဂ္ဂိုလ်၊ ကမ္ဘာ့ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံး)

# တရားမဝင် သယ်ဆောင်လာသော အမိုးနီယမ်နိုက်ထရိတ်များ ၁၂ ဘီး ကုန်တင်ယာဉ်ပေါ်မှ သိမ်းဆည်းရမိ

**မိုးညှင်း နိုဝင်ဘာ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအနီး၌ ကုန်ပစ္စည်းမျိုးစုံ သယ်ဆောင်လာသော ၁၂ ဘီးယာဉ်ပေါ်မှ တရားမဝင် သယ်ဆောင်လာသော အမိုးနီယမ်နိုက်ထရိတ်များ နိုဝင်ဘာ ၂၁ ရက်က သိမ်းဆည်းခဲ့ကြောင်း သိရသည်။

နယ်မြေခံတပ်ဖွဲ့မှ ဗိုလ်ကြီးသိန်းစိုးနှင့်အဖွဲ့တို့သည် မြို့နယ် ညောင်ကိုင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် နယ်မြေလုံခြုံရေးအတွက် မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများကို စစ်ဆေးစဉ် 8J/----- UD-NISSAN ၁၂ ဘီး ယာဉ်ပေါ်တွင် ကုန်စုံပစ္စည်းများနှင့် ရောနှောသယ်ဆောင်လာသော တံဆိပ်မပါ တရားမဝင် အမိုးနီယမ်နိုက်ထရိတ် တစ်အိတ်လျှင် အလေးချိန် ၄၀ ကီလိုဂရမ်ခန့်ပါ ၈၇ အိတ် စုစုပေါင်းအလေးချိန် ၃၄၈၀ ကီလိုဂရမ်ခန့်အား စစ်ကိုင်းမှ ဖားကန့်သို့ လိုင်စင်မရှိဘဲ ရောင်းချရန် သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်မောင်း ဝေဖြိုး (၁၉ နှစ်) ပြည်တော်သာရပ်ကွက် ရွှေဘိုမြို့နှင့် ယာဉ်နောက်လိုက် ဆန်းမင်းဦး (၃၃ နှစ်) ကျောက်တန်းရပ်ကွက် ကောလင်းမြို့တို့အား မိုးညှင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝ၆၇**



ကုန်တင်ယာဉ်ပေါ်၌ တရားမဝင် သယ်ဆောင်လာသော အမိုးနီယမ်နိုက်ထရိတ်များ တွေ့ရစဉ်။

## အလုပ်ရှင်၊ အလုပ်သမားဥပဒေနှင့်အညီ တိကျမှန်ကန်စေရန် ဆန္ဒထုတ်ဖော်

**ဝမ်းတွင်း နိုဝင်ဘာ ၂၂**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက တရားဥပဒေစိုးမိုးရေးနှင့် အလုပ်ရှင် အလုပ်သမားရေးတို့ကို ဥပဒေအရ တိကျမှန်ကန်စေရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်ရာတွင် တရားဥပဒေ စိုးမိုးရေး၊ တရားစီရင်မှု မှန်ကန်မြန်ဆန် ရေး၊ အလုပ်ရှင်နှင့် အလုပ်သမားအရေး ကိစ္စများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရားရုံးတို့မှ ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးစေရေး၊ ပြည်သူတို့၏ လိုအပ်ချက်များကို ဌာနဆိုင်ရာများမှ အလေးထား ကူညီဆောင်ရွက်ပေးရေးဆိုသော ဗီနိုင်းများဖြင့် လှည့်လည် ဆန္ဒထုတ်ဖော်ခဲ့သည်။ ဆန္ဒဖော်ထုတ်ပွဲကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီမှ ၂ နာရီခန့်ထိ ပြုလုပ်ခဲ့ပြီး လူအင်အား ၁၀ ဦး ဝန်းကျင်တန်းစီ လှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



## လပွတ္တာတွင် ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံး

**လပွတ္တာ နိုဝင်ဘာ ၂၂**

လပွတ္တာခရိုင် လပွတ္တာမြို့နယ် လပွတ္တာ-မြောင်းမြ ကားလမ်းမိုင်တိုင် အမှတ်၁၀ မိုင် ၆ ဖာလုံအနီးတွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၆ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လပွတ္တာ-မြောင်းမြ ကားလမ်းမိုင်တိုင် အမှတ် ၁၀ မိုင် ၆ ဖာလုံအနီး၌ မြောင်းမြဘက်မှ လပွတ္တာဘက်သို့ ယာဉ်မောင်းကျော်ဦး(ခ)ပဲပဲ (၂၄ နှစ်)နှင့် မစန်းစန်းကြည် (ခ)မရွှေဥ (၄၀ နှစ်)လိုက်ပါလာသည့် 7H/----- ISUZU ယာဉ်သည် ရှေ့မှ မောင်းနှင်နေသော ယာဉ်မောင်းဉာဏ်လင်းထွန်း (ခ)အန်ကူ၏ 4L/----- NISSAN ယာဉ်အား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ အနောက်မှ ဝင်ရောက်တိုက်မိပြီး လမ်းဝဲဘက်သို့ ထိုးကျသွားကာယာဉ်မောင်းကျော်ဦး(ခ)ပဲပဲသည် ဖြစ်ပွားသည့်နေရာတွင် သေဆုံးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## လူသတ်ပြီး ပစ္စည်းများယူဆောင်သွားသူကို ရဲတပ်ဖွဲ့ဝင်များ ဖော်ထုတ်ဖမ်းဆီး

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် မင်္ဂလာဥယျာဉ်ရပ်နေ ဒေါ်ဌေးဌေးညွန့်သည် နိုဝင်ဘာ ၁၄ ရက် နံနက်၁၀နာရီ ၄၅ မိနစ်က သားဖြစ်သူ စိုင်းလုံ (၃၇ နှစ်)၊ ဥပုသ်တော်ရပ်ကွက် ရွှေမန်းတောင်ဘောလုံးကွင်းတိုက်တန်း အခန်းအမှတ်(E-2)တွင် တစ်ဦးတည်းနေထိုင်သူ ထမင်းလာမစားသဖြင့် သွားရောက်ခဲ့ရာ နေအိမ်သံတံခါးအတွင်းမှ သော့ခတ်ပိတ်ထားသည်ကို တွေ့ရှိ၍ အတွင်းလိုက်ကာအား ဆွဲလှန်ကြည့်ရှုရာ နေအိမ်အတွင်း အိမ်သာရှေ့၌ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ၎င်းဝတ်ဆင်ထားသည့် ရွှေဆွဲကြိုး တစ်ကုံးနှင့် လက်စွပ်တို့မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။



နိုဝင်ဘာ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် အမှတ် ၂ နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးညွန့်၊ မန္တလေးခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ် အောင်ကိုဝင်းနှင့် အဖွဲ့သည် အမှုမှတရားခံ ဖော်ထုတ်ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ရာ အောင်မြေသာစံမြို့နယ် ၈၀×၁၇ လမ်းထောင့်တွင် လူငယ်တစ်ဦးမှ သေဆုံးသူ၏ ဆိုင်ကယ်အား မောင်းနှင်သွားကြောင်း တွေ့ရှိရသဖြင့် လိုက်လံဖမ်းဆီးရာ ၈၀×၁၈ လမ်းထောင့်တွင် ပြစ်မှုကျူးလွန်သူ စောကညောထူး(ခ) ကရင်လေး (၂၂ နှစ်)၊ ၃၅ လမ်း၊ ၆၈×၆၉ လမ်းကြားနေသူအား ဖမ်းဆီးရမိခဲ့သည်။ ၎င်းအား စစ်မေးရာ နိုဝင်ဘာ ၁၄ ရက်တွင် အခင်းဖြစ် နေအိမ်၌ ၎င်းသည် သေဆုံးသူ စိုင်းလုံနှင့်အတူ ရောက်ရှိပြီး စကားများရန်ဖြစ်ကာ ပြစ်မှုကျူးလွန်ခဲ့ကြောင်းနှင့် ၎င်းယူဆောင်ခဲ့သည့် စိုင်းလုံ၏ ရွှေထည်ပစ္စည်းနှင့် လက်ကိုင်ဖုန်းတို့အား သက်သေများရှေ့ပေးအပ်သဖြင့် သိမ်းဆည်းပြီး ၎င်းအား တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စံမောင်**

## ယာဉ်ပေါ်လိုက်ပါလာသူ တစ်ဦးထံမှ ပစ္စတိုသေနတ်တစ်လက်နှင့် ကျည်ကိုးတောင့်ပါ ကျည်ကတ်တစ်ခု သိမ်းဆည်းရမိ

**ဘားအံ နိုဝင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံ ကားလမ်း၌ နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွား၍ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းလှည့်ကင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာ ယာဉ်ပေါ် လိုက်ပါလာသူ အမျိုးသားတစ်ဦးထံမှ ပစ္စတိုသေနတ် တစ်လက်နှင့် ကျည်ကိုးတောင့်ပါ ကျည်ကတ်တစ်ခုတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်ဝင်းနိုင်ဦးစီးသည့် ပူးပေါင်းအဖွဲ့ လှည့်ကင်း ဆောင်ရွက်နေစဉ် ဘားအံ-သထုံကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဘားအံ-သထုံလမ်းအတိုင်း ဘားအံဘက်မှ သထုံဘက်သို့ ကျော်ထူးထူး၊ (၃၃ နှစ်)၊ မီးပုံးကျေးရွာ တကောင်ဘိုးကျေးရွာအုပ်စု ဘားအံမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဦးမြအုန်း၊ (၅၂ နှစ်)၊ သစ်ဝါးကျေးရွာ ကျုံမသွယ်ကျေးရွာအုပ်စု ဘားအံမြို့နယ်နေသူ လိုက်ပါလာသော ယာဉ်အမှတ် KYN/9K----၊ PROBOX အမျိုးအစား ခဲရောင်ယာဉ်သည် မိုင်တိုင်အမှတ် (၁/၀) နှင့် (၁/၁) ကြားအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ မလေးရှားပိတောက်ပင်အား ဝင်ရောက်တိုက်မိခဲ့ကာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်ပါ ဦးမြအုန်းအား စစ်ဆေးရာမှ ၎င်းခါးကြားတွင် ထိုးထားသည့် တူရကီနိုင်ငံလုပ် အနက်ရောင် ပစ္စတိုသေနတ် တစ်လက်နှင့် ယင်းကျည်ကိုးတောင့်ပါ ကျည်ကဒ်တစ်ခုတို့အား ရှာဖွေတွေ့ရှိရသဖြင့် ရဲအုပ်ဝင်းနိုင်မှ သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



## ဖားကန့်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဖားကန့် နိုဝင်ဘာ ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့၌ နိုဝင်ဘာ ၂၀ ရက် နံနက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရှောဦးစစ်ဆင်ရေး စီမံချက်အရ စစ်ဆေးရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ ရဲအုပ် မျိုးမင်းထွန်း၊ ရဲအုပ် ကျော်မြင့်ထွန်း၊ ဖားကန့်မြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ဦးတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဖားကန့်-ဆိပ်မူကျေးရွာသွား ကားလမ်းမတွင် စောင့်ဆိုင်းနေစဉ် မရှီးကထောင်းရပ်ကွက်ဘက်မှ မော်ဝမ်းရပ်ကွက်ဘက်သို့ မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာနေ ကျော်လှိုင်ထွေး (၄၀ နှစ်) မောင်းနှင်ပြီး နောက်တွင် ဖြူဖြူသွယ်(ခ)အမွန်း (၂၉ နှစ်) စီးနင်းလိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဖြူဖြူသွယ်၏ အနွေးထည် ဂျင်းအကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၊ နောက်ဆက်တွဲ စစ်ဆေးမေးမြန်းပေါ်ပေါက်ချက်အရ ၎င်းတို့ငှားရမ်းနေထိုင်သည့် မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာနေအိမ်မှ စိတ်ကြွရူးသွပ် ဆေးပြား ၃၈၅ ပြား စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၉၅၅ ပြား(ဒေသပေါက်ဈေး ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်း) ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၄၇၇၅၀၀၀ အား သက်သေများရှေ့တွင် သိမ်းဆည်းရမိခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

## တပ်ကုန်း၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တပ်ကုန်း နိုဝင်ဘာ ၂၂**

နေပြည်တော် တပ်ကုန်း ရွှေမြို့ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာလ ဒုတိယပတ်က ရန်ကုန်-မန္တလေးကားလမ်းမဟောင်း မိုင်တိုင်အမှတ် ၂၇၀/၆နှင့် ၂၇၀/၇ ကြား၌ သတင်းအရ မြဝင်း (၄၆ နှစ်) ရွာသစ်ကျေးရွာ တပ်ကုန်းမြို့နယ်နေသူ မောင်းနှင်သည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးစဉ် ၎င်းဝတ်ထားသည့် အကျီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၃၅ ပြား ( ၃ ဒသမ ၅) ဂရမ်ခန့်၊ ဖုန်းတစ်လုံးနှင့် မြန်မာငွေကျပ် ၄၃၅၀ တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



**မောင်လွင်(တပ်ကုန်း)**

## တာချီလိတ်မြို့ကွက်သစ်အပိုင်း(ဈ)အကွက်၌ ကျူးကျော်နေထိုင်သူများအား ဒုတိယအကြိမ် ဆင့်စာပေးပို့ထားဟု သိရ

**တာချီလိတ် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ဆန်ဆိုင်(ခ)ရပ်ကွက် (ယခင်ဟောင်လိတ်အုပ်စု) မြို့ကွက်သစ်အပိုင်း(ဈ) ဧက ၄၀ ၌ ကျူးကျော်နေထိုင်သူများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဒုတိယအကြိမ် ဆင့်စာများ ပေးပို့ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းအောင် ဦးဆောင်သည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ယင်းမြေပေါ်တွင် ကျူးကျော်နေထိုင်သူများ စာရင်းကောက်ယူရေးအဖွဲ့ခေါင်းဆောင် ဦးစီးအရာရှိ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့စစ်အဖွဲ့များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အရှေ့ပိုင်း ကျိုင်းတုံမြို့၏ လူနေအိမ်ရာဆောက်လုပ် အသုံးပြုရန် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေအရ (တိုးချဲ့မြို့ကွက်သစ်မြေ) မြို့ကွက် သစ်အပိုင်း(ဈ)အဖြစ် ခွင့်ပြုချထားပေးခဲ့ရာ ယင်းမြေပေါ်တွင် ကျူးကျော်နေထိုင်သူများ သိစေရန် ဆင့်စာများ ဒုတိယအကြိမ် လိုက်လံပေးပို့ခြင်းဖြစ်ပြီး လူနေထိုင် ခြင်းမရှိသေးသော နေအိမ်များတွင် ထင်သာမြင်သာရှိသော နေရာများ၌ ဆင့်စာများ ကပ်ထားခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြေကွက်ပေါ်တွင် ၂၀၁၀ ခုနှစ်က မြို့မြေတိုးချဲ့ရေး စီမံချက်အရ ဝန်ထမ်းများအတွက် မြေကွက်ပေါင်း ၅၃၇ မြေကွက်ဖော်ထုတ်မည့် (ဈ)အကွက်တွင် ဒေသခံပြည်သူများ၊ လက်လုပ်လက်စားများနှင့် ဝန်ထမ်းများက တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ခုနစ်နှစ်ကာလသို့ ရောက်ရှိသော်လည်း ကျူးကျော်နေသူများကြောင့် မြေကွက်ဖော်ဆောင်နိုင်ခြင်း မရှိခြင်းကြောင့် ကျူးကျော်အိမ်များကို စက်တင်ဘာ ၁၄ ရက်က ပထမအကြိမ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်တွင် ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ကာ သတ်မှတ်ကာလ၌ မဖယ်ရှားသူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ဘေးကင်းလုံခြုံပြီး စနစ်ကျသော တရားဝင်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ ကမ္ဘာလုံးအဆင့် သဘောတူညီချက်အတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရွှေ့ပြောင်းသွားလာခြင်းမှ မိသားစုစားဝတ်နေရေး ပြေလည်စေခြင်း၊ လူနေမှုအဆင့်အတန်း မြင့်မားခြင်း၊ ကလေးများအား ပညာကောင်းမွန်စွာ သင်ကြားပေးနိုင်ခြင်း စသည့် ကောင်းကျိုးများ ရရှိသော်လည်း တရားမျှတမှုမရှိသည့် အန္တရာယ်ရှိသည့် အခက်အခဲအခြေအနေများကိုလည်း ကြုံတွေ့ရနိုင်ကြောင်း၊ ရွှေ့ပြောင်းသွားလာသူများထဲမှ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်းနှင့် အလွဲသုံးစားပြုခံရခြင်းတို့ကို ကြုံတွေ့နိုင်သဖြင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် စာနာမှုများကို နိုင်ငံများအလိုက် အလုပ်သမားဥပဒေများနှင့်အညီ ခံစားနိုင်ရန် အစိုးရအပါအဝင် အားလုံးပူးပေါင်းဆောင်ရွက်ပေးမှသာ အောင်မြင်မည်ဖြစ်ကြောင်း ဘေးကင်းလုံခြုံပြီး စနစ်ကျသော တရားဝင်ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်နှင့်ပတ်သက်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအတွင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

အဆိုပါအခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးဌာနနှင့်အတူ International Organization for Migration-IOM တို့ ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ချမှတ်ခဲ့သည့် နယူးယောက် ကြေညာချက်အရ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာခြင်းနှင့် စပ်လျဉ်းသည့် Intergovernmental ညီလာခံ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ဘေးကင်းလုံခြုံပြီးစနစ်ကျသော တရားဝင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ကို အတည်ပြုသွားရန် ရှိပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှု အပါအဝင် သဘောတူညီချက် အတည်ပြုချမှတ်ရာတွင် မြန်မာနိုင်ငံ၏ သဘောထားမှတ်ချက်များ ပံ့ပိုးပါဝင်နိုင်ရန်၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် စပ်လျဉ်းပြီး ပါဝင်ဆောင်ရွက်နေသူများထံမှ အချက်အလက်များ ရရှိရန် ဘေးကင်းလုံခြုံပြီး စနစ်ကျသော တရားဝင်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအတွက် အထောက်အပံ့ ဖြစ်စေနိုင်မည့် အကြောင်းအရာ၊ အချက်အလက်များနှင့်အပြုသဘော အကြံပြုချက်များ ဆွေးနွေးသတ်မှတ်ရန် ယနေ့ အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။




ဘေးကင်းလုံခြုံပြီး စနစ်ကျသော တရားဝင်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်နှင့် ပတ်သက်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အဖွင့်အမှာစကားပြောကြားစဉ်။

လူမှုမိတ်ဖက်အဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍ၊ ပညာရေးအဖွဲ့အစည်းများ၊ လွှတ်တော်များ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ပါဝင်ဆောင်ရွက်သူများ၏ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှု၊ ဆွေးနွေးညှိနှိုင်းမှုတို့မှတစ်ဆင့် ကမ္ဘာလုံး သဘောတူညီချက် ပေါ်ထွက်လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်က ချမှတ်ထားသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒနှင့်အညီ ရွှေ့ပြောင်းအလုပ်သမားရေးရာများကို တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ မူဝါဒများအပေါ် ကောင်းမွန်သည့် အကြံပြုချက်ပေးလိုပါကလည်း လက်ခံကြိုဆိုပြီး ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် နယ်စပ်ဖြတ်ကျော်သွားရောက်လုပ်ကိုင်ရာတွင် ဥပဒေနှင့်အညီ တရားဝင်လမ်းကြောင်းမှ သွားရောက်ရန်လိုအပ်ပြီး အလုပ်အကိုင်အခြေအနေ၊ အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက်စာချုပ်များ၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ငန်းခွင် လိုအပ်ချက်များကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ ရွှေ့ပြောင်းသွားလာသူများသည် မိမိနေထိုင်ရာဒေသတွင်း၊ လူမှုအသိုက်အဝန်းနှင့် လိုက်လျောညီထွေစွာ လုပ်ကိုင်နိုင်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် IOM နှင့် ILO တို့၏ အကူအညီဖြင့် ရွှေ့ပြောင်းသွားလာမှုများသည့် မြို့နယ်များတွင် ရွှေ့ပြောင်းလုပ်သားများ ကူညီထောက်ပံ့ပေးရေးဗဟိုဌာန (Migrant Resource Centers-MRC) ၁၂ ခု ဖွင့်လှစ်ပြီး ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း။

ထို့အပြင် ချင်းပြည်နယ်တွင်လည်း IOM ၏ အကူအညီဖြင့် MRC ကို ဖွင့်လှစ်ပေးရန် ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားရေးရာ ကိစ္စများတွင် လိုအပ်သည့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပေးမည်ဖြစ် ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် အတည်ပြုမည့် ဘေးကင်းလုံခြုံပြီး စနစ်ကျသော တရားဝင်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်အတွက် ယခု ဆွေးနွေးပွဲရလဒ်များကို ထည့်သွင်းနိုင်ရန်ဖြစ်ပြီး တက်ရောက် လာသူများထံမှ ကောင်းမွန်သည့် အကြံပြုချက်များ ရရှိမည်ကို ယုံကြည်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ International Organization for Migration-IOM မှ Chief of Mission, Mr. Akio Nakayama နှင့် တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်နှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီမှ ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ UN၊ NGOs၊ I NGOs တို့မှ ကိုယ်စားလှယ်များ၊ Private Sector နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့သည်။ ထို့နောက် IOM မှ Chief of Mission, Mr. Akio Nakayama က အမှာစကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေ ၃ နာရီထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း- ခင်ရတနာ၊ ဓာတ်ပုံ-သော်တာဝင်း**

## နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်ဖြင့် နိုဝင်ဘာ-၁၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ-၂၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ကလေး ၇,၁၁၂,၂၄၃ ဦးကို ထိုးနှံနိုင်ခဲ့ပြီး လွှမ်းခြုံမှု ၈၂ ရာခိုင်နှုန်းရရှိသည်။ ပြင်းထန်သော ကာကွယ်ဆေး တုံ့ပြန်မှုဖြစ်ပွားသည့် ကလေးမရှိပါကြောင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို တစ်နိုင်ငံလုံးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဘေးကင်းစိတ်ချရသော လုပ်ငန်းဖြစ်စေရန် ထပ်မံအားဖြည့် ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❍ *ကျော်ဇံမှ*

မြန်မာ ယူ-၂၂ အသင်းသည် ဗီယက်နမ် ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ အကြိုခြေစမ်းကစားခြင်း ဖြစ်သည်။ မွန်ဂိုလီးယားအသင်းမှာလည်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် လာရောက်ကစားခြင်းဖြစ်ပြီး ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၃ ရက် **(ယနေ့)** ကျင်းပမည် ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် နေရဲဟန်၊ သက်ဝေမိုး၊ ဝေယံ၊ စစ်မင်း၊ နိုင်မင်းသူ၊ ရဲမင်းသူနှင့် မြတ်မင်းသူတို့ ခုနစ်ဦးကို လျှော့ချခဲ့ပြီး မွန်ဂိုလီးယားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ကစားသမားအချို့ ထပ်မံလျှော့ချမည် ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် **အုပ်ချုပ်သူ**-ဦးသန်းတိုးအောင်၊ **နည်းပြချုပ်**-ဦးကြည်လွင်၊ **လက်ထောက်နည်းပြ**-ဦးကျော်လွင်နှင့် ဦးချစ်နိုင်၊ **ဂိုးနည်းပြ**- ဦးမျိုးကျော်အောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ ထွန်းနန္ဒဦး (မြဝတီ)၊ ဇာခြည်မောင် (ရောဝတီ)၊ **နောက်တန်း**-စိုးမိုးထွန်း၊ ကျော်သူထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ သန်းထိုက်ဇင်၊ ကျော်မျိုးနိုင် (အား/ကာသိပ္ပံ)၊ အောင်ဖြိုးသော်၊ ဟိန်းဖြိုးဝင်း (ရှမ်းယူနိုက်တက်)၊ သူရိန်စိုး (ရန်ကုန်)၊ သက်ပိုင်ထွေး (MFF Youth)၊ ဟိန်းထက်စည်သူ (မကွေး)၊ **အလယ်တန်း**-ဇွဲသက်ပိုင်၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ် (ရှမ်းယူနိုက်တက်)၊ ကျော်မြင့်ဝင်း၊ သန်းမြင့်ထွန်း၊ နေမိုးနိုင် (ရောဝတီ)၊ တလိုင်းမွှေးအောင် (ရတနာပုံ)၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင် (MFF Youth)၊ ရှေ့တန်း-ရွှေကို၊ သန်းဒွတ် (ရှမ်းယူနိုက်တက်)၊ တည်ငြိမ်မင်း (ရခိုင်)၊ ဇင်မင်းထွန်း (မကွေး)၊ ချမ်းငြိမ်း၊ ဝေလင်းထွန်း (Southern)၊ အီစိုး(ရန်ကုန်)နှင့် သက်အောင် (ဟံသာဝတီ) တို့ ပါဝင်နေသည်။

**ညီမြတ်သော်တာ**





**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက(၁) န၀မတန်း(H)မှ မပေမာနှင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၈/မသန(နိုင်)၀၆၈၉၄၄ ဖြစ်ပါကြောင်း။ **ဦးဇော်မင်း**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာမြို့သစ်၊ သရဖီလမ်းနေ ဦးသန်းအောင် (၁၂/မဂဒ(နိုင်)၁၁၃၀၅၇)-ဒေါ်စန်းစန်းမော် (MGDN ၀၆၁၅၅၅) တို့၏ သမီးဖြစ်သူ မဒီဒီမြူ (၁၂/မဂဒ(နိုင်)၁၅၂၉၄၄) သည် မိဘ၏ ဆိုဆုံးမစကားကိုနားမထောင်ဘဲ မိဘအုပ်ထိန်းမှုအောက်မှ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ယနေ့မှစ၍ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝနှင့် ငွေကြေးအရှုပ်အရှင်းကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသန်းအောင် (၁၂/မဂဒ(နိုင်) ၁၁၃၀၅၇)

**အမည်ပြောင်း**

ဦးကျော်စိုးလင်း ၁၄/ငပတ(နိုင်) ၁၄၇၆၇၁၏သမီး ပြည်မြို့၊ အလက (ချောင်းနားတန်း)စတုတ္ထတန်းမှ မရွှန်းလဲ့လင်းအား မထက်သီရိခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/4244 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**မွေးသက္ကရာဇ်အမှန်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ မြောက်ပန်းဆွဲအုပ်စု၊ မြောက်ဖလံကုန်းကျေးရွာနေ မောင်အောင်ရဲထွဋ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၄-၁၉၉၄ ဖြစ်ပါကြောင်း။

**မောင်အောင်ရဲထွဋ်**

**ပြင်ဆင်ဖတ်ရှုပါရန်**

(၂၀-၁၁-၂၀၁၇)ရက်ထုတ် ...သတင်းစာ၏ စာမျက်နှာ(၁၃)တွင် ဦးကျော်ကျော်၊ ဦးကျော်ဆန်းတို့နှင့် အများသိစေရန် ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ၇-ရပ်ကွက်၊ သီရိဧယျာလမ်းအမှတ်(၁၀၀၉/ခ)အစား ရန်ကုန်တိုင်းဒေသကြီး၊ ၇-ရပ်ကွက်၊ သီရိဧယျာလမ်းအမှတ်(၁၀၀၄/ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**မူဆယ်လေယာဉ်ကွင်းအား**
**PPP စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက်**
**Expression of Interest (EOI) ဖိတ်ခေါ်ခြင်း**

နိုင်ငံတော်၏ လေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးတို့အတွက် မူဆယ်လေယာဉ်ကွင်းသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို Public Private Partnership (PPP) စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်နိုင်ရေးအတွက် စိတ်ပါဝင်စားသော ပြည်တွင်းကုမ္ပဏီများအနေဖြင့် ပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ Consortium ဖွဲ့စည်းလျက် Expression of Interest(EOI)တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် EOI ပုံစံများအား မြန်မာ့စီးပွားရေးဘဏ်(အင်းစိန်) ငွေစာရင်းအမှတ်- MD 011681 သို့ ငွေကျပ် ၁၀၀၀၀၀/-ပေးသွင်း၍ ထုတ်ယူနိုင်ပါသည်။

| | |
|---|---|
| **EOI ပုံစံထုတ်ယူနိုင်သည့်ရက်** | - ၂၇-၁၁-၂၀၁၇ရက်မှ ၁-၁၂-၂၀၁၇ရက်အထိ |
| **EOI ပုံစံနောက်ဆုံးတင်ပြရမည့်ရက်** | - ၁၅-၁၂-၂၀၁၇ရက် |
| **ဆက်သွယ်ရန်လိပ်စာ** | - ညွှန်ကြားရေးမှူး<br>လေယာဉ်ကွင်းစံချိန်စံညွှန်းနှင့်စစ်ဆေးရေးဌာနခွဲ<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>(ရုံးချုပ်)၊ လေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊<br>ရန်ကုန်မြို့။<br>ဖုန်း-၀၁-၅၃၃၀၀၂၊ ၀၁-၅၃၃၀၁၃ |

# အမေရိကန်ကုန်တင်လေယာဉ်တစ်စင်း ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ပျက်ကျရာ သုံးဦးပျောက်ဆုံးလျက်ရှိ



လေယာဉ်တင်သင်္ဘောယူအက်စ်အက်စ်ရော်နယ်ရေဂင်

တိုကျို နိုဝင်ဘာ ၂၂

အမေရိကန် C-2 ကုန်တင်လေယာဉ်တစ်စင်း ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းအရှေ့တောင်ပိုင်း ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ပျက်ကျခဲ့ရာ အနည်းဆုံး လူသုံးဦးပျောက်ဆုံးလျက်ရှိကြောင်း ပြည်တွင်းမီဒီယာက နိုဝင်ဘာ ၂၂ ရက်က ဖော်ပြခဲ့သည်။

လေယာဉ်အမှုထမ်း ၁၁ ဦးခန့်လိုက်ပါလာသော အဆိုပါလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုတွင် လေယာဉ်အမှုထမ်းရှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ၎င်းတို့တွင် ဒဏ်ရာရရှိခြင်း ရှိ၊ မရှိ မသိရသေးပေ။ ကျန်သုံးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါကုန်တင်လေယာဉ်သည် လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် ရော်နယ်ရေဂင်ဆီသို့ ပျံသန်းလာစဉ် ထိုသို့ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယူအက်စ်အက်စ် ရော်နယ်ရေဂင်က ရှာဖွေကယ်ဆယ်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို မသိရသေးကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ပျက်ကျခြင်းသည် စက်ချွတ်ယွင်းမှုကြောင့် ဖြစ်နိုင်ကြောင်း အမေရိကန်ရေတပ်က ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီး အစ်ဆူနိုရီ အိုနိုဒီရာကို အသိပေးအကြောင်းကြားခဲ့သည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

C-2 လေယာဉ်များသည် ဆယ်စုနှစ် ငါးစုကျော်ကာလအထိ ယခုလိုလုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

ရိုက်တာ၊ ဆင်ဟွာ

# ဆီးရီးယားအရေး ရုရှားသမ္မတ ဗလာဒီမာပူတင် ဆွေးနွေး



မော်စကို နိုဝင်ဘာ ၂၂

ဆီးရီးယားနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ပတ်သက်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဆော်ဒီ၊ အီဂျစ်၊ အစ္စရေးခေါင်းဆောင်များနှင့် အသီးသီးဆွေးနွေးမှုများလုပ်ဆောင်ခဲ့ကြောင်း ကရင်မလင်နန်းတော်က မကြာသေးမီက သတင်းထုတ်ပြန်ခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၏ အခြေအနေများနှင့် ဆီးရီးယားပဋိပက္ခများအား ရေရှည်ညှိနှိုင်းဖြေရှင်းရန် အလားအလာများနှင့်ပတ်သက်၍ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် ဆော်ဒီဘုရင် ဆယ်လ်မန်ဘင်အဗ္ဗဒူလာဇစ်အယ်လ်ဆော့ဒ်တို့ ဖုန်းဖြင့်ဆက်သွယ်ပြီး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း မကြာသေးမီက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ပူတင်သည် အီဂျစ်နိုင်ငံသမ္မတ အဗ္ဗဒယ်လ်ဖာတာအယ်လ်စီစီနှင့် ဖုန်းဖြင့် ဆွေးနွေးစဉ်တွင်လည်း ဆီးရီးယား၏ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို အသေးစိတ်ပြောကြားခဲ့ပြီး ဆီးရီးယားအကျပ်အတည်းများကို နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်မှုအတွင်း နောက်ထပ်အားထုတ်ကြိုးပမ်းမှုနှင့် ပတ်သက်၍လည်း ဆွေးနွေးပြောဆိုခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပြောကြားမှုတွင် ခေါင်းဆောင်နှစ်ဦးသည် နျူကလီးယားစွမ်းအင်များကဲ့သို့ အဓိကကဏ္ဍများဖြစ်သည့် ပူးတွဲစီမံကိန်းများနှင့် ပတ်သက်၍လည်း ပြောဆိုခဲ့ကြသေးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့သည် လုံခြုံရေးကဏ္ဍများကြား ဆက်သွယ်ဆောင်ရွက်မှုများအပါအဝင် အခြားသော နယ်ပယ်ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်တည်ဆောက်သွားရန် စိတ်ပါဝင်စားနေကြောင်းကို မကြာသေးမီက ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သည်ဟု ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ရေးက ထပ်မံဖော်ပြခဲ့သည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံရှိ မီးတောင်ရှင် စတင်ပေါက်ကွဲပြီး ဆက်လက်လှုပ်ရှားလျက်ရှိ



ဂျကာတာ နိုဝင်ဘာ ၂၂

ကျွန်းစုပေါင်း ၁၅၀၀၀ဖြင့်ဖွဲ့စည်းထားသော အင်ဒိုနီးရှားနိုင်ငံတွင် လှုပ်ရှားသက်ဝင်နေသော မီးတောင်ပေါင်း ၁၂၉ ခုအနက် ဘာလီကျွန်းစုပေါ်တွင် တည်ရှိသော Mount Agung မီးတောင်သည် ယမန်နေ့က ကောင်းကင်ပေါ်သို့ ပြာမှုန့်များ မှုတ်ထုတ်လျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် အေဂျင်စီတစ်ခုမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါမီးတောင်သည် ကမ္ဘာလှည့်ခရီးသွားများ အများအပြားလာရောက်လည်ပတ်သည့် ဟက်ဘ်ကုတမှ ၇၀ ကီလိုမီတာအကွာရှိ ကာရန်အာဆမ်ခရိုင်အတွင်း တည်ရှိပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီ ၅ မိနစ်တွင် စတင်ပေါက်ကွဲခဲ့ပြီး ဆက်လက်လှုပ်ရှားလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆုတိုပို ပါဝူနူဂရိုဟိုက ပြောကြားခဲ့သည်။

မီးတောင်ကျွမ်းကျင်သူများက မီးတောင်ပေါက်ကွဲမှုအား ဒုတိယအမြင့်ဆုံးအဆင့်ဖြင့် တပ်လှန့်ထားကြောင်းနှင့် သွားလာခြင်းမပြုရသော ဇုန်အဖြစ် သတ်မှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ လက်ရှိအချိန်အထိ မီးတောင်ပေါက်ကွဲမှုကြောင့် လူသေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများမရှိသေးကြောင်း သိရသည်။

အဆိုပါမီးတောင်သည် ၁၉၆၃ခုနှစ်က နောက်ဆုံးအကြိမ်ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ကျွန်းပေါ်နေထိုင်သူ ၁၁၀၀ သေဆုံးခဲ့ကြောင်း၊ လွန်ခဲ့သော အောက်တိုဘာလကလည်း မီးတောင်အတွက် အဆင့်မြင့်ဆုံး တပ်လှန့်ထားချိန်တွင် ဒေသခံ ၁၄၄၀၀၀ ထဲမှ ၂၉၂၄၅ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်အေဂျင်စီမှ သိရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်တွင် ခေါင်းချင်းဆက်အမြွှာအား ခွဲစိတ်တော့မည်

မနီလာ နိုဝင်ဘာ ၂၂

ဖိလစ်ပိုင်နိုင်ငံတွင် ခေါင်းချင်းဆက် အမြွှာညီအစ်မအား ခွဲစိတ်ကုသတော့မည်ဖြစ်ရာ နှစ်ဦးစလုံး အချိန်မရွေးအသက်ဆုံးရှုံးနိုင်သည့် အခြေအနေတွင် ရှိကြောင်း သတင်းမီဒီယာများတွင် နိုဝင်ဘာ ၂၂ ရက်က ဖော်ပြခဲ့သည်။

အသက် ၁၀ နှစ်ခန့်ရှိ ဂျိုင်းနှင့် ဂျိုက်မက်ဂ်ဆီနိုအမည်ရှိ အမြွှာမိန်းကလေး နှစ်ဦးသည် ကလေးမွေးဖွားမှု တစ်သန်းတွင် ၁၀ ဦးခန့်သာဖြစ်ပွားလေ့ရှိသော ခေါင်းချင်းဆက် ပုံစံမျိုးဖြင့် မွေးဖွားလာခဲ့ကြောင်း သိရသည်။

အဆိုပါခေါင်းချင်းဆက် အမြွှာမိန်းကလေးအား မနီလာမြို့ ဆေးရုံတစ်ရုံတွင် ခွဲစိတ်ကုသမှု စတင်ပြုလုပ်နိုင်ရန် လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။ အဆိုပါခွဲစိတ်မှုသည် အောင်မြင်နိုင်ခြေရှိသော်လည်း အန္တရာယ်ရှိကြောင်း ပြောခဲ့သည်။ ခွဲစိတ်မှုတွင် ကုန်ကျငွေအဖြစ် အမေရိကန်ဒေါ်လာ ၉၉၄၀၀ ဒေါ်လာအား အကူအညီတောင်းခံထားကြောင်း သိရသည်။

ဆင်ဟွာ

## နိုင်ငံတကာ သတင်းတိုထွာ

### အင်ဒိုနီးရှား၌ ငလျင်လှုပ် အဆောက်အအုံပေါင်း ၃၀၀ ခန့်ပျက်စီး

**ဂျကာတာ နိုဝင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ ပြီးခဲ့သည့် ရက်ပိုင်းကလှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် လူတစ်ဦးသေဆုံးပြီး အဆောက်အအုံ ၃၀၀ နီးပါးပျက်စီးခဲ့ကြောင်း သိရသည်။

ပြင်းအား ၅ဒသမ ၇ အဆင့်ရှိ ငလျင် တစ်ခုအင်ဒိုနီးရှားအရှေ့ပိုင်းတွင် လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့က ပြောကြားခဲ့သည်။

စနေနေ့က လှုပ်ခတ်ခဲ့သည့် ငလျင်အပြီးတွင် ဘုရားရှိခိုးကျောင်း ၁၂ ကျောင်းအပါအဝင် ကျောင်းတစ်ကျောင်း နှင့် နေအိမ်ပေါင်း ၂၈၀လုံးခန့် ပြိုလဲပျက်စီးခဲ့ကြောင်း အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ စူတိုပိုပါဝိုနူ ဂရိုဟိုက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူ ၅၀၀ နီးပါးတို့သည် နေအိမ်များကို စွန့်ခွာ ထွက်ပြေးခဲ့ကြပြီး ဘေးကင်းရာ နေရာများရှိ အမိုးအကာများအောက်တွင် ခိုလှုံခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ငလျင်အနက် ၁၀ ကီလိုမီတာရှိပြီး မြောက်မလူကာပြည်နယ် အနောက် မြောက်ဘက် ၃၇ ကီလိုမီတာအကွာကို ဗဟိုပြုလျက် လှုပ်ခတ်သွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### ဗင်နီဇွဲလား ရေနံကုမ္ပဏီမှ အမှုဆောင်အရာရှိ ၅၀ ကို အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီး

**ကရာကက်စ် နိုဝင်ဘာ ၂၂**

ဗင်နီဇွဲလားအမျိုးသား ရေနံကုမ္ပဏီ PDVSA မှ အမှုဆောင်အရာရှိ ၅၀ ထက်မနည်းကို အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း နိုင်ငံတော်ရှေ့နေချုပ်တာရက် ဝီလီယံဆက်ဘ်က တနင်္လာနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဗျူနိုအေးရီးစ်တွင် ကျင်းပသည့် Ibero- America ရှေ့နေချုပ်များ ထိပ်သီးအစည်းအဝေးတွင် စကားပြောဆိုခဲ့စဉ်ဆက်ဘ်က အမှုဆောင်အရာရှိ ၅၀ ဖမ်းဆီးမှုကို အသိပေးကြောင်း ပြောကြားခဲ့သည်။ ဖမ်းဆီးခံရသူများအနက် ခြောက်ဦးမှာ အကြီးတန်းမန်နေဂျာများ ဖြစ်ကြသည်ဟု ဆိုသည်။

ယခုဆောင်ရွက်ခဲ့သည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုသည် ဗင်နီဇွဲလားနိုင်ငံ၏ ငွေကြေးလဲလှယ်မှုယန္တရားဟောင်းအတွင်း မှတ်ပုံတင်ခဲ့ သည့် ဆောင်ရွက်မှုဖြစ်ကြောင်း ဆက်ဘ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အီရန်၏ ကြားဝင်စွက်ဖက်မှုများက အာရပ်နိုင်ငံများကို အခဲမကျေဖြစ်စေခဲ့

*ကလျာမိုးမြင့်*

အာရပ်နိုင်ငံတွေရဲ့ ကိစ္စတွေမှာ အီရန်ရဲ့ကြားဝင်စွက်ဖက်မှုတွေကို အာရပ်နိုင်ငံခြားရေးဝန်ကြီးတွေက တနင်္ဂနွေနေ့မှာ ပြစ်တင်ရှုတ်ချခဲ့ကြပါတယ်။ ဆော်ဒီအာရေဗျက တောင်းဆိုခဲ့တဲ့ ထူးခြား အစည်းအဝေးအပြီးမှာ အာရပ်နိုင်ငံခြားရေးဝန်ကြီးတွေက အီရန်ရဲ့ တိုက်ချင်းပစ်ဒုံးကျည် ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုအပေါ် လုံခြုံရေး လုံခြုံရေးကို ထိန်းသိမ်းရမယ့် တာဝန်ကို ကျေပွန်စွာဆောင်ရွက်ဖို့ အာရပ်အုပ်စုကတောင်းဆိုသွားမယ်လို့လည်း ဖော်ပြချက်မှာပါ ရှိပါတယ်။ အီရန်နိုင်ငံက ဘာရိန်းနိုင်ငံမှာလည်း အကြမ်းဖက် အဖွဲ့အစည်းတွေကို ထောက်ပံ့ခြင်း၊ လက်နက်ပံ့ပိုးခြင်းနဲ့ ဂိုဏ်းဂဏဆိုင်ရာ ပြိုကွဲမှုတွေဖြစ်အောင် မွှေနှောက်ခြင်းတွေလုပ်ပြီး ဘာရိန်းနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ကြားဝင်စွက်ဖက်နေတယ်ဆိုပြီး အာရပ်နိုင်ငံခြားရေးဝန်ကြီးတွေက ပြစ်တင်ခဲ့တဲ့နိုင်ငံခြားရေးဝန်ကြီး မာမွတ်အလီယူဆပ်ဖ်က အာရပ်နိုင်ငံတွေရဲ့ပြည်တွင်းရေးကိစ္စရပ်တွေမှာ အီရန်ရဲ့ကြားဝင်စွက်ဖက်မှုကို ချက်ချင်းအရေးတကြီး ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်နေတဲ့ ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဖော်ပြခဲ့ပါတယ်။ အာရပ်ကိစ္စတွေမှာ ဝင်ရှုပ်နေတာတွေကြောင့် ယီမင်နိုင်ငံရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ပြန်လည်ရယူနိုင်ဖို့ ကြိုးပမ်းနေတာတွေ နောက်ကောက်ကျသွားနိုင်တယ်လို့ ၎င်းက အလေးအနက်ပြောဆိုခဲ့ပြီး အာရပ်ဒေသတွေအောက်မှာနေဖို့ကိုလည်း မလိုလားဘူးလို့ အဗူဂိတ်က ဖွင့်ဟခဲ့ပါတယ်။

အဗူဂိတ်ရဲ့ဖြည့်စွက်ပြောဆိုမှုတွေအရဆိုရင် အီရန်ရဲ့ကြားဝင်စွက်ဖက်မှုတွေက အတော်လေးပြည့်နှက်နေပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၀ ရက်က ဘာရိန်းနိုင်ငံက ရေနံပိုက်လိုင်းကို ပစ်မှတ်ထားတဲ့ ကိစ္စအပါအဝင် ကူဝိတ်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အီဂျစ်၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ဂျော်ဒန်၊ မော်ရိုကိုနဲ့ ဆူဒန်နိုင်ငံတွေမှာ လျှို့ဝှက်ထောက်လှမ်းမှုတွေ ချိတ်ပင်လယ်ကွေ့ဒေသနဲ့ အာရပ်နိုင်ငံတွေရဲ့ လုံခြုံရေးကိုပျက်ပြားအောင် လုပ်ဖို့ ကြိုးစားတဲ့ဘယ်နိုင်ငံကိုမှ ခွင့်ပြုမှာမဟုတ်သလို အဲဒီနိုင်ငံတွေရဲ့ ပြည်တွင်းရေးကို နှောင့်ယှက်နေတာတွေကိုလည်း လက်ပိုက်ကြည့်နေမှာမဟုတ်ဘူးလို့ ၎င်းက အလေးအနက်ထားပြောကြားခဲ့ပါတယ်။ အာရပ်နိုင်ငံခြားရေးဝန်ကြီးတွေဟာ ၎င်းတို့နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့နဲ့ ဒေသတွင်းမှာကြုံတွေ့ရတဲ့ လုံခြုံရေးပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းဖို့



ကောင်စီကချမှတ်ထားတဲ့ စည်းမျဉ်း ၂၂၃၁ ကို အီရန်က ချိုးဖောက်နေတာတွေနဲ့ပတ်သက်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ အကြောင်းကြားဖို့ အာရပ်အုပ်စုတွေကို ကုလသမဂ္ဂမှာ တောင်းဆိုသွားမယ်လို့ သိရပါတယ်။

ကိုယ့်နိုင်ငံကို ကာကွယ်ဖို့လို့ အီရန်က တွင်တွင်ပြောနေတဲ့ ၎င်းရဲ့ ဒုံးကျည်အစီအစဉ်ဟာ အာရပ်နိုင်ငံတွေရဲ့ အမျိုးသားလုံခြုံရေးကို ထိပါးလာနေတဲ့အတွက် ဒီလိုဆောင်ရွက်မှုက အီရန်ရဲ့လိမ်ညာမှုတွေကို တဖြည်းဖြည်း ပျက်ပြားလာစေလိမ့်မယ်လို့ ဖော်ပြထားပါတယ်။

ဒါ့အပြင် အီရန်ဟာ ယီမင်မှာရှိတဲ့ စစ်သွေးကြွတွေကို စစ်လက်နက်တွေ ထောက်ပံ့ပေးခြင်းအားဖြင့် လုံခြုံရေး စည်းမျဉ်းတွေကို ချိုးဖောက်ခဲ့ပြီး ကျူးကျော်ရန်စမှုကို ဖော်ပြတဲ့အနေနဲ့ အီရန်လုပ်တိုက်ချင်းပစ် ဒုံးကျည်ကို ယီမင်ကနေဆော်ဒီသို့ ပစ်ခွင်းလိုက်ခြင်းအားဖြင့် ဆော်ဒီ အပေါ် ပစ်မှတ်ထားနေကြောင်း ပြသခဲ့တယ်လို့ ထည့်သွင်းစဉ်းစားစရာရှိတဲ့အတွက် အီရန်ရဲ့ စည်းကမ်းချိုးဖောက်မှုကို UNSC သို့ အကြောင်းကြားဖို့ အာရပ်အုပ်စုတွေကို တိုက်တွန်းတောင်းဆိုသွားဦးမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ကုလသမဂ္ဂလုံခြုံရေး ကောင်စီအနေနဲ့ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ ရှုတ်ချခဲ့ကြပါတယ်။

ဒါတင်မကသေးပါဘူး။ အီရန်ဟာ ဘာရိန်းနိုင်ငံထဲမှာ အကြမ်းဖက်အုပ်စုတွေထူထောင်ဖို့ကြိုးပမ်းနေပြီး အဲဒီအကြမ်းဖက်အုပ်စုတွေကို လက်ဘနွန်မှာရှိတဲ့ဟစ်ဇ်ဘိုလာတွေနဲ့ အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့တွေက လေ့ကျင့်သင်ကြားပေးနေတာ ဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဟစ်ဇ်ဘိုလာတွေဟာ အာရပ်နိုင်ငံအများစုမှာ ရှိကြတဲ့ အကြမ်းဖက် အုပ်စုတွေကို အကူအညီပေးနေပြီး တိုက်ချင်းပစ်ဒုံးကျည် အပါအဝင် ခေတ်မီလက်နက်ဆန်းတွေကို ပံ့ပိုးပေးနေတယ်လို့ ဝန်ကြီးများအဖွဲ့က ပြောကြားလိုက်ပါတယ်။

ဆယ်စုနှစ်တွေ များစွာကြာအောင် ရှီးယိုက်အီရန်တွေဟာ ဆွန်နီတွေကြီးစိုးတဲ့ အာရပ်ကမ္ဘာကို ခြောက်လှန့်လာကြပြီး အာရပ်တွေကတော့ ပါရှန်းကို အာရပ်နိုင်ငံတွေမှာရှိတဲ့ အတိုက်အခံ အုပ်စုတွေနဲ့ အကြမ်းဖက်မှုတွေကို ကူညီ အားပေးပြီး အာရပ်ဒေသတည်ငြိမ်မှုကို ပျက်ပြားအောင်လုပ်နေတယ်လို့ စွပ်စွဲထားပါတယ်။ ဘယ်လိုပဲဖြစ်စေ အီရန်ကတော့ ၎င်းဟာ အိမ်နီးချင်းဖြစ်တဲ့ အာရပ်နိုင်ငံတွေနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရရှိဖို့ အမြဲကြိုးစားနေခဲ့တယ်ဆိုပြီး ဒီစွပ်စွဲချက်တွေကို လက်မခံဘဲငြင်းဆန်ခဲ့တာ ချည်းပါပဲ။

ဝန်ကြီးများ တွေ့ဆုံခဲ့တဲ့အစည်းအဝေးအတွင်းမှာ ကမကထဆောင်ရွက်အတွင်းမှာ အီရန်ရဲ့ မသမာတဲ့ လုပ်ဆောင်မှုတွေနဲ့ ပတ်သက်ပြီး ခိုင်မာတဲ့သဘောထား ရပ်တည်မှု ချမှတ်ဖို့ အာရပ်ထိပ်တန်းသံတမန်တွေကို တောင်းဆိုခဲ့ပါတယ်။

အာရပ်လိဂ် အထွေထွေအတွင်းရေးမှူး အဗူဂိတ်က အာရပ်မြို့တော်ကို တိုက်ချင်းပစ်ဒုံးကျည်နဲ့ ဥပဒေမဲ့ပစ်မှတ်ထားခြင်းနဲ့ စစ်သွေးကြွတွေကို အီရန်က ထောက်ပံ့ပေးနေတာတွေဟာ ဘယ်လိုမှ ပေါ့ပေါ့တန်တန် သဘောထားပြီး ဖြေရှင်းလို့ မရနိုင်တဲ့ကိစ္စဖြစ်တယ်လို့ ဆိုပါတယ်။ နိုဝင်ဘာ ၄ ရက်မှာ ရီယာ့ဒ်လေဆိပ်ကို ဟူသီစစ်သွေးကြွတွေ ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်ကျရောက်ထိမှန်မှုဟာ ဆော်ဒီအာရေဗျနိုင်ငံရဲ့ ကိစ္စရပ်တွေမှာ အီရန်ရဲ့ ဝင်ရောက်စွက်ဖက်နေမှုနဲ့ စည်းမျဉ်းချိုးဖောက်မှုတွေများစွာထဲက နောက်ထပ်အန္တရာယ်ကြီးတဲ့ အခန်းတစ်ခုဖြစ်တယ်။

ပြီးတော့ ဒုံးကျည်တွေဟာ အီရန်လုပ် ဒုံးကျည်တွေဖြစ်နေပြီး အီရန်က ကျူးကျော်ရန်စလိုတဲ့ သဘောထားကို ဖော်ပြလိုက်တယ်ဆိုတာ လုံးဝရှင်းလင်းနေတယ်။ ပြီးတော့ အာရပ်မြို့တော်ဟာ တီဟီရန်က ဒုံးကျည်တွေကျရောက်နိုင်တဲ့ အကွာအဝေးအတွင်းမှာရှိနေတယ်။ ဒီလို လုပ်တာမျိုးကို ဘယ်လိုမှလက်မခံနိုင်ဘူး။ အာရပ်နိုင်ငံတွေဟာ သူတို့ရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးအတွက် ကာကွယ်နိုင်တဲ့အပြင် ခြိမ်းခြောက်မှုဆက်လုပ်ဆောင်တဲ့သက်သေအထောက်အထားတွေပါ ပါဝင်ပါတယ်။

အီဂျစ် နိုင်ငံခြားရေးဝန်ကြီး ဆာမက် ရှူကရီကတော့ အီရန်ဟာ အာရပ်နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို လေးစားဖို့လိုနေပြီ၊ အဲဒီနိုင်ငံရဲ့ ပြည်တွင်းရေးတွေမှာဝင်ပြီး ခလောက်ဆန်နေတာကိုလည်း ရပ်သင့်ပြီလို့ ပြောပါတယ်။ အီရန်အနေနဲ့ အိမ်နီးချင်း အာရပ်နိုင်ငံတွေနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကို ဆက်လက်ထိန်းထားဖို့သာ လုပ်ဆောင်ရတော့မှာဖြစ်ပြီး အာရပ်ဒေသတွင်းမှာ သွေးထိုးလှုံ့ဆော်နေတာတွေကိုလည်း တစ်ခန်းရပ်ဖို့ ရှူကရီက တိုက်တွန်းပြောကြားလိုက်ပါတယ်။

ဒါ့အပြင် အီဂျစ်နိုင်ငံဟာ ခေါင်းချင်းဆိုင်နေရပါတယ်။

ဟူသီစစ်သွေးကြွတွေက ရီယာ့ဒ်ကိုပစ်ခတ်လိုက်တဲ့ တိုက်ချင်းပစ်ဒုံးကျည်ဟာ ဆော်ဒီအာရေဗျကို ကြမ်းဖန်များစွာတိုက်ခိုက်မှုလုပ်ဆောင်လာတဲ့ အီရန်ရဲ့ တိုက်ခိုက်မှုတွေထဲက တစ်ခုဖြစ်ပါတယ်။ ယီမင်မှာရှိတဲ့ ဟူသီအုပ်စုတွေက ပစ်ခတ်ခဲ့တဲ့ အီရန် လုပ်တိုက်ချင်းပစ်ဒုံးကျည် အရေအတွက်ဟာ ၈၀ ကျော်ရှိခဲ့ပြီဖြစ်ပါတယ်။

ဆော်ဒီအာရေဗျအနေနဲ့ ၎င်းရဲ့ ပြည်သူတွေ ဘေးကင်းစေဖို့အတွက် ၎င်းရဲ့အမျိုးသားလုံခြုံရေးကို ကာကွယ်ဖို့ ခုလိုတိုက်ခိုက်လာမှုတွေကို တုံ့ဆိုင်းခြင်းမရှိဘဲ ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ။

**ဆင်ဟွာ**

> “အီရန်အနေနဲ့ အိမ်နီးချင်း အာရပ်နိုင်ငံတွေနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကို ဆက်လက်ထိန်းထားဖို့သာ လုပ်ဆောင်ရတော့မှာဖြစ်ပြီး အာရပ်ဒေသတွင်းမှာ သွေးထိုးလှုံ့ဆော်နေတာတွေကိုလည်း တစ်ခန်းရပ်ဖို့ ရှူကရီက တိုက်တွန်း”

# သထုံမြို့နယ် ငါးလုပ်ငန်းစခန်း၌ ငါးသားပေါက်ဝယ်ယူသူများ၏ ရက်ချိန်းပြန်ပေး ရောင်းချပေးနေရ

**သထုံ နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံအတွင်း သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူများ စားနပ်ရိက္ခာ ပေါများလာစေရန်အတွက် သထုံမြို့နယ်ဂေါ့ကျေးရွာကြာအင်းကွင်းရှိ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်း(သထုံ) ငါးသားဖောက်လုပ်ငန်း၌ ငါးဆေးထိုးသားဖောက်၍ ငါးသားပေါက်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေသောကြောင့် ဒေသအတွင်း ငါးဝယ်ယူမွေးမြူသူများပြားလာသဖြင့် ဝယ်ယူသူများကို ရက်ချိန်းပြန်ပေး၍ ရောင်းချနေရသည်။ ၂၀၁၆/၂၀၁၇ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၄၁ သိန်းအထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သော်လည်း လုံလောက်အောင် ရောင်းချပေးနိုင်ခဲ့ခြင်း မရှိကြောင်း ငါးလုပ်ငန်းစခန်း(သထုံ)မှ သိရသည်။

"ငါးသားပေါက်တွေကို အမျိုးအစားအလိုက်မှာယူတဲ့ ငါးအကောင်ရေကို ဝယ်ယူသူမလာခင် တစ်ရက်အလိုမှာ ကန်ထဲက ငါးသားပေါက်တွေကို ပိုက်နဲ့ဆွဲပြီး အမျိုးအစားရွေးတယ်၊ ပြီးမှ တခြားကန်ထဲမှာရှိတဲ့ ခြင်ထောင် (ငါးလှောင်သည့်နေရာ) ထဲကို အရင်ထည့်တယ်၊ ငါးသားပေါက်တွေကို ကျန်းမာသန်စွမ်းအောင် တစ်ရက်ပြောင်းထားပေးရပါတယ်၊ ကိုယ်ရောင်းတဲ့ ငါးကစိတ်ချရမှ ရောင်းပေးပါတယ်၊ ခုအချိန်က လိုအပ်တဲ့ ငါး အမျိုးအစားအလိုက် လိုသလောက် မရောင်းပေးနိုင်တော့ဘူး၊ မွေးမြူတဲ့ ငါးကန်တွေကို ပြန်ပြီးဖော်ရတယ်၊ ကန်ပေါင်ပြန်ဖို့ရတယ်၊ ပြီးတော့ငါးရံ့တွေကို ပြန်ရှင်းထုတ်ရတယ်၊ ဒါကြောင့် တစ်ကန်ပြီးတစ်ကန် ပြန်ပြုပြင်ရတဲ့အချိန်ဆိုတော့ လိုသလောက် မရောင်းပေးနိုင်တဲ့အပြင် ဝယ်ယူတဲ့သူတွေကို ပြန်ပြီး ရက်ချိန်းပေးစောင့်ခိုင်းနေရတယ်၊ ငါးထုတ်လုပ်တဲ့ ဧရိယာကနည်းတဲ့အတွက် ငါးသားပေါက်ကောင်ရေ နည်းတာပါ" ဟု ငါးလုပ်ငန်းစခန်း (သထုံ) တာဝန်ခံဦးစီးအရာရှိ ဦးဝင်းဗိုလ်က ပြောသည်။

ထိုင်း၊ တရုတ်၊ လာအို စသည့်နိုင်ငံများသို့ သွားရောက်လေ့လာသင်ယူခဲ့သည့် ငါးသားဖောက် နည်းပညာများအရ ငါးမွေးမြူရေးဧရိယာ ကျယ်ရင် ကျယ်သလောက် ငါးမျိုးပြုစုခြင်း၊ ကန်ပြင်ဆင်ခြင်း၊ ငါးသားဖောက်ခြင်း၊ ငါးသားပေါက်ရောင်းချခြင်းများကို ယခုထက်ပို၍ တိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



အဆိုပါ ငါးလုပ်ငန်းစခန်း၏ ဧရိယာမှာ မျိုးငါးကန်ဧရိယာ နှစ်ဧကခွဲ၊ ငါးပြုစုကန် ဧရိယာခုနစ်ဧက စုစုပေါင်း ကိုးဧကခွဲသာရှိသောကြောင့် ငါးသားပေါက် ထုတ်လုပ်မှုပမာဏနည်းကြောင်းနှင့် ဝန်ထမ်းစုစုပေါင်း ငါးဦးသာရှိကြောင်း သိရသည်။

ငါးမြစ်ချင်း၊ ငါးခုံးမ၊ တီလားပီးယားငါးမျိုးများကို အများဆုံး ရောင်းချရပြီး ရွှေဝါငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးတန်၊ တောင်ပေါ်ငါးသလောက်၊ ရောင်စုံငါးကြင်းစသော ငါးသားပေါက်များကို ဇန်နဝါရီလမှ စက်တင်ဘာလအထိ ငါးသားဖောက်ခြင်းများကို လုပ်ဆောင်ပြီး တစ်နှစ်ပတ်လုံး ငါးသားပေါက် ရောင်းခြင်းနှင့် ငါးကန်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ကျေးလက်ဒေသ မီးလင်းရေးအတွက် အလှူငွေပေးအပ်လှူဒါန်း

**ပေါင်းတည် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် မဲခေါင်းအုပ်စု အုန်းနဲ့စမ်းကျေးရွာ၌ မီးလင်းနိုင်ရေးအတွက် ၂၀၀ ကေဗွီ ထရန်စဖော်မာနှင့် ထရန်စဖော်မာခြံအတွက် အလှူငွေပေးအပ်သည့် အခမ်းအနားကို နိုဝင်ဘာလဒုတိယပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အလှူရှင် ဦးသတိုးဟိန်း-ဒေါ်စိုးမာလာ (မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီ လီမိတက်) မိသားစုမှ ၂၀၀ ကေဗွီထရန် စဖော်မာနှင့် ထရန်စဖော်မာခြံအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ပြီး တိုင်းအနောက်ပိုင်း မြန်မာ့သြဘာလုပ်ငန်းစု တိုင်းမန်နေဂျာ ဦးနေလင်းထွန်း၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းတင်နှင့် မြန်မာ့သြဘာကိုယ်စားလှယ် ဦးစိုးဝင်းတို့က ထရန်စဖော်မာခြံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒေသခံတစ်ဦးက ကျေးရွာတွင် အိမ်ခြေ ၁၃၁ အိမ်ရှိရာ ၆၂ အိမ်မှာ လျှပ်စစ်မီးစတင် သုံးစွဲခွင့်ရရှိနေပြီဖြစ်ကြောင်း၊ ယခုလို လာရောက်လှူဒါန်းမှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**တင်ဝင်းဇော်(မင်သားကြီး)**



## ရေဆင်း - ၁ စပ်မျိုးနေကြာများအောင်မြင်ဖြစ်ထွန်း

**စကု နိုဝင်ဘာ ၂၂**

မင်းဘူး(စကု)မြို့နယ်တွင် ဆောင်းသီးနှံဖြစ်သောနေကြာကို စားသုံးဆီအစားထိုးသီးနှံအဖြစ် ဒေသတွင်း အများအပြားစိုက်ပျိုးထားကြပြီးယခုနှစ်တွင်အထွက်နှုန်းကောင်းနိုင်ကြောင်းကို နေကြာစိုက်တောင်သူများထံမှ သိရသည်။

"မင်းဘူး(စကု)မြို့နယ်အတွင်းတွင် ဆောင်းသီးနှံနေကြာကို နှစ်စဉ်ဧက ၃၅၀၀၀ ကျော်စိုက်ပျိုးခဲ့တယ်၊ အခုနှစ်မှာလည်းဧက ၃၀၀၀၀ ကျော် လျာထားခဲ့ပြီးလက်ရှိနေကြာစိုက်ဧက ၃၄၀၁၈ ဧကစိုက်ပျိုးပြီးဖြစ်ပါတယ်၊ တောင်သူအများစုက ဆင်းရွှေကြာ-၂ နဲ့ ရေဆင်း -၁ စပ်မျိုးတွေစိုက်ပျိုးကြပါတယ်၊ တစ်ဧကကိုတင်း ၅၀ လောက်ထွက်ရှိနိုင်ပြီး တခြားမျိုးစေ့နဲ့မတူ အစေ့၊ အဆန်သေးပြီးသီးတဲ့ အသီးထဲမှာလည်း အဆန်ပြည့်တော့ဆီကြိတ်မယ်ဆို တစ်တင်းကို နေကြာဆီလေးပိဿာလောက်အထိ ဆီထွက်တယ်၊ စီးပွားရေးအရတောင်သူတွေလည်း တွက်ခြေကိုက်တဲ့အတွက် စိုက်ပျိုးရေးဌာနအနေနဲ့ တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်လျက်ရှိပါတယ်" ဟုမင်းဘူး(စကု)မြို့နယ်စိုက်ပျိုးရေးဌာနမှ ဦးစီးမှူးဦးသိန်းနိုင်ဝင်းက ပြောသည်။

စိုက်ပျိုးရေးဌာနမှရေဆင်း -၁ စပ်မျိုးနေကြာကို မျိုးစေ့ထုတ်ပြီး ဒေသအတွက် မျိုးကောင်း၊ မျိုးသန့်များ နောက်နှစ်တွင် ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## မကွေးမြို့တွင် မိလ္လာ၊ အမှိုက်စွန့်ပစ်မှုနှင့် ရေပေးဝေမှုများ ဇုန်သတ်မှတ်ပြီး စနစ်တကျ ဆောင်ရွက်သွားမည်

**မကွေး နိုဝင်ဘာ ၂၂**

မကွေးမြို့တွင် မိလ္လာ၊ အမှိုက်စွန့်ပစ်မှုနှင့် ရေပေးဝေမှုများ စနစ်တကျဆောင်ရွက်နိုင်ရန် မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပြင်သစ်နိုင်ငံအခြေစိုက် INGO အဖွဲ့အစည်း Gret Myanmar တို့ပူးပေါင်း၍ ဇုန်သတ်မှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ခေတ္တ) ဦးမြင့်မြတ်ထံမှ သိရသည်။

မကွေးမြို့တွင် ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်ရှိပြီး အောင်ရတနာရပ်ကွက်ကို ရေပိုင်းလေ့ဇုန်သတ်မှတ်ကာ ကန်သာ၊ မြင်သာ၊ မင်းကန်ကြီးနှင့် ပြည်တော်သာ ရပ်ကွက်များကို သန့်ရှင်းရေးပိုင်း၊ အမှိုက်စို၊ အမှိုက်ခြောက်နှင့် စနစ်တကျ ထိန်းသိမ်းနိုင်စေရန်နှင့် မိလ္လာအညစ်အကြေးစနစ် စီမံခန့်ခွဲနိုင်ရန် အချက်အလက် ကောက်ယူ၍ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် ပြင်သစ်နိုင်ငံမှ INGO အဖွဲ့အစည်းတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခုဖြစ်တဲ့ လက်ရှိဆောင်ရွက်နေတဲ့ မိလ္လာအညစ်အကြေးစွန့်ပစ်စနစ်တွေရဲ့ စီမံခန့်ခွဲမှုတွေ၊ အမှိုက်စွန့်ပစ်ရေး စီမံခန့်ခွဲမှုတွေ၊ ရေပေးဝေမှု အခြေအနေတွေကို စာရင်းဇယားအရရော၊ မြေပြင်အခြေအနေအရပါ တိကျတဲ့အချက် အလက်တွေကောက်ယူမယ်၊ ရရှိတဲ့အချက်အလက်တွေအရ ဒီထက်ပိုကောင်းလာနိုင်အောင် ညှိနှိုင်းအဖြေရှာကာ ပိုစနစ်ကျအောင် ပြင်သစ်နိုင်ငံအခြေစိုက် GRET MYANMAR အဖွဲ့က ကူညီပံ့ပိုးပေးနိုင်ဖို့သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေ၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးပိုင်းနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေ ဘယ်လိုရှိတယ်ဆိုတာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။

ပြင်သစ်နိုင်ငံမှ INGO အဖွဲ့အစည်းက ရပ်ကွက်များအတွင်း မဝင်ရောက်နိုင်သည့် လမ်းကြောင်းများကို အမှိုက်များနည်းစနစ်တကျ သိမ်းဆည်းနိုင်ရန်နှင့် စနစ်တကျ အမှိုက်ပစ်နိုင်ရန်အတွက် အချက်အလက်များကောက်ယူ၍ နည်းပညာများပေးနိုင်ရန် ကွင်းဆင်း၍ စစ်တမ်းကောက်ယူခြင်းဖြစ်သည်။

မကွေးမြို့ပေါ်တွင် တစ်နေ့အမှိုက်တန်ချိန် ၇၀ ကျော်ထွက်ရှိနေသဖြင့် မြို့နယ်စည်ပင်သာယာမှ သိမ်ဆည်း၍ စီးပွားရေးလုပ်ငန်းများထံမှ တစ်လ ၁၅၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်ကောက်၍ သိမ်းဆည်းပေးကာ ၅၄ ရာခိုင်နှုန်း သိမ်းပေးနိုင်သည့်အပြင် ၂၀၃၀ ပြည့်နှစ်တွင် အမှိုက်ကင်းမဲ့ဇုန် သတ်မှတ်နိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇွဲထက်ရှင်**

## မြစ်ကြီးနားမြို့ သီတဂူစက္ခုဒါန ဆေးရုံတော်တွင် မျက်စိအခမဲ့ခွဲစိတ်ကုသပေးမည်

**မြစ်ကြီးနား နိုဝင်ဘာ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် အံတော်ရှင်စေတီတော် ပရိဝုဏ်အတွင်း ဖွင့်လှစ်ထားသော သီတဂူစက္ခုဒါန ဆေးရုံတော်တွင် ဒီဇင်ဘာ ၄ ရက်မှ ၇ ရက်အထိ အဌမအကြိမ်မြောက် မျက်စိအခမဲ့ကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံတော် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌထံမှ သိရသည်။

"ကျွန်တော်တို့ သီတဂူစက္ခုဒါနဆေးရုံတော်မှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စုစုပေါင်းမျက်စိဝေဒနာရှင်ပေါင်း ၁၉၈၉ ဦးကို အခမဲ့ မျက်စိ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်၊ အခုလည်း သီတဂူဆရာတော်ဘုရားကြီးရဲ့ လမ်းညွှန်မှုနဲ့အညီ အဌမအကြိမ်မြောက် မျက်စိခွဲစိတ်ကုသပေးဖို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကချင်ပြည်နယ်အတွင်း အမြို့မြို့အနယ်နယ်ရှိ ရပ်ကွက်/ကျေးရွာများတွင် မျက်စိရောဂါဝေဒနာ ဖြစ်ပွားလျက်ရှိသူများ အနေဖြင့် အခမဲ့ခွဲစိတ်ကုသမှု ခံယူလိုပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် နိုဝင်ဘာ ၂၅ ရက်မှစတင်၍ စာရင်းပေးသွင်းနိုင်ပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ဒေသခံပြည်သူများအနေဖြင့် သီတဂူ မျက်စိဆေးရုံတော်သို့ တိုက်ရိုက်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ မျက်စိခွဲစိတ်ကုသရန် လာရောက်သည့် လူနာများအတွက် အခမဲ့ ခွဲစိတ်ကုသပေးရုံသာမကကုသပေးနေသည့်ရက်အတွင်း နေထိုင်စားသောက်ရေးများကိုပါ သီတဂူစက္ခုဒါန ဆေးရုံတော်မှ ကုသိုလ်ဖြစ်တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## တတိယအကြိမ်မြောက် ကေတုမတီ ဗုဒ္ဓဝင်ပြိုင်ပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၂၂**

ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည် (၅၀၇)ခုနှစ်ပြည့် အထိမ်းအမှတ် တတိယအကြိမ်မြောက် ဗုဒ္ဓဝင်ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်က တောင်ငူမြို့တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ မြို့ပေါ်ရှိ ဓမ္မစကူးလ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓဝင်ပြိုင်ပွဲ၏ ပထမဆုငွေကျပ် ၁၅ သိန်းကို မောင်ပြည့်စုံဝင်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်းကို မကြည်ဖြူသန့်၊ တတိယဆု ငွေကျပ်ငါးသိန်းကို မဖူးပွင့်အိတို့က ရရှိကာ စတုတ္ထဆုငွေကျပ်လေးသိန်းကို နန္ဒရည်မြင့်၊ ပဉ္စမဆုငွေကျပ် သုံးသိန်းကို မမေသက်ပိုင်နှင့် ဆဋ္ဌမဆု ငွေကျပ်နှစ်သိန်းခွဲကို နန်းနှင်းဝေလှိုင်တို့က ရရှိခဲ့ကြကြောင်း သည်။

**သူရ(တောင်ငူ)**

## သရက်ဂေါက်ကွင်း နှစ် ၁၃၀ ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်

**သရက် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဂေါက်ကွင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် သရက်ဂေါက်ကွင်း နှစ် (၁၃၀) ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးကြပ်၍ Innwa Bank, PTTEP Co.,Ltd, Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar) တို့၏ အဓိက ကူညီပံ့ပိုးမှုနှင့် ဂေါက်သီးအားကစား ဝါသနာရှင်များ၏ ပါဝင်ပံ့ပိုးမှုများဖြင့် နိုဝင်ဘာ ၁၈ ရက်က သရက်မြို့သရက်ဂေါက်ကွင်းတွင် ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် သရက်ဂေါက်ကွင်းနှစ်(၁၃၀)ပြည့် အထိမ်းအမှတ် ကျောက်တိုင်ကို သရက်ဂေါက်ကွင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အင်းဝဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဌေးဦး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးကိုကိုအေးနှင့် တာဝန်ရှိသူတို့က အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ ဆက်လက်၍ အသင်းလိုက်ပြိုင်ပွဲ ၁၈ ကျင်းကို စတင်ကျင်းပရာ ယင်းပြိုင်ပွဲတွင် တစ်ဦးချင်း၊ အသင်းလိုက် အကြောပေးပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ပြိုင်ပွဲသို့မြန်မာပြည် အနှံ့အပြားမှ ဂေါက်သီးအားကစားဝါသနာရှင် ၁၆၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယင်းဂေါက်ကွင်းသည် ၁၈၈၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့၍ ယခုနှစ်တွင်နှစ်ပေါင်း ၁၃၀ ပြည့်ပြီဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၈)

သိပ္ပံစာရေးဆရာကိုကိုအောင်



၁၉၉၃ ခုနှစ်က ဂျပန်နိုင်ငံတွင်ဖြစ်ခဲ့သော ဆူနာမီကြောင့် အိုကုရှိရိကျွန်းပေါ်မှ ပျက်စီးမှုများ

ဘုဒ္ဒိဇာအစီး ၆၀ စာမျှ အင်အားကြီးမားပြီး ဘိုးရင်းဂျက်လေယာဉ်၏ အမြန်နှုန်းဖြင့် ကမ်းခြေများဆီသို့ ဝင်ရောက်လာသော ဆူနာမီလှိုင်းတံပိုးကြီးများ၏ ထူးခြားချက်မှာ ကြိုးကြာငှက်လေဟုန်စီးသကဲ့သို့ အသံမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင် ၂၀၀၄ ခုနှစ်က အိန္ဒိယသမုဒ္ဒရာ၌ မြေငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သော သီရိလင်္ကာ ဆူနာမီ ဖြစ်ရပ်တွင် လူရာပေါင်းများစွာတို့ ဆူနာမီလှိုင်းတံပိုးအောက် ရောက်ရှိသွားပြီး ရေနစ်သေဆုံးခဲ့ကြရခြင်းဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်လွန်းသော ဆူနာမီလှိုင်းတံပိုး၏ ရွေ့လျားသံကို လူတို့က မကြားနိုင်သော်လည်း ကြိမ်နှုန်းအလွန်နိမ့်သည့် အသံများကိုပင် အာရုံခံနိုင်စွမ်းရှိသော ဆင်တို့က ကောင်းစွာ ကြားကြရသည်။ ထို့ကြောင့်ပင် သီရိလင်္ကာ ဆူနာမီ ဖြစ်ပေါ်နေစဉ်က လှိုင်းတံပိုးကြီးများရွေ့လျားသံကို ကြားကြရသော ဆင်များသည် ဝရန်းသုဉ်းကားအော်ဟစ်ကာ ဦးတည်ရာမဲ့ ထွက်ပြေးခဲ့ကြသည့်အတွက် အဆိုပါဆင်များ ထွက်ပြေးလာခဲ့သည့် ကမ်းခြေရွာများဆီသို့ သွားရောက်ကြည့်ရှုသည့်အခါ ဆူနာမီလှိုင်းတံပိုးအောက်ရောက်ရှိပြီး ရေနစ်သေဆုံးသွားကြသူများကို အတုံးအရုံး တွေ့မြင်ခဲ့ကြရသည်။

ဆူနာမီလှိုင်းတံပိုးသည် တစ်ကြိမ်တည်းဖြင့် အပြီးသတ်လေ့မရှိဘဲ မိနစ်ပိုင်း သို့မဟုတ် နာရီပိုင်းမျှခြားပြီး ဆက်လက်ဖြစ်ပေါ်တတ်သော သဘာဝရှိသည်။ ဆူနာမီ၏သက်ရောက်မှုသည် ပင်လယ်ကမ်းစပ်များတင်မကဘဲ ပင်လယ်အတွင်းသို့စီးဝင်သည့် မြစ်ချောင်းများအတွင်း ထိတိုင် ရောက်ရှိနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

သဘာဝအလျောက် တည်ရှိနေကြသော သန္တာကျောက်တန်းများနှင့် ဒီရေရောက်တောများသည် ဆူနာမီ၏ အင်အားပြင်းထန်မှုကို သိသာစွာ လျော့ကျစေနိုင်သည်။ ပင်လယ်ကမ်းခြေသို့ ရောက်ရှိလာသည့် ဆူနာမီ၏ အင်အားပြင်းထန်မှုပမာဏသည် ဆူနာမီ စတင်ဖြစ်ပေါ်ရာနေရာနှင့် ကမ်းစပ်၏အကွာအဝေးတို့ပေါ်၌ မူတည်နေသလို ငလျင်ကြောင့် ပင်လယ်အောက်ကြမ်းပြင်၏ ကွဲအက်မှု အတိုင်းအတာပေါ်၌လည်း များစွာတည်မှီလျက်ရှိသည်။

ထို့ကြောင့်ပင် ဆူနာမီဖြစ်ပေါ်တိုင်း ပင်လယ်ကမ်းခြေဒေသများ၌ ရေမလှိုင်းတံပိုးကြီးများ ရိုက်ခတ်မည်ဟူ၍ တစ်ထစ်ချမမှတ်ယူနိုင်ပေ။ တစ်ခါတစ်ရံ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုမှာ ၃၀ စင်တီမီတာအောက်သာရှိပြီး ပုံမှန်အားဖြင့် လှိုင်းအမြင့် ၃ မီတာခန့်သာ ရှိတတ်သည်။ သာမန်ထက်ပြင်းထန်သော ထူးခြားဖြစ်စဉ်အချို့၌မူ ပင်လယ်ရေမျက်နှာပြင်သည် လှိုင်းတံပိုးကြီးများကြောင့် ၁၀ မီတာခန့်အထိ မြင့်တက်လာနိုင်ကြောင်း တွေ့ရှိရသည်။

ပင်လယ်ကမ်းရိုးတန်းတွင် အခြေချနေထိုင်သူများ၊ ကမ်းခြေကိုအခြေပြု၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ကမ်းရိုးတန်းရေတိမ်ပိုင်းတွင် သွားလာနေသောရေယာဉ်များ၊ ပင်လယ်ကမ်းခြေသို့ အပန်းဖြေခရီးထွက်နေသူများ၊ ကျောက်ဆောင်မီးပြတိုက်များတွင် တာဝန်ထမ်းဆောင်နေသူများသည် ဆူနာမီအန္တရာယ်ကို ထဲထဲဝင်ဝင် သိရှိထားသင့်ကြသည်။

ယေဘုယျဆန်ဆန်ဆိုရလျှင် အင်အားပြင်းထန်သော မြေငလျင်ကြီး လှုပ်ခတ်ပြီးသည်နှင့် ဆူနာမီဖြစ်ပေါ်လာနိုင်သည်ကို သတိပြု သင့်သည်။ ပင်လယ်ရေမျက်နှာပြင် ရုတ်တရက်ကျဆင်းခြင်းနှင့် ရုတ်ခြည်းမြင့်တက်ခြင်းတို့သည် ဆူနာမီ၏ ရှေ့ပြေးနိမိတ်များပင်ဖြစ်ကြရာ ထိုမြင်ကွင်းမျိုးကို ကြုံတွေ့ရပြီဆိုသည်နှင့် တစ်ပြိုင်နက် စဉ်းစားတွေဝေမနေဘဲ ငါးမိနစ်မျှအတွင်းမှာပင် နီးရာကုန်းမြင့်များပေါ်သို့ လျင်မြန်စွာ တက်ရောက်ရှောင်ရှားကြရမည်ဖြစ်သည်။

ဆူနာမီလှိုင်းတံပိုးမှာ အချိန်ပိုင်းမျှသာခြား၍ ထပ်မံဖြစ်ပေါ်လာနိုင်သည်ကိုလည်း သိရှိထားသင့်ပြီး အန္တရာယ်ကင်းရှင်းသည့် ကြေညာချက် တစ်စုံတစ်ရာ မရမချင်း လုံခြုံစိတ်ချရသည့်နေရာ၌သာ ခိုလှုံနေထိုင်ကြရမည်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသများရှိ ပင်လယ်အတွင်းသို့စီးဝင်သည့် မြစ်ချောင်းများသည်လည်း ဆူနာမီအန္တရာယ် ကျရောက်နိုင်ခြေရှိနေသည့်အတွက် အဆိုပါဒေသများ၏ မြစ်ကမ်းဘေးချောင်းကမ်းပါးများကိုလည်း ရှောင်ရှားကြရမည်ဖြစ်သည်။

ဆူနာမီလှိုင်းတံပိုးကြီးများသည် ကီလိုမီတာပေါင်း ထောင်ချီဝေးသော ကမ်းခြေများဆီသို့ နာရီအနည်းငယ်အတွင်းမှာပင် ရောက်ရှိလာနိုင်သည့်အတွက် ဆူနာမီ စတင်ဖြစ်ပေါ်ရာနေရာနှင့် ကီလိုမီတာ ၅၀၀၀ မျှသော အကွာအဝေးသည်ပင်လျှင် စိတ်မချရပေ။

ဆူနာမီ၏ အင်အားပြင်းထန်မှုကို ၁၉၉၃ ခုနှစ် ဇူလိုင် ၁၂ ရက်က ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းနှင့် အိုကုရှိရိကျွန်းများ၌ ဖြစ်ပေါ်ခဲ့သည့် ဆူနာမီဖြစ်ရပ်များက သက်သေပြခဲ့ပြီးဖြစ်သည်။ ထိုကျွန်းများ၏ကမ်းခြေ၌ ဆူနာမီလှိုင်းတံပိုး ရိုက်ခတ်မှုကို ဟန့်တားနိုင်ရန် ကြိုတင်တည်ဆောက်ထားခဲ့သည့် ရေမ ကွန်ကရစ်ရေတားနံရံကြီးများသည် ဆူနာမီလှိုင်းတံပိုးကြောင့် လွယ်လင့်တကူပင် ပြိုကျပျက်စီးသွားခဲ့သည်။

> “တစ်စုံတစ်ခုသောအကြောင်းကြောင့် ကြီးမားပြင်းထန်သော ပေါက်ကွဲမှုများဖြစ်ပွားခဲ့လျှင်လည်း ဆူနာမီဖြစ်ပေါ်လာနိုင်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက နယူးဇီလန်စစ်တပ်သည် ရန်သူ့နယ်မြေဆီသို့ ဆူနာမီလှိုင်းတံပိုးကြီးများ ရိုက်ခတ်စေရန် ရေအောက်ဖောက်ခွဲမှုကြီးကို လျှို့ဝှက်စွာ လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် ပေါက်ကွဲအား မလုံလောက်သည့်အတွက် ဆူနာမီအဆင့်သို့ ရောက်ရှိမလာခဲ့ပေ။ ဆူနာမီကိုဖြစ်ပေါ်စေနိုင်သော နောက်ဆုံး အကြောင်းရင်းတစ်ရပ်မှာ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်ပေါ်သို့ အာကာသအတွင်းမှ ဥက္ကာခဲများ လွင့်ပျံကျရောက်လာခြင်းပင်ဖြစ်သည်”

ထိုဖြစ်ရပ်ကိုအကြောင်းပြု၍ အခြားသော ဂျပန်ကမ်းခြေများ၌ ပို၍ ခိုင်ခံ့တောင့်တင်းသည့် ကွန်ကရစ် ရေတားနံရံကြီးများကို ထပ်မံဆောက်လုပ်ခဲ့ကြသော်လည်း ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ဆန်ဒိုင်းဒေသ ငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သော ဆူနာမီလှိုင်းတံပိုးကြီးများက လွယ်လင့်တကူပင် ဖြိုချဖျက်ဆီးပစ်ခဲ့ပြန်သည်။

ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်ပေါ်ခဲ့သော ဆူနာမီများ၏ ၈၀ ရာခိုင်နှုန်းသည် ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ဖြစ်ပွားခဲ့ကြောင်း သုတေသနပြုတွေ့ရှိကြရသည့်အတွက် သိပ္ပံပညာရှင်တို့သည် ဆူနာမီကြိုတင်သတိပေးစနစ်များကို ဖော်ယာ (Buoy)များတွင် တပ်ဆင်ပေးခဲ့ကြသည်။ ဖော်ယာများ၌ တပ်ဆင်ထားသော စက်ကိရိယာသည် အောက်ခြေဖိအားကို ခံစားသိရှိလွယ်သော Sensor များ၏ အကူအညီဖြင့် လွန်ကဲသောရေဖိအား၏အခြေအနေကို Monitor သို့ ချက်ချင်း သတင်းပေးပို့နိုင်သောကြောင့် ဆူနာမီဖြစ်ပေါ်မည့်အရေးကို ကြိုတင်သိရှိနိုင်ကြပြီဖြစ်သည်။

ဆူနာမီကိုဖြစ်ပေါ်စေနိုင်သော အကြောင်းရင်းများအနက် မြေပြိုခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ပင်လယ်ရေအောက်မြေပြိုခြင်း၊ ကမ်းရိုးတန်းဧရိယာ အများအပြားမြေပြိုခြင်း၊ ငလျင်ကြောင့် မြေပြိုခြင်းစသည်ဖြင့် မြေပြိုမှုပမာဏ ကြီးမားလွန်းပါက အစားထိုးဝင်ရောက်လာသောရေများကြောင့် ဆူနာမီ ဖြစ်ပေါ်လာနိုင်သည်။ ၁၉၅၈ ခုနှစ်က လီတူယာ ပင်လယ်အော်၌ မြေပြိုကျမှုကြောင့် မီဂါဆူနာမီဖြစ်ပွားခဲ့ခြင်းသည် မြေပြိုခြင်းကြောင့် ဖြစ်ရသော ဆူနာမီဖြစ်ရပ်၏ အထင်ရှားဆုံးသော သာဓကဖြစ်သည်။

ထို့ပြင် မီးတောင်များပွင့်အန်မှုကြောင့်လည်း ကြီးမားသောရေထုကြီးကို ရွေ့လျားမှုဖြစ်စေကာ ဆူနာမီကို ဖြစ်ပေါ်လာစေနိုင်သည်။ သာဓကအားဖြင့် ၁၈၈၃ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ ကရာကာတိုမီးတောင် ပွင့်အန်မှုကြောင့် မီတာ ၃၀ မြင့်သော ရေမ ဆူနာမီလှိုင်းတံပိုးကြီးများ ဖြစ်ပေါ်ကာ လူ ၃၀၀၀၀ ကျော် သေဆုံးခဲ့ကြရသည်။

တစ်စုံတစ်ခုသော အကြောင်းကြောင့် ကြီးမားပြင်းထန်သော ပေါက်ကွဲမှုများဖြစ်ပွားခဲ့လျှင်လည်း ဆူနာမီဖြစ်ပေါ်လာနိုင်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက နယူးဇီလန်စစ်တပ်သည် ရန်သူ့နယ်မြေဆီသို့ ဆူနာမီလှိုင်း တံပိုးကြီးများ ရိုက်ခတ်စေရန် ရေအောက်ဖောက်ခွဲမှုကြီးကို လျှို့ဝှက်စွာ လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် ပေါက်ကွဲအား မလုံလောက်သည့်အတွက် ဆူနာမီအဆင့်သို့ ရောက်ရှိမလာခဲ့ပေ။

ဆူနာမီကိုဖြစ်ပေါ်စေနိုင်သော နောက်ဆုံးအကြောင်းရင်းတစ်ရပ်မှာ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်ပေါ်သို့ အာကာသအတွင်းမှ ဥက္ကာခဲများ လွင့်ပျံကျရောက်လာခြင်းပင်ဖြစ်သည်။ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စရပ်မျိုး ဖြစ်သော်လည်း လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက စကြဝဠာအတွင်းမှ လွင့်မြောရောက်ရှိလာသည့် ရေမ ဥက္ကာခဲကြီးက ကမ္ဘာကိုဝင်တိုက်မိခြင်းကြောင့် အင်အားကြီးမားလှသော မြေငလျင်ကြီးနှင့်တကွ မဟာဆူနာမီဖြစ်ပေါ်ကာ ကမ္ဘာ့ကုန်းမြေများ အားလုံးနီးပါး ရေလွှမ်းမိုးခံခဲ့ရကြောင်းကို ခိုင်လုံသောအထောက်အထားများ တွေ့ရှိခဲ့ရပြီးဖြစ်သည်။

ဆူနာမီကိုဖြစ်ပေါ်စေနိုင်သော အကြောင်းရင်း အမျိုးမျိုးရှိသည့်အနက် ကမ္ဘာအရပ်ရပ်၌ ဖြစ်ပွားခဲ့သည့် ဆူနာမီဖြစ်စဉ်များ၏ ၉၅ ရာခိုင်နှုန်းကျော်မှာ အင်အားကြီးမားသော မြေငလျင်လှုပ်ခတ်မှုကြောင့်သာ ဖြစ်ပွားခဲ့ကြရခြင်းဖြစ်သည်။ အင်အားပြင်းထန်သော မြေငလျင်ကြီးများသည် ဆူနာမီကို ဖြစ်ပေါ်လာစေနိုင်သည်မှာ မှန်သော်လည်း အင်အားပြင်းငလျင်များ လှုပ်ခတ်ပြီးတိုင်း ဆူနာမီဖြစ်ပေါ်မည်ဟု တရားသေ မှတ်ယူခြင်း မပြုနိုင်ပေ။

ယနေ့ ခေတ်သစ်သိပ္ပံပညာရပ်များကိုအသုံးချကာ မြေငလျင်ကြောင့် ရေအောက်ကြမ်းပြင်၏ ကွဲအက်ရွေ့လျားမှုနှင့် နက်ရှိုင်းမှုစသည့် အချက်အလက်များအပေါ် အခြေခံပြီး ဆူနာမီဖြစ်ပေါ်နိုင်ခြင်း ရှိမရှိနှင့် အကယ်၍ ဖြစ်ပေါ်နိုင်ခြေရှိပါကလည်း မည်သည့်ဒေသ၊ မည်သည့်ကမ်းခြေတွင် ဆူနာမီလှိုင်းတံပိုးကြီးများ မည်သည့်အချိန်၌ ဖြစ်ပေါ်ရောက်ရှိလာမည်၊ အင်အားမည်မျှ ပြင်းထန်နိုင်သည် စသည်တို့ကို အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်နိုင်ကြပြီဖြစ်သည်။

ခေတ်မီသိပ္ပံပညာရပ်များဖြင့် ဆူနာမီအန္တရာယ်ကို ကြိုတင်သိရှိနိုင်ပြီဖြစ်သော ယနေ့အချိန်တွင် ဆူနာမီ သတိပေးထုတ်ပြန်ချက်များအပေါ် လျှော့မတွက်ကြဘဲ ယုံကြည်လေးစားစွာ လိုက်နာဆောင်ရွက်ကြခြင်းအားဖြင့် ကြောက်မက်ဖွယ်အလွန်ကောင်းသော သဘာဝဘေးဆိုးကြီးတစ်ခုမှ အန္တရာယ်ကင်းစွာ လွတ်မြောက်ရှင်သန်နိုင်ကြမည်ဖြစ်ပေသည်။

**မုန်တိုင်းတစ်ခု အခြေပြုဖို့**

ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပွားနေသော ဒေသတွင်းစစ်ပွဲများ၊ လူမျိုးစုပဋိပက္ခများ၊ ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ကူးစက်ရောဂါ အသွယ်သွယ်တို့ကြောင့် လူဦးရေ ၅၀၀၀၀ ခန့်မှာ နေ့စဉ် သေဆုံးနေကြရသည့်တိုင် ကမ္ဘာ့လူဦးရေသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ် သန်း ၈၀ နှုန်းဖြင့် တိုးပွားလာလျက်ရှိနေသည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်းကြောင့် စက်မှုကုန်ထုတ်လုပ်ငန်းများလည်း လျင်မြန်စွာ ဖွံ့ဖြိုးကြီးထွားလာခဲ့သည်။ သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းရေးအတွက် စက်တပ်ယာဉ်များကလည်း နှစ်စဉ် သန်းနှင့်ချီ၍ တိုးပွားလာနေသည်။ တစ်ဖက်တွင်လည်း စားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်ရေးအတွက် သဘာဝလွှန်နည်းလမ်းများကို သုံးစွဲမှုများက ကြောက်ခမန်းလိလိ တိုးပွားလာနေလျက်ရှိနေသည်။

ကမ္ဘာပေါ်ရှိ သန်းနှင့်ချီသော စက်မှုလုပ်ငန်းများ၊ ဘီလီယံနှင့်ချီသော အင်ဂျင်စက်များနှင့် မော်တော်ကားများက ကာဗွန်ဓာတ်ငွေ့တန်ချိန်ပေါင်းများစွာကို အချိန်နှင့်အမျှ စွန့်ထုတ်လျက်ရှိနေကြသလို ကောက်ပဲသီးနှံစိုက်ခင်းများတွင် အသုံးပြုနေကြသော ဓာတ်မြေသြဇာများကြောင့် မီသိန်းဓာတ်ငွေ့ တန်ချိန်ပေါင်းများစွာတို့ကလည်း နေ့စဉ်လေထုထဲသို့ ရောက်ရှိနေကြသည်။

ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့များအပါအဝင် လူ့ပယောဂကြောင့် ထွက်ပေါ်လာသော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များကြောင့် ကမ္ဘာ့အပူချိန်က မြင့်တက်လာနေသလို ပင်လယ်နှင့် သမုဒ္ဒရာရေများကလည်း ပို၍ပူနွေးလာလျက်ရှိသည်။ ရေခဲတောင်နှင့် ရေခဲမြစ်များကလည်း အရည်ပျော်နှုန်းမြင့်မားကာ ပင်လယ်ရေမျက်နှာပြင်ကလည်း တဖြည်းဖြည်း မြင့်တက်လာလျက်ရှိနေသည်။

ထို့ပြင် လူတို့၏ဖန်တီးမှုများကြောင့် ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုစုပေါင်း၏ လေးပုံတစ်ပုံကို ပင်လယ်နှင့် သမုဒ္ဒရာရေများက စဉ်ဆက်မပြတ် စုပ်ယူနေရသည့်အတွက် ကာဗွန်နစ်အက်စစ် ပျော်ဝင်မှုပမာဏ မြင့်မားကာ ပင်လယ်ရေ၏ အချဉ်ပေါက်နှုန်းက မြင့်တက်လျက်ရှိနေပြန်သည်။

ထိုကဲ့သို့သော အခြေအနေအရပ်ရပ်တို့က သဘာဝဘေးအန္တရာယ် တစ်မျိုးဖြစ်သော မုန်တိုင်းများကို ဖိတ်ခေါ်လျက်ရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါအခြေအနေများသည် မုန်တိုင်းတစ်ခု အစပြုရန်အတွက် အခြေခံအချက်များအားလုံးနှင့် ပြည့်စုံနေသောကြောင့်ပင်ဖြစ်သည်။

ကမ္ဘာအရပ်ရပ်၌ ပင်လယ်ပြင်များကို ဗဟိုပြု၍ မုန်တိုင်းတစ်ခု ဖြစ်တည်တိုက်ခတ်နိုင်ရန် အဓိကအားဖြင့် အချက်သုံးချက်နှင့် ကိုက်ညီနေရမည်ဖြစ်သည်။ ပထမအချက်မှာ အများပြည်သူတို့ ကြားဖူးနားဝရှိကြသော လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်တည်နေရမည်ဖြစ်သည်။ ဒုတိယအချက်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်တည်ရာ ပင်လယ်ရေပြင်၏ အပူချိန်သည် ၂၆ ဒီဂရီ ဆဲလ်စီးယပ်စ်နှင့်အထက်တွင် ရှိနေရမည်ဖြစ်သည်။ တတိယအချက်မှာကား လေဖိအားနည်းရပ်ဝန်းဖြစ်တည်ရာ ပင်လယ်ရေပြင်သည် အက်စစ်ပါဝင်နှုန်း မြင့်မားနေရမည်ဖြစ်သည်။

တစ်နေ့တခြား အပူချိန်တိုးလာနေသော ပင်လယ်ရေသည် ၂၆ ဒီဂရီ ဆဲလ်စီးယပ်စ်နှင့်အထက်သို့ လွယ်လင့်တကူ ရောက်ရှိလာနေသလို ကာဗွန်ဓာတ်ငွေ့များကို စဉ်ဆက်မပြတ် စုပ်ယူနေရသော ပင်လယ်ရေများကလည်း အက်စစ်ပါဝင်နှုန်း သိသိသာသာ မြင့်မားလာလျက်ရှိနေသည်။

ထို့ကြောင့်ပင်လျှင် ယနေ့မျက်မှောက် ကမ္ဘာကြီး၌ ပင်လယ်ပြင်များကိုဗဟိုပြု၍ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်တည်လာပြီဆိုသည်နှင့် မုန်တိုင်းအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားရန် အခွင့်အလမ်းက ပို၍အလေးသာလျက် ရှိနေသည်။ ဤသို့သောအကြောင်းများကြောင့်ပင် ၂၁ ရာစုထဲ၌ ၂၀ ရာစုကာလများကထက် မုန်တိုင်းဖြစ်ပေါ်မှု အကြိမ်ရေ ပိုမိုများပြားလာခြင်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကြောင့် ဆယ့်နှစ်ရာသီပတ်လုံး အေးခဲနေသည့် ဝင်ရိုးစွန်းဒေသမှ ရေခဲလွှာများ အရည်ပျော်ကျဆင်းကာ ပင်လယ်နှင့်သမုဒ္ဒရာများအတွင်းသို့ စီးဆင်းဝင်ရောက်မှုမှာလည်း တစ်နေ့တခြား များပြားလာလျက်ရှိနေသည်။ ဝင်ရိုးစွန်းရေခဲလွှာများမှ အရည်ပျော်ကျဆင်းလာသော ရေများသည် ရေချိုများဖြစ်ကြသည့်အတွက် နေအပူရှိန်ကြောင့် ထိုရေချိုများ အငွေ့ပျံကြသည့်အခါ ကောင်းကင်ယံ၌ ထူထဲသောတိမ်တိုက်ကြီးများကို ဖြစ်ပေါ်လာစေသည်။ အဆိုပါ ထူထဲသောတိမ်တိုက်ကြီးများကြောင့် ကမ္ဘာမြေပေါ်၌ အင်အားပြင်းထန်သော ဟာရီကိန်းမုန်တိုင်းကြီးများ ဖြစ်ပေါ်လာလေ့ရှိသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# ရွှေစည်းခုံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်ပြီးစီးမှု အောင်ပွဲကျင်းပ



**ညောင်ဦး နိုဝင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ ကောင်းမှုတော်ဖြင့် တည်ထားကိုးကွယ်တော်မူခဲ့သော စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည့် ရွှေစည်းခုံစွယ်တော်မြတ် စေတီတော်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပြီးစီးမှု ရွှေပြည့်အောင်ပွဲနှင့် ဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က ညောင်ဦးမြို့ ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ ဝေဇယန္တာဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးအား အမှူးပြုသော ပင့်သံဃာဆရာတော်ကြီး အပါး ၁၀၀ က ရွှေစည်းခုံစေတီတော်ကြီးအား လက်ယာရစ်လှည့်ပတ်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ကာ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က သာသနာရေးဆိုင်ရာများကို ဆရာတော်ကြီးများထံ လျှောက်ထားတင်ပြသည်။ ထို့နောက် ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်က လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်ပြီးစီးမှုအခြေအနေများနှင့် ဆောင်ရွက်ခဲ့မှုလုပ်ငန်းစဉ်များကို ဆရာတော်ကြီးများအား တင်ပြလျှောက်ထားခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဂေါပကအဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီး၏ ဓာတ်တော်တိုက်တွင် ထာဝရကိန်းဝပ်စံပယ်နေတော်မူရန် ရည်သန်၍ စွယ်တော်ပွားတစ်ဆူကို ဗန်းမော်ဆရာတော်ကြီးက ပေးအပ်လှူဒါန်းရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က လက်ခံရယူခဲ့သည်။

ဆက်လက်၍ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာအပါး ၁၀၀ အား ဧည့်ပရိသတ်များက ဝေဇယန္တာဗိမာန်တော်ကြီး၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## မိုးညှင်းမြို့နယ် စာဆိုတော်နေ့ အခမ်းအနားကျင်းပ

**မိုးညှင်း နိုဝင်ဘာ ၂၂**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ ၁၃၇၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း နာယက ဦးအေးသိမ့်(ရွှေညှင်းအေးသိမ့်)က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဦး(သစ္စာ-မိုးညှင်း)က မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)မှ ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်း အမှုဆောင် ဦးကျော်ကျော်ဝင်းက ရှေးစာဆိုတော်ကြီးများနှင့် စာပေ အကြောင်းများကို ဟောပြောပြီး ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဦး(သစ္စာ-မိုးညှင်း)က ဟတ္ထိပါလဇာတ်တော်(ကိုးခန်းပျို့) နှင့် အသဃဒိသဇာတ်တော်တို့ကို အကျဉ်းချုပ် ဟောပြောခဲ့ကြောင်း သိရသည်။ **နီတိုး**



**ကျောင်းသား၊ ကျောင်းသူများ သင်္ချာပညာနှင့် အင်္ဂလိပ်စာ၊ စကားပြောစွမ်းရည် မြင့်မားစေရေးအတွက် သံဖြူဇရပ်မြို့နယ် ပညာရေးဌာန၏ စီစဉ်မှုဖြင့် မြို့နယ်အဆင့် သင်္ချာနှင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကို သံဖြူဇရပ်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၈နှင့် ၁၉ရက်က ကျင်းပခဲ့ရာ ကျောင်းသားတစ်ဦး ဖြေဆိုယှဉ်ပြိုင်နေစဉ်။**(စွမ်းရည်ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ စတုတ္ထတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားကျောင်းသူ ၁၅၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ရေးဖြေနှင့် နှုတ်ဖြေ နှစ်မျိုး ဖြေဆိုရကြောင်း သိရသည်)
**ကျော်ဝင်း(ပြန်/ဆက်)**

## လူထုဗဟိုပြုစီမံကိန်း ကျေးရွာလုပ်ငန်းခွဲများ ရွေးချယ်

**ကျောက်တန်း နိုဝင်ဘာ ၂၂**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း ဒုတိယစက်ဝန်းစတင်ရန်အတွက် ကျေးရွာပြည်သူများနှင့် စီမံကိန်းမိတ်ဆက်အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်က တမံကြီးကုန်းကျေးရွာ ဇောတိကာရုံကျောင်းတိုက်၌ ကျင်းပသည်။

ယင်းအစည်းအဝေးပွဲတွင် လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူး ဦးငွေဖြိုးလွင်နှင့် လက်ထောက် နည်းပညာမှူး ဦးဂျေမောင်မောင်တို့က စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း၊ လူမှုဆန်းစစ်ခြင်းများ ပြုလုပ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ ရွေးချယ်ခြင်း၊ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များ ရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**စိုးဝင်း(ကျောက်တန်း)**

## ဖလမ်းခရိုင်ရှိ ဆေးရုံနှင့် ပြည်သူများအတွက် ဘီးချဲ ၅၀ လှူဒါန်း




**ရိခေါဒါရ် နိုဝင်ဘာ ၂၂**
ရန်ကုန်အခြေစိုက် NGO တစ်ခုဖြစ်သည့် 'မျှဝေရွှင်လန်းခြင်း' လူမှုရေးအသင်းနှင့် အမေရိကန်နိုင်ငံမှ Tiny Share of Field Activity အဖွဲ့တို့ ပူးပေါင်း၍ ဖလမ်းခရိုင်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံအချို့၊ တိုက်နယ်ဆေးရုံအချို့၊ ကျေးလက်ဆေးပေးခန်းအချို့နှင့် ရပ်ကွက်/ကျေးရွာများမှ မသန်စွမ်းပြည်သူများ အသုံးပြုရန် ဘီးချဲ အစု ၅၀ ကို နိုဝင်ဘာ ၁၈ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘီးချဲများ လှူဒါန်းပွဲတွင် မျှဝေရွှင်လန်းခြင်းလူမှုရေး အသင်းဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာစိုင်းရိမာက အသင်း၏ဖွဲ့စည်းပုံ၊ လူမှုရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် ဘီးချဲ လှူဒါန်းရခြင်း အကြောင်းများကို အသေးစိတ်ရှင်းလင်း ပြောကြားပြီး မြို့နယ် ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် မသန်စွမ်းပြည်သူများထံသို့ ဘီးချဲများ ပေးအပ်လှူဒါန်းခဲ့သည်။

ဘီးချဲများကို လှူဒါန်းရာတွင် ဖလမ်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် တီးတိန်မြို့နယ်ပြည်သူ့ဆေးရုံသို့ ငါးခုစီ၊ ရိခေါဒါရ်မြို့ တိုက်နယ်ဆေးရုံနှင့် သီးဘွာလ်ကျေးရွာ တိုက်နယ်ဆေးရုံသို့ နှစ်ခုစီ၊ ဆအက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် ဆယ်ပီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သုံးခု၊ ရိခေါဒါရ်မြို့၊ ဖလမ်းမြို့နှင့် တီးတိန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ၂၄ ရွာ အတွက် ၂၅ ခုနှင့် မသန်စွမ်းပြည်သူ ရှစ်ဦးတို့အား တစ်ခုစီ စသည်ဖြင့် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**မြို့နယ် (ပြန်/ဆက်)**

## မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်စဉ်က ပါဝင်သွားသည့် လယ်မြေများအတွက် လျော်ကြေးပေး

**သာစည် နိုဝင်ဘာ ၂၂**
မိတ္ထီလာခရိုင်အတွင်း မြို့ရှောင်လမ်းဖောက်လုပ်စဉ်က ပါဝင်သွားသည့် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာမှ လယ်ယာမြေများအတွက် မြေပိုင်ရှင်တောင်သူများအား လျော်ကြေးငွေများကို နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်ခဲ့ကြောင်း မြို့ရှောင်လမ်း လျော်ကြေးငွေပေးချေရေးကော်မတီမှ သိရသည်။

လယ်ယာမြေဆုံးရှုံးခဲ့ကြသည့် တောင်သူ ၁၉၈ ဦးတို့အား မြို့ရှောင်လမ်း လျော်ကြေးငွေပေးချေရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် ကော်မတီဝင်များက ခေါ်ယူတွေ့ဆုံ၍ တောင်သူတစ်ဦးချင်းထံသို့ လျော်ကြေးငွေများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မြို့ရှောင်လမ်းဖောက်လုပ်စဉ်က လယ်ယာမြေများပါရှိသွားသည့် မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှာ ကုန်းတောင်း၊ အပျောက်၊ ညောင်အိုင်၊ တမာကုန်းနှင့် သပြေဝကျေးရွာများဖြစ်ပြီး လမ်းမြေအဖြစ် ပါရှိသွားသည့် လယ်ယာမြေဧရိယာ စုစုပေါင်း ၁၅၁ ဒသမ ၀၇ ဧကရှိကြောင်း သိရသည်။

ယခု လျော်ကြေးငွေများ ပေးအပ်ရာတွင် ပထမအကြိမ်အဖြစ် လယ်ယာမြေ ၁၄၂ ဒသမ ၄၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် လျော်ကြေးငွေပေးအပ်ခြင်း ဖြစ်သည်။

ကျန်ရှိနေသော လယ်ယာမြေဧရိယာ ၈ ဒသမ ၆၆ ဧကအတွက်လည်း အမြန်ဆုံး လျော်ကြေးငွေပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။
**မောင်ကို(သာစည်)**

## မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးတန်ဖိုးမြှင့်လုပ်ငန်းများဖွံ့ဖြိုးရေး အလုပ်ရုံ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၂**
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး တန်ဖိုးမြှင့်လုပ်ငန်းများ ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင် အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ တတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး တာဝန်ရှိသူများက စိုက်ပျိုးရေး တန်ဖိုးမြှင့်လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသည် ကျေးလက်ဒေသ တိုးတက်ဖွံ့ဖြိုးရေး၊ နိုင်ငံ့စီးပွား တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အဓိက အထောက်အကူပေးနိုင်သော စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်တင်သော လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် လိုအပ်ချက်များ၊ အားနည်းချက်များ၊ အားသာချက်များကို ဆွေးနွေးအဖြေရှာဖော်ထုတ်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ မြန်မာ စိုက်ပျိုးရေးအစားအစာမှ ဦးကျော်ဝင်း၊ အစားအစာ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးချို၀င်းမော်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ လားရှိုးတက္ကသိုလ်တို့မှ သင်ကြားရေးဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။
**ဇူလိုင်မိုး၊ ဓာတ်ပုံ- မေမိုးသဲ**

## ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံ

**လေရှီး နိုဝင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၂၀ ရက်က လေရှီးမြို့အထက ချယ်ရီဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးမိုးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မင်းထွဋ်က ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ် ကုန်သည်စက်မှုအသင်းရုံး ဟားခါး၌ဖွင့်လှစ်

**ဟားခါး နိုဝင်ဘာ ၂၂**

ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (Chin State Chambers of Commerce and Industry-CSCCI) ရုံးကို ဟားခါးမြို့ ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာရပ်ကွက်၌ ဖွင့်လှစ်ခဲ့ပြီး ရုံးဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက်က အဆိုပါရုံး၌ ကျင်းပခဲ့သည်။

ရုံးဖွင့်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများက ရုံးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့သည်။

ချင်းပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(CSCCI)ကို ယခုနှစ် ဇွန် ၃ ရက်က တရားဝင် စတင်ဖွဲ့စည်းခဲ့ပြီး စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် SME ကော်မတီ၊ ပြည်တွင်းပြည်ပဆက်ဆံရေး လုပ်ငန်းကော်မတီ၊ သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးနှင့်အသင်းသားဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆောက်လုပ်ရေး ကော်မတီ စသည့် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အခမ်းအနားကျင်းပ

**ထန်တလန် နိုဝင်ဘာ ၂၂**

(၂၈)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ (UNCRC Day) အထိမ်းအမှတ် အခမ်းအနားကို ချင်းပြည်နယ် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်ချိုဦးက ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းမှ ကလေးငယ်များ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းမှ KG တန်း ကလေးငယ်များက သီချင်းများဖြင့် ဖျော်ဖြေကြပြီး Save the Children မှ တာဝန်ခံ ဦးအောင်မျိုးမင်းက (UNCRC Day) ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် KG တန်း ကလေးငယ်များအား ဆုချီးမြှင့်ပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာပေးအစီအစဉ် ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Habitat For Humanity အဖွဲ့နှင့် တက္ကသိုလ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများပါဝင်သော (Care Teen) လူငယ်ပရဟိတအဖွဲ့တို့ ပူးပေါင်းကာ ကလေးငယ်များ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် ပညာပေးအစီအစဉ်ကို ဒလမြို့နယ် ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာပေးအစီအစဉ်များ ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မေရီစိုးက အမှာစကားပြောကြားခဲ့ပြီး အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်တင်တင်အေးနှင့် ကျောင်းသား ကျောင်းသူလေးများက ကျောင်းကျန်းမာရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် လက်ဆေးခြင်းဆိုင်ရာ ကလေးကဗျာများကို ရွတ်ဆိုကြသည်။ ထို့နောက် တက္ကသိုလ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကလေးငယ်များအတွက် စိတ်ခွန်အား မြှင့်တင်ပေးသည့် အကြောင်းအရာများပါဝင်သော ပုံပြင်များ ပြောခြင်းနှင့် တေးသရုပ်ဖော်အစီအစဉ်များ ပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဒလမြို့ အမက(၇)မှ ကျောင်းသား ကျောင်းသူ ၁၀၀ ခန့် တက်ရောက်ခဲ့ပြီး ကလေးများ တစ်ကိုယ်ရေသန့်ရှင်းစင်ကြယ်စေရေးအတွက် ဆပ်ပြာဖြင့် လက်ဆေးခြင်းကို ပြသသင်ကြားပေးကာ အာဟာရမုန့်နှင့် အချိုရည်ဘူး များလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြ

**မိတ္ထီလာ နိုဝင်ဘာ ၂၂**

မိတ္ထီလာမြို့နယ်အတွင်း ခေတ်ကင်းလွတ်သည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အထောက်အကူပြုစေမည့် အီးအမ်အဏုဇီဝသက်ရှိ(Effectives Micro Organism)ဖြင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြပွဲကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီး၍ နိုဝင်ဘာ ၂၀ ရက်က ဇော်ချမ်းကုန်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်ငြိမ်းက သဘာဝသစ်ဆွေးမြေဩဇာ ပြုလုပ်သုံးစွဲခြင်းဖြင့် သီးနှံပင်များမှ အနည်းလို အာဟာရဓာတ်များ ရရှိကာ သီးနှံပင်များ ပိုမိုဖြစ်ထွန်းနိုင်ခြင်း၊ စေးသောမြေကို ဖွယ်စေပြီး ဖွယ်သောမြေကို စေးစေသည့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိကို ပြောင်းလဲစေနိုင်ခြင်း၊ ကုန်ကျစရိတ် သက်သာစေခြင်း၊ မြေဆီလွှာအတွင်းရှိ ရေနှင့် အစိုဓာတ်ကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်ခြင်း၊ သီးနှံပင်အကြွင်းအကျန်များကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ ဓာတုကင်းလွတ်သည့်သီးနှံများ ထုတ်လုပ်ရာတွင် အထောက်အကူဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရှမ်းတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော် သီပေါ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**သီပေါ နိုဝင်ဘာ ၂၁**



ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများ စာပေနှင့် ယဉ်ကျေးမှု ကော်မတီမှ ကြီးမှူး၍ ၂၁၁၂ ခုနှစ် ရှမ်းနှစ် ရှမ်းတိုင်းရင်းသားများ ရိုးရာနှစ်သစ်ကူးပွဲတော် (ပီမိုင်တိုင်း)ကို နိုဝင်ဘာ ၁၉ ရက်က သီပေါမြို့နယ် ဝိုင်းကောင် (မြို့ဟောင်း) ကျေးရွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကွင်းဝန်း၌ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်စင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆာအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် သဘာပတိ ဦးစိုင်းဆန်စိုင်း (မန်ဟဲ)က အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ရှမ်းနှစ်သစ်ကူး ဖြစ်ပေါ်လာပုံနှင့် နှစ်သစ်ကူးပွဲတော်ကို နတ်တော်လ အတွင်း နှစ်စဉ်ကျင်းပခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရှမ်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ နှင့် နိုင်ငံရေးပါတီများမှ ပေးပို့သော သဝဏ်လွှာကို ဦးစိုင်းထွန်းလှိုင်က ဖတ်ကြားသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားရိုးရာ တေးသီချင်းဖြင့် အကပဒေသာများ၊ ရှမ်းအိုးစည် တီးဝိုင်းများဖြင့် ဖျော်ဖြေ တင်ဆက်ကြပြီး တက်ရောက်လာသူများကို ရှမ်းရိုးရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# ဟိုတယ်များမှ သီးသန့် မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းများအား အခြေခံမီးသတ်ပညာသင်တန်း ပို့ချ

**စစ်ကိုင်း နိုဝင်ဘာ ၂၂**

စစ်ကိုင်းဇုန်အတွင်းရှိ ဟိုတယ်များမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းများအား အကြို အခြေခံမီးသတ်ပညာသင်တန်းကို မုံရွာခရိုင်မီးသတ်တပ်ဖွဲ့က ကြီးမှူး၍ နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲကို မုံရွာခရိုင်မီးသတ်တပ်ဖွဲ့စခန်း၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့ပြီး အဆိုပါ သင်တန်းတွင် မီးသတ်ပညာနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး



ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ ဟိုတယ်များမှ သီးသန့် မီးသတ်တပ်ဖွဲ့ဝင် ၃၂ ဦး တက်ရောက်ကြောင်း၊ အဆိုပါ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား သင်ပေးလိုက်သည့် ပညာရပ်များ ပြည်သူလူထုထံ စိမ့်ဝင်ပျံ့နှံ့ပြီး မီးဘေးနှင့်သဘာဝဘေး ကျရောက်လာပါက သန္နီမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်သင်ကြားပေးခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးက ပြောသည်။

"အဓိကက ဟိုတယ်များရဲ့ မီးဘေးကာကွယ်ရေးနဲ့ မီးဘေးလုံခြုံရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ဖွင့်လှစ်တာပါ၊ သင်တန်းမှာ လက်နက်မဲ့ စစ်ရေးပြဘာသာရပ်တွေ၊ မီးလောင်မှုအခြေခံသဘောတရားတွေ၊ မီးသတ်ပစ္စည်းကိရိယာတွေ၊ မီးသတ်ဦးစီးဌာနရဲ့ရည်မှန်းချက်တာဝန်တွေနဲ့ လုပ်ငန်းစဉ်တွေ၊ အရန်မီးသတ်တပ်ဖွဲ့ရဲ့ တာဝန်နဲ့ ဝတ္တရားတွေ၊ အခြေခံကြိုးချည်နည်းတွေ၊ သဘာဝဘေး လျော့ပါးရေးမှာ မီးသတ်တပ်ဖွဲ့ဝင်တွေ မဖြစ်မနေသိထားသင့်တဲ့ သင်ခန်းစာတွေကို စာတွေ့လက်တွေ့ သင်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးစီးမှူးက ဆက်ပြောသည်။

ဟိုတယ်များ မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုတန်ဖိုးများသလို လူ့အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်သည်ကို ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မီးလောင်မှုဖြစ်စဉ်အရ သိနိုင်ကြောင်း၊ ဟိုတယ်အများစုအနေဖြင့် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုချက်များနှင့်အညီ တည်ဆောက်မှုမရှိခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လုံလုံလောက်လောက် မရှိခြင်းနှင့် မီးသတ်တပ်ဖွဲ့နှင့်ပူးပေါင်းပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားမှု မရှိခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်သည်ကို တွေ့ရကြောင်းလည်း ဦးစီးမှူးက ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပွန်တွန်းဇောတံတား ပထမကြမ်းခင်းပြုပြင်သဖြင့် ယာဉ်ဖြတ်သန်းခွင့် ခေတ္တပိတ်

**ကျုံဒိုး နိုဝင်ဘာ ၂၂**



တံတားပြုပြင်ပြီးနောက် ကုန်တင်ယာဉ်ကြီးတစ်စင်း ဖြတ်သန်းနေစဉ်

ကရင်ပြည်နယ် မြဝတီ-ကော့ကရိတ်-ဘားအံ လမ်းပေါ်ရှိ ဂျိုင်း(ကျုံဒိုး) ပွန်တွန်း ဇောတံတား၏ ကျုံဒိုးဘက်ခြမ်းနှင့် ဂျိုင်းဘက်ခြမ်းတို့မှ ချဉ်းကပ်လမ်းနှင့် ဇောတံတား စတင်ချိတ်ဆက်သည့် ပွန်တွန်းတံတား ပထမကြမ်းခင်း (First Rank)မှာ ယာဉ်အဆင်းအတက် အသုံးပြုမှုများ၍ အနည်းငယ် နေရာရွေ့သွားသဖြင့် ပြန်လည်အလိုင်းမင်းချိန် တည့်မတ်နေရခြင်းကြောင့် ပွန်တွန်းဇောတံတားမှ ဖြတ်သန်းမည့် အဆင်းအတက် ကုန်တင်ယာဉ်များကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအချိန်အထိ ခေတ္တပိတ်ထားခဲ့ရကြောင်း သိရသည်။

"ပွန်တွန်းဇောတံတား ကျုံဒိုးဘက်အခြမ်းက ကမ်းကပ်ခုံ အတက်အဆင်း အသစ်ပြန်လုပ်ထားပြီးဖြစ်တဲ့အတွက် အဆင်းအတက် အသုံးပြုမှုများလို့ အနည်းငယ်နေရာရွေ့သွားတဲ့ First Rank တွေကို အလိုင်းမင်းချိန် တည့်မတ်အောင် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းတွေလုပ်ရလို့ ခေတ္တခဏ ပိတ်ထားခဲ့ရပါတယ်၊ ခုတော့ အားလုံးပြီးစီးသွားပြီမို့ မော်တော်ယာဉ်တွေ ပုံမှန်အတိုင်း ဇောတံတားပေါ်ဖြတ်သန်းသွားလာနိုင်ပါပြီ"ဟု တာဝန်ယူဆောင်ရွက်သောသစ်တောက်ငှက်ကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။

အဆိုပါတံတားသည် မြဝတီ-ကော့ကရိတ်-ဘားအံ-ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်း မဟာမဲခေါင်ဒေသခွဲစီးပွား ရေးစင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိနေပြီး မူလက ၂၅ တန်သာ ခံနိုင်ဝန် ရှိသော ကြိုးတံတားဖြစ်သည်။ လက်ရှိ ပွန်တွန်းတံတားကို သစ်တောက်ငှက်ကုမ္ပဏီက ၂၀၀၉ ခုနှစ်အတွင်း စတင်တည်ဆောက်၍ ၂၀၁၀ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး စတင်ဖွင့်လှစ်ချိန်က ခံနိုင်ဝန် တန်ချိန် ၆၀ ဖြစ်ကာ လက်ရှိအချိန်တွင် တံတားသက်တမ်းမှာ ခုနစ်နှစ်ကျော်အထိ ရှိလာပြီဖြစ်၍ ခံနိုင်ဝန်ကို လျှော့ချပြီး တန်ချိန် ၄၀ အထိသာ ဖြတ်သန်းခွင့်ပြုထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို ၂၀၁၈ ဧပြီ ၁ရက်မှစ၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး-၂တွင် ပြောင်းလဲကျင့်သုံးမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လာမည့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ အလယ်အလတ်အခွန် ထမ်းများဆိုင်ရာ အခွန်ရုံး -၂ တွင် အခွန်ထမ်း ကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပသော အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်အကြောင်း အသိပညာပေးဆွေးနွေးပွဲမှ သိရသည်။

“ဒီစနစ်က အခွန်ထမ်းပြည်သူတွေအတွက်ရော နိုင်ငံတော်အတွက်ပါ အလွန်ထိရောက်ကောင်းမွန်တဲ့ အခွန်စနစ်ဖြစ်ပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ အခွန်စနစ်တစ်ခု အောင်မြင်ဖို့ဆိုတာ အခွန်ရုံးတစ်ခုတည်း ဆောင်ရွက်ရုံနဲ့မဟုတ်ဘဲ အခွန်ထမ်းပြည်သူတွေကလည်း ချမှတ်ထားတဲ့စနစ်အတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်မှသာ အောင်မြင်တာဖြစ်ပါတယ်၊ ဒါကြောင့်လည်း ဒီစနစ်အောင်မြင်ဖို့ အခွန်ဌာနက ဝန်ထမ်းတွေကလ္လာသာမဟုတ်ဘဲ အခွန်ထမ်းပြည်သူတွေရဲ့ အခန်းကဏ္ဍကလည်း အင်မတန်မှ အရေးကြီးပါတယ်”ဟု ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး-၂ မှ ညွှန်ကြားရေးမှူး ဦးထွန်းသန်း(ဌာနမှူး)က ပြောသည်။

အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ဆိုသည်မှာ အခွန်ထမ်းပြည်သူများအနေဖြင့် မိမိပေးဆောင်ရန်ကျသင့်သည့် အခွန်ပမာဏကို အပိုအလိုမရှိစေဘဲ ကိုယ်တိုင်တွက်ချက် အခွန်ပေးဆောင်ရသည့်စနစ် ဖြစ်သည်။ အဆိုပါစနစ်ကို ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ရန် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ကာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး -၁ တွင် ဆက်လက်ဆောင်ရွက်ခဲ့သည်။

“ပြောင်းလဲမယ့်စနစ်က ထိရောက်ကောင်းမွန်တဲ့ အခွန်စနစ်ဖြစ်တာကြောင့် အခွန်စည်းကြပ်မှုအပိုင်းမှာ ယခင်ထက်ပိုပြီး ထိထိရောက်ရောက် စည်းကြပ်နိုင်မယ့် အားသာချက်အပိုင်းတွေရှိပါတယ်၊ နဂို OAS စနစ်မှာဆို အခွန်ထမ်းပြည်သူအားလုံးကို အခွန်ရုံးကနေ စိစစ်ပြီး အခွန်စည်းကြပ်တဲ့စနစ်ကို ကျင့်သုံးခဲ့တယ်၊ အခု အခွန်ထမ်းကိုယ်တိုင် တွက်ချက်စည်းကြပ်ရတဲ့အခါကျတော့ အခွန်ရုံးအနေနဲ့ အခွန်ထမ်းအားလုံးထဲမှ အခွန်လျှော့နည်းနိုင်သူကိုပဲ ရွေးကောက်ပြီး စိစစ်ရတာဖြစ်လို့ အရင်ထက်ပိုပြီး ထိထိရောက်ရောက် စိစစ်နိုင်မှာဖြစ်ပါတယ်၊ ဒါကြောင့် နိုင်ငံတော်အတွက်ရသင့်ရထိုက်တဲ့အခွန်တွေကို အပြည့်အဝရနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးက ဆက်လက်ရှင်းပြသည်။

ယခုပြောင်းလဲကျင့်သုံးမည့် အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်သည် အခွန်အမျိုးအစားသစ်တစ်ခုမဟုတ်ဘဲ အခွန်ထမ်းမှ ပေးဆောင်ရန်တာဝန်ရှိသည့် အခွန်ပမာဏကို အခွန်ဝန်ထမ်းများ၏ စွက်ဖက်မှုမပါဘဲ သို့မဟုတ် ပါဝင်စွက်ဖက်မှုအနည်းဆုံးဖြင့် အခွန်ထမ်းကိုယ်တိုင်တွက်ချက်ရန် တာဝန်ပေးအပ်ထားသည့် စနစ်တစ်ခုဖြစ်သည်။ ထို့ကြောင့်အခွန်ထမ်းမှ ကိုယ်တိုင်ပြုစုတင်ပြသည့် ကြေညာလွှာပါအတိုင်း ကျသင့်အခွန်ကို ပေးသွင်းနိုင်ပြီး မှန်ကန်သည့်ကြေညာလွှာပါ အခွန်များကို အပြည့်အဝပေးသွင်းပြီးဖြစ်ပါက အခွန်ထပ်မံပေး ဆောင်ရန်မလိုဘဲ ဒဏ်တပ်ရိုက်ခြင်းမှလည်း ကင်းလွတ်နိုင်မည်ဖြစ်သည်။ ထို့အပြင် မှန်ကန်သည့်ကြေညာလွှာများကို အချိန်မီတင်သွင်းပြီးဖြစ်ပါက အခွန်ရုံးသို့ ထပ်မံလာရောက်ရန် မလိုသည့်အပြင် လုံလောက်သည့် စာရင်းအင်းများ ပြုစုထားရှိရန် လိုအပ်သော်လည်း အခွန်ရုံးသို့တင်ပြရန် လိုအပ်မည်မဟုတ်ကြောင်း သိရသည်။ ကြေညာလွှာပါ အချက်အလက်များနှင့် အခွန်ပေးဆောင်ထား သူများ စာရင်းများကို အခွန်ရုံးက စိစစ်ခြင်း၊ အခွန်စာရင်းစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ပြင်ဆင်ချက်များအပေါ် ကျေနပ်မှုမရှိပါက အခွန်ထမ်းပြည်သူများအနေဖြင့် အယူခံခြင်းနှင့် ပြင်ဆင်ခွင့်ရှိကြောင်း သိရသည်။



ပြောင်းလဲကျင့်သုံးမည့် အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်နှင့်ပတ်သက်၍ ပြည်သူများအား တာဝန်ရှိသူများက ရှင်းပြစဉ်

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

# စလင်းမြို့၌ မော်တော်ယာဉ်များ လိုင်စင်သက်တမ်းတိုး ကွင်းဆင်းဆောင်ရွက်ပေး



**စလင်း နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ပြည်သူများ၏ ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ လိုင်စင်သက်တမ်းတိုးခြင်းကို မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၈ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက စလင်းသို့ လာရောက်၍ လိုင်စင်သက်တမ်းတိုးများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။ ယခုလို မင်းဘူး ကညနမှ တာဝန်ရှိသူများက လာရောက်ကွင်းဆင်းဆောင်ရွက်ပေးသည့်အတွက် ဒေသခံများအနေဖြင့် စရိတ်စက ကုန်ကျမှုသက်သာသလို အချိန်ကုန်သက်သာပြီး အလွယ်တကူ လိုင်စင်သက်တမ်းတိုး ဆောင်ရွက်နိုင်သဖြင့် ကျေးဇူးတင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ စလင်းမြို့၌ ယာဉ်လိုင်စင် သက်တမ်းတိုးများ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ယာဉ်မောင်းလိုင်စင် ၃၂ ဦး၊ ဆိုင်ကယ်နှင့် ကား အစင်း ၁၈၀ အတွက် သက်တမ်းတိုး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ကလော နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို နိုဝင်ဘာလ တတိယပတ်က မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးဌာနမှ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ပုံ့ပုံ့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သင်းသင်းမော်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရာ ကျောင်းစာကြည့်တိုက်ခေါင်းစဉ်ဖြင့် (ပထမဆု)ရရှိသော မဝင့်မိုးကေရီအား မြို့နယ်ပညာရေးမှူး ဒေါ်ခင်ပုံ့ပုံ့က လည်းကောင်း၊ ကျောင်းသားမိတ်ဆွေစာအုပ်စာပေခေါင်းစဉ်ဖြင့် (ဒုတိယဆု)ရ မဆုရည်မွန်အား မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က လည်းကောင်း၊ မြန်မာတို့၏ အလှူပွဲ ခေါင်းစဉ်ဖြင့် (တတိယဆု)ရ မယမင်းအိန္ဒြေအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်က ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# အား/ကာသိပ္ပံ(လွိုင်ကော်)မှ သင်တန်းသားများ၏ တစ်နေ့တာ လှုပ်ရှားမှုကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**လွိုင်ကော် နိုဝင်ဘာ ၂၂**

အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)တွင် တက်ရောက်သင်ကြားနေသော သင်တန်းသား၊ သင်တန်းသူများ၏ တစ်နေ့တာ လှုပ်ရှားမှုများကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့ နိုဝင်ဘာ ၂၀ ရက်က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့စသည့် ကစားနည်း ခုနစ်မျိုးတွင် သင်ကြားနေသော သင်တန်းသား သင်တန်းသူများက အားကစားနည်းများ သရုပ်ပြသခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသားများအား အားကစားနှင့် ကာယသိပ္ပံ(လွိုင်ကော်)၏ ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်သွားရန်၊ ထူးချွန်သော အားကစားသမားများအား ကယားပြည်နယ်မှ မွေးထုတ်ပေးနိုင်ခဲ့သလို လက်ရှိ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း ကြိုးစားသွားရန်၊ ပြည်နယ်၏ အားကစားကဏ္ဍမြှင့်တင်ရေးအတွက် သင်တန်းသား သင်တန်းသူများ ကြိုးစားကြရန် တိုက်တွန်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်အနေဖြင့်လည်း ပြည်နယ်၏အားကစားကဏ္ဍ မြင့်တက်လာစေရန် မခြွင်းမချန် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)ကို လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်၌ ပြီးခဲ့သော အောက်တိုဘာ ၂၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး အားကစားနှင့် ပညာရေး ပေါင်းစပ်အထက်တန်းကျောင်း၌ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသားကျောင်းသူများအား နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဘာသာရပ်အလိုက် သင်တန်းညွှန်းတမ်းများဖြင့် သင်ကြားပို့ချလျက်ရှိသည်။ အရည်အချင်းသတ်မှတ်ချက်အနေဖြင့် အားကစားနှင့် ပညာရေး ပေါင်းစပ်အထက်တန်းကျောင်း အခြေခံပညာအလယ်တန်း အဋ္ဌမတန်းအတွက် နှစ်စဉ် ဇွန် ၁ ရက်တွင် အသက် ၁၅ နှစ် ထက်မကြီးရန်နှင့် အားကစားနည်းအလိုက် သတ်မှတ်ထားသော အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ ကျွမ်းကျင်မှုများရှိရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)သည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားနှင့် ကာယပညာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်အပါအဝင် ဦးတည်ချက် (၅)ရပ်ဖြင့် သင်ကြားပို့ချလျက်ရှိပြီး လက်ရှိအခြေအနေတွင် အဋ္ဌမတန်းမှ ကျောင်းသား ၅၇ ဦး၊ ကျောင်းသူ ၅၅ ဦး စုစုပေါင်း ၁၁၂ ဦးအား ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ လက်ဝှေ့စသည့် အားကစားနည်း ၁၀ မျိုးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေးဟောပြော

**မော်လမြိုင် နိုဝင်ဘာ ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် နီးမုတ်အခြေခံပညာအလယ်တန်းကျောင်း၌ မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေးဟောပြောမှုများကို မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ စီစဉ်လမ်းညွှန်မှုဖြင့် ချောင်းဆုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘုန်းနိုင်က ကြီးကြပ်ကွပ်ကဲသည့် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် နိုဝင်ဘာ ၁၇ ရက်က သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

မှုခင်းကျဆင်းရေး ပညာပေးဟောပြောရာတွင် ချောင်းဆုံမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဆန်းဦးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်မောင်မောင်ဟန်က လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှုတို့နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၃၈)မှ ဒုရဲမှူးရဲမင်းဦးက မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် အကြောင်းအရာများ စသည်ဖြင့် ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ နီးမုတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်တင်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ နီးမုတ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မန်းကေသီနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။

**တင်ထွန်း(မော်လမြိုင်)**

# ကျေးလက်ရေရရှိရေး ကွင်းဆင်းစစ်ဆေး

**လင်းခေး နိုဝင်ဘာ ၂၂**

လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မအွန်လောင်းကျေးရွာအုပ်စု မအွန်လောင်းကျေးရွာနှင့် ဝမ်အင်ကျေးရွာများ၌ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းများအား ခရိုင်ဦးစီးမှူး ဦးကံချွန်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သွားရောက်စစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် ပြုပြင်ဆောင်ရွက်ရန်လိုအပ်သည့် အချက်အလက်များအား အသေးစိတ် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

# GMP MALL နှင့် Office Tower,Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ဈေးဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

## စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

**DEVELOPER-**
GA MONE PWINT CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ Japan ODA Loan မှကျခံပြီး Steel Plate & Accessories များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၇ ရက်မှ ၁၅-၁၂-၂၀၁၇ ရက်(ရုံးချိန်အတွင်း)

(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၅-၁၂-၂၀၁၇ ရက် မွန်းတည့် ၁၂:၀၀ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁၃:၀၀ နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)တွင် ရုံးသုံးပစ္စည်း(Office Equipments) (၂)မျိုးကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၁-၂၀၁၇ရက်မှ ၁၈-၁၂-၂၀၁၇ ရက်(ရုံးချိန်အတွင်း)

(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၉-၁၂-၂၀၁၇ ရက် မွန်းတည့် ၁၂:၀၀ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁၃:၀၀ နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၃)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်အတွင်းရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအထူးပြင်ဆင်ခြင်း/မိုးဒဏ်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ပစ္စည်းပေးသွင်းလိုသူများအား တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၇-၁၁-၂၀၁၇ရက် (ရုံးချိန်အတွင်း)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၁၇ရက်၊ ၁၂:၀၀ နာရီတိတိ

**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၆၇-၂၁၁၅၄၊ ၀၆၇-၅၅၀၃၂၈

(အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

## တင်ဒါအမှတ်စဉ် (၆/၂၀၁၇-၂၀၁၈)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေး (၂)၊ တံတားအထူးအဖွဲ့ (၇) ကျောက်တော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်ပြည်နယ်ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရသေ့တောင်တံတား၊ သောင်းဒရားတံတားနှင့် စိုင်တင်တံတားလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးရှယ်စုံ(Reinforced Steel bar) များကို (မြန်မာကျပ်ငွေ) ဖြင့် လုပ်ငန်းခွင်အရောက်ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၉-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) - ညနေ ၄:၀၀နာရီ

**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်/အချိန်** - ၂၁-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀နာရီ

**တင်ဒါဖွင့်ပွဲပြုလုပ်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျောက်တော်မြို့

**ဖုန်း** - ၀၄၃-၇၀၂၅၈၊ ၀၉-၄၄၈၀၃၈၃၄၈၊ ၀၉-၄၄၈၅၄၈၅၈၅

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ တည်ဆောက်ရေးပစ္စည်းအသေးစိတ်စာရင်းနှင့်စည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၇)ကျောက်တော်မြို့တွင် ၂၃-၁၁-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/8435 Ford Ranger UR.88, P/U(4x2)R Open Cab ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၆/ထဝန(နိုင်)၁၁၀၁၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၉၈၆၀ Toyota Hilux LN 106 ယာဉ်လက်ဝယ်ရှိသူ ဦးယော်ဂျီလျန် ၁၃/လရန(နိုင်)၀၇၇၀၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

**ဖခင်အမည်မှန်**

မင်းဘူး(စကု)မြို့နယ်၊ လေးအိမ်တန်း အလက(ခွဲ) သတ္တမတန်းမှ မစုမြတ်နှင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်ဦး ၈/မဘန(နိုင်) ၀၈၂၆၃၈ ဖြစ်ပါကြောင်း။ **ဦးကျော်ဇင်ဦး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)ကျောက်ဆည်မြို့မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | လက်တွန်းထွန်စက်(PT-017) မှ ပစ္စည်းအစိတ်အပိုင်းများ | 2 Lot |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၁၇

**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၄-၁၂-၂၀၁၇

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း) ကျောက်ဆည်

အထက်ပါလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ဤစက်ရုံသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၆-၅၀၄၈၃၊ ၀၆၆-၅၀၄၈၄၊ ၀၉-၄၀၀၄၅၉၅၈၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ**

## ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ်/ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးမြေနေရာတွင် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြည်နယ်ရုံးအဆောက်အအုံဆောက်လုပ်ခြင်း RC (၂)ထပ် (၇၈ပေ×၃၀ပေ)(၁)လုံးနှင့် ပြည်နယ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း RC(၄)ခန်းတွဲ (၂)ထပ် (ပေ ၁၀၀×ပေ၄၀×၂၂ပေ) ၁လုံး — Lot-1

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၂၂-၁၁-၂၀၁၇ရက် ရုံးချိန်အတွင်း

၄။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၆-၁၂-၂၀၁၇ရက်၊ (၁၆:၀၀)နာရီ

၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသောအချက်များကို ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ ဖုန်း-၀၈၃-၂၂၂၂၅၃၄၊ ၀၈၃-၂၂၂၄၀၁၃၅ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ နမ့်ဘော်ဝမ်(ခ)ရပ်ကွက်၊ အကွက်အမှတ် (၁၄၀/နမ့်ဘော်ဝမ်)၊ ဦးပိုင်အမှတ် (၉၆)၊ ဧရိယာ ၀ဒသမ၀၉၂၈ဧကရှိ မြေကွက်သည် ဦးမောင်ဦးအမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ရာ မြေပေးမိန့်မူရင်းပျောက်ဆုံး၍ မတင်ပြနိုင်ပါ။ မြေကွက်ကို အဆင့်ဆင့်ရောင်းချလာပြီး ဦးကိုကိုမြင့် ၉/ကပတ(နိုင်)၀၀၂၉၁၀ မှ ဝယ်ယူနေထိုင်လျက်ရှိပါသည်။ ဦးကိုကိုမြင့်အမည်ဖြင့် မြေငှားဂရန်ရရှိရေး လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၅/၂ခ)၊ ဦးပိုင်အမှတ်(၁၈၁/၁ခ)၊ မြေဧရိယာ ၀ဒသမ၃၂၈ဧက ဦးနန်ဟီးဒီးအမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်လျက်ရှိသည့် မြေကွက်ကို ၂၇-၉-၂၀၁၆ရက်တွင် ဦးနန်ဟီးဒီးထံမှ ဒေါ်ခွန်ဆန်းကလည်းကောင်း၊ ဒေါ်ခွန်ဆန်းထံမှ ၁၀-၅-၂၀၁၇ရက်တွင် ဦးဝင်းထွန်းကလည်းကောင်း ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၁၇-၅-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၇၅/၂၀၁၇)ပြုဆိုတင်ပြလျက် ဦးဝင်းထွန်း ၁/ဟပန(နိုင်)၀၁၆၁၃၃ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၊ အကွက်အမှတ်(၉၂-ပန်းသီရိဒေါ)၊ ဦးပိုင်အမှတ် (၁၉၂)၊ ဧရိယာ ၀ဒသမ၁၁၀ဧက ဦးကိုကိုနိုင်အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပါသည်။ ဦးကိုကိုနိုင်ထံတွင် ကျွန်တော် ဦးစိုးမင်းက ဝယ်ယူခဲ့ပြီး နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ကို ၂၆-၉-၂၀၀၅ရက်တွင် အရပ်စာချုပ်ဖြင့် လက်မှတ်ရေးထိုးထားပါသည်။ မြေကွက်အား ကျွန်တော်ဦးစိုးမင်းတစ်ဦးတည်း နေထိုင်အကျိုးခံစားကြောင်း ကျမ်းကျိန်၍ စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေးလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**ဦးစိုးမင်း ၂/လကန(နိုင်)၀၁၅၂၄၂**
**ရွှေ-၁၀၄၊ ရွှေတောင်ရပ်ကွက်၊ လှိုင်ကော်မြို့**
**ဖုန်း-၀၉-၄၁၀၀၉၆၈၉**

## ဗောဓိမြိုင်သစ္စာရွှေပြည် ဓမ္မရိပ်သာ ဆရာတော်၏တစ်လတရားစခန်း

**အချိန်** - ၁-၁၂-၂၀၁၇မှ ၃၀-၁၂-၂၀၁၇အထိ

**နေရာ** - ဗောဓိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာ ဘိုတော်လမ်း၊ ကျွန်းကလေးကျေးရွာ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့

**မှတ်တိုင်** - ရိပ်သိမ်းမှတ်တိုင်

**စာရင်းသွင်းရန်** - ဦးသြဘာသ ဖုန်း-၀၉-၄၀၂၆၀၆၉၂၃၊ ၀၉-၇၇၄၄၀၆၂၂၃ အမည်၊ အသက်၊ အမျိုးသားမှတ်ပုံတင်အမှတ်တို့ကို SMS Message ပေးပို့၍ စာရင်းပေးသွင်းပါရန်။ Facebook စာမျက်နှာမှလည်း စာရင်းပေးသွင်းနိုင်ပါသည်။

**မှတ်ချက်** - မိမိတို့အစဉ်ပြေသည့်ရက်အပိုင်းအခြားဖြင့် အားထုတ်နိုင်ပါသည်။

## စတုဘုမ္မိကနိကာယဆရာတော်ကြီးများအား ပူဇော်ပွဲနှင့်တရားစခန်းဖွင့်ပွဲ

သဃ်န်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ ဇ/မြောက်ရပ်ကွက်၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာဆရာတော် ဘဒ္ဒန္တကုမာရ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယနှင့် တပည့်သာဝကများစုပေါင်း၍ စတုဘုမ္မိကနိကာယနှစ်ပတ်လည်သံဃာ့စုံညီအစည်းအဝေးသို့ ကြွရောက်တော်မူကြသော ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဆရာတော်ကြီးအပါး (၁၁၀) တို့အား ပူဇော်ပွဲနှင့် ခုနစ်ရက် တရားစခန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက် (သောကြာနေ့) ညနေ ၃:၃၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ လှူဒါန်းပူဇော်ကြမည့်အလှူရှင်များနှင့် ယောဂီများ အချိန်မီကြွရောက်ကြပါရန် အသိပေးနိုးဆော်အပ်ပါသည်။

ဖုန်း-၀၁-၅၇၁၉၂၉၊ ၀၉-၄၂၁၀၃၉၇၄၆၊ ၀၉-၄၂၁၀၂၃၉၈၀ တို့သို့ ဆက်သွယ်နိုင်ပါသည်။

**စတုဘုမ္မိကသာသနာပြန့်ပွားရေးအကျိုးဆောင်အဖွဲ့၊ ပြည်သာယာ**

## မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ် ရွာသစ်ရွာအထက်တန်းကျောင်း၊ ပထမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

မြင်းခြံမြို့နယ်၊ ရွာသစ်အထက်တန်းကျောင်း၊ အာစရိယပူဇော်ပွဲကြီးကို ပထမဦးဆုံးအကြိမ်အဖြစ် ၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၃ရက် (၃၀-၁၂-၂၀၁၇) စနေနေ့တွင် ရွာသစ်အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မိမိတို့ကို ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးတို့အား ပူဇော်ကန်တော့နိုင်ရန်အတွက် အလှူငွေအားဖြင့်ဖြစ်စေ၊ ကိုယ်အားဖြင့်ဖြစ်စေ ပါဝင်လှူဒါန်းပံ့ပိုးကူညီပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်ရန်**
**ဦးညွန့်ဝင်း၊ ရွာသစ်ရွာ ဖုန်း-၀၉-၇၉၃၃၁၀၈၅၈**
**ဒေါ်သီသီဝင်း၊ မြင်းခြံမြို့ ဖုန်း-၀၉-၇၈၅၀၆၂၀၇၄**
**အလုပ်ရုံစိတ်မှူး၊ ဆေးဆိုးပန်းရိုက်စက်ရုံ၊ မြင်းခြံမြို့**
**ဆရာမဒေါ်ချောစုခိုင် (အထက) ဇီးပင်ကန်ရွာ ဖုန်း-၀၉-၄၀၂၆၉၁၁၇၇**
**ဦးဇင်မင်းသက် မန္တလေးမြို့ ဖုန်း-၀၉-၇၆၆၆၇၂၉၀၀**
**ရိုးမဘဏ်** Account No.001144144000040

## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်) အသိပေးကြေညာခြင်း

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် သက်ကြီးပူဇော်ပွဲကို ၂၁-၁-၂၀၁၈ ရက်တွင် တော်လှန်ရေးပန်းခြံအနီး၊ ဗဟန်းအားကစားကွင်းအတွင်းရှိ M3 ခန်းမဆောင်တွင် ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံမည့် အသက် (၇၅)နှစ်နှင့်အထက်ရှိသော ကော့သောင်းသူ ကော့သောင်းသားများနှင့် အသင်းသူ အသင်းသားများ၏စာရင်းကို အသင်းရုံးခန်းသို့ ၃၁-၁၂-၂၀၁၇ ရက် နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းပါရန် အသိပေးကြေညာအပ်ပါသည်။

မှတ်ချက်။ ။ ကန်တော့ခံမည့် အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများ၏ အသက်အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ဓာတ်ပုံ(၂) ပုံယူဆောင်၍ သက်ကြီးပူဇော်ခံလျှောက်လွှာပုံစံကို အသင်းရုံးသို့ လာရောက်စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံဖော်ပြအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**အမှတ် (၆၆) သုံးလွှာ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၂၅၄၉၃၅**

## မင်းပြားမြို့နယ်လုံးကျွတ်မြတ်ဆရာပူဇော်ပွဲ

တတိယအကြိမ်မြောက်၊ မင်းပြားမြို့နယ်လုံးကျွတ် မြတ်ဆရာပူဇော်ပွဲကို ၂၄-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂:၀၀နာရီတွင် မင်းပြားမြို့ ရာမောင်ခန်းမ၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ ကျောင်းသား/သူဟောင်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

| **ရန်ကုန်မြို့** | **စစ်တွေမြို့** | **မင်းပြားမြို့** |
|---|---|---|
| ဒေါက်တာကျော်ဇံလှ | ဦးမောင်ဖြူ | ဦးသာထွန်းအေး |
| ဖုန်း-၀၉-၄၄၈၀၂၆၂၂၃ | ဖုန်း-၀၉-၈၅၀၈၃၃၂ | ဖုန်း-၀၉-၄၉၆၇၄၀၄၆ |
| ဦးဦးထွန်းသိန်း | ဦးကျော်ညွှန့်မောင် | ဦးစံမြင့် |
| ဖုန်း-၀၉-၅၀၀၀၅၉၉ | ဖုန်း-၀၉-၂၅၄၄၆၆၂၀၀ | ဖုန်း-၀၉-၂၅၀၃၂၆၈၃၂ |
| ဦးသန့်စံ(ရွှေမိုး) | ဦးဝင်းမောင် | ဦးစံညွှန့်ရွှေ |
| ဖုန်း-၀၉-၄၄၀၆၄၀၆၅၀ | ဖုန်း-၀၉-၄၉၂၉၅၉၁၆ | ဖုန်း-၀၉-၂၅၀၂၄၂၁၃၅ |
| ဦးညီညီမောင် | ဒေါ်သန္တာလှ | ဒေါ်ရွှေစောမြ |
| ဖုန်း-၀၉-၅၀၇၈၃၄၁ | ဖုန်း-၀၉-၄၂၁၇၁၃၄၀၄ | ဖုန်း-၀၉-၄၂၁၇၂၁၄၉၄ |
| ဦးကျော်လှစိန် | ဦးညီညီအောင် | ဦးဖြိုးကိုမောင် |
| ဖုန်း-၀၉-၄၂၁၇၄၆၄၈၃ | ဖုန်း-၀၉-၉၇၅၁၁၅၁၁၅ | ဖုန်း-၀၉-၄၂၁၇၁၃၃၆၆ |

အောက်ပါဘဏ်စာရင်းသို့လည်း ပေးသွင်းလှူဒါန်းနိုင်ပါသည်။

ငွေစာရင်းအမှတ် 0811730000019 (ဦးစံညွှန့်ရွှေ+၃) ကမ္ဘာ့ရတနာဘဏ် (မင်းပြားဘဏ်ခွဲ)

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ အထက (ခွဲ) လောမွေ့ သတ္တမတန်း (A) မှ မောင်ဉာဏ်လင်းထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၂-၂၀၀၅ ဖြစ်ပါကြောင်း။ **မောင်ဉာဏ်လင်းထွန်း**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ ဧက(၅၀၀)မူလွန်တတိယတန်းမှ မဇူဇူးဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဟန်ညွှန့် MSU-၀၃၇၁၃၉ ဖြစ်ပါကြောင်း။

**ဦးဟန်ညွှန့်**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ် အထက(ခွဲ) ဘုတ္တောကျောင်း၊ နဝမတန်း (A) မှ မသင်းပွင့်ဖြူနှင့် သတ္တမတန်းမှ မောင်ဝေဖြိုးသူတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်အေး ၅/ကဘလ(နိုင်) ၀၃၅၄၇၄ ဖြစ်ပါကြောင်း။

**ဦးမောင်အေး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ မော်ကွန်းသစ်ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း နဝမတန်းမှ မစန္ဒကူး၏ဖခင်အမည်မှန်မှာ ဦးညီညီ ၅/ကလတ(နိုင်)၀၁၀၅၄၁ ဖြစ်ပါကြောင်း။ **ဦးညီညီ**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (ပင်ခွန်)၊ နဝမတန်းမှ မူချိုချိုကြည်၏ ဖခင်အမည်မှန်မှာ ခွန်လှအေး ၁၃/ပလန(နိုင်)၀၃၀၃၇၂ ဖြစ်ပါကြောင်း။ **ခွန်လှအေး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁၀)၊ စတုတ္ထတန်း (ခ) မှ ခွန်သိန်းထိုက်၏ ဖခင်အမည်မှန်မှာ ခွန်စိုးနီ ၁၃/ဟပန(နိုင်)၀၅၁၆၅၂ ဖြစ်ပါကြောင်း။

**ခွန်စိုးနီ**

## အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက ထီသိမ်ရွေး (တ)၊ စတုတ္ထတန်း(ခ) မှ ဝမ်ကျိမ်ဆန်း၏ အမည်မှန်မှာ ဝမ်ကျင်ဆန် ဖြစ်ပါကြောင်း။

**ဝမ်ကျင်ဆန်**

## မွေးသက္ကရာဇ်မှန်

တောင်ကြီးမြို့၊ အလက (၁၂)၊ အဋ္ဌမတန်း(ခ)မှ မောင်မျိုးကျော်သူ၏ မွေးသက္ကရာဇ်မှန်မှာ ၁-၄-၂၀၀၄ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအသားဖ ၁၃/တကန(နိုင်)၁၂၅၀၉၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၆၉၆၁၀၈၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘုန်းမြင့်အောင် ၉/မခန(နိုင်)၁၂၁၀၉၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၇၁၆၁၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခင်ဇော် ၂/လကန(နိုင်)၁၂၂၈၉၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ကိုဝင်း ၁၃/ဖခန(နိုင်)၀၃၃၃၆၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## လူပျောက်



အထက်ပါဓာတ်ပုံရှင် ဖြစ်သူ (ဘ) ဦးသိန်းဇော်ဝင်း၏ သား မောင်စန်းငြိမ်းဦးသည် ၁၇-၁၁-၂၀၁၇တွင် ဗိုလ်ရွှေလမ်းဆိုင်မှ ထွက်သွားပါ၍ တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၀၀၉၅၆၊ ၀၉-၇၈၀၉၆၇၈၈၉၊ ၀၉-၂၅၀၀၆၀၃၂၉**




## တစ်ဦးတည်းဖြစ်ကြောင်း

မော်လိုက် အထက နဝမတန်း (B)မှ မောင်နိုင်လင်းအောင်၏ ဖခင် ဦးဝင်းဇော်ဦးနှင့် ဦးအောင်နိုင်ဝင်း ၅/မလန(နိုင်)၀၂၇၂၅၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊အထက(ခွဲ) ခတက္ကန်(တ) အဋ္ဌမတန်း(က)မှ မဥမ္မာလွင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးလင်း ၅/အရတ(နိုင်)၁၁၉၂၆၄ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဆဲလ်ဗဟာဒူး ၁/မကတ(နိုင်)၀၉၆၀၉၉၏ ပတ်စ်ပို့နံပါတ်(MA-457223)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၀၄၇၄၇၉

## အမည်ပြောင်း

ဦးအောင်ထွန်း၏သမီး မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း KG တန်း (A) မှ မအိအိသော်အား မမေသော်တာခေတ် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိန်ဗိုလ်တင့် ၃/ပကန(နိုင်)၀၁၃၀၁၄ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၅၆၆၇၃၀

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/8676 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရှာသာကြီး)

## ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ လုံးချင်းအိမ်(ရေ၊ မီး၊ အဝီစိတွင်းပါ) ထောင့်ခြံ၊ ပတ်ဝန်းကျင်သန့်၊ ဈေးနီး၊ ကျောင်းနီး၊ AKK Shopping Mall နှင့် Junction Zawana နှင့်နီး၊ ပေ ၂၅×၅၀(ဂရန်မြေ) ရောင်းမည်။ **သိန်း ၃၆၀၀**
ဖုန်း-၀၉-၅၀၂၈၂၆၉၊ ၀၉-၂၅၀၁၄၆၂၄၃

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရမည်းသင်းမြို့နယ် တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၅ နှင့်ဆက်နွှယ်သည့်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၅၂**

ဒေါ်မုန်းတင် **နှင့်** မသီတာခိုင်
**တရားနိုင်** **တရားရှုံး**

ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ တရားရှုံးဖြစ်သော မသီတာခိုင် (ယခုနေရပ်လိပ်စာမသိသူ) တရားရှုံး သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၅ တွင် အနိုင်ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဖြစ်သော ဒေါ်မုန်းတင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခု ရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်)အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၈ ရက် (၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၇ရက်တွင် ဤရုံးတော်မှ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မုဒ်တာ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရမည်းသင်းမြို့နယ်တရားရုံး**

## လူပျောက်ကြော်ငြာ

မနုအေးစိန်(ခ)နုနု အသက်(၄၆)နှစ် (ဘ)ဦးကျော်မြ ၁၁/ဘသတ(နိုင်)၀၁၅၉၇၈ သည် ၂-၁၁-၂၀၁၇ရက်တွင် မိမိသဘောဖြင့် လက်ဝတ်ရတနာများနှင့် ငွေသားများယူဆောင်ကာ အိမ်ပေါ်မှ ထွက်ခွာပြေးသွားပါသည်။ ၎င်းသည် ယနေ့အချိန်ထိ အိမ်ကိုပြန်လည်မရောက်ရှိဘဲ ပျောက်ဆုံးလျက်ရှိနေပါသည်။ ၎င်းအား လက်ခံထားသူများအား ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဘသိန်း ၁၁/စတန(နိုင်)၀၁၉၁၁၁ မှ ဥပဒေအရ တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၎င်းအား တွေ့ရှိပါက (ဖုန်း-၀၉-၅၄၃၉၀၁၉၅၀၊ ၀၉-၄၂၇၈၉၀၈၆၁၊ ၀၉-၄၂၁၇၆၀၅၃၇)တို့သို့ ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
**ဦးဘသိန်း ၁၁/စတန(နိုင်)၀၁၉၁၁၁**

## မြေကွက်များ ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
**ဖုန်း - ၀၉-၄၀၀၉၄၀၀၄၁၊ ၀၉-၄၀၀၉၄၀၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၉)ရပ်ကွက်၊ ကုလားကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ အုပ်ပွဲချောင်း၊ ဦးပိုင်အမှတ်(၁၄) အတွင်းမှ ဧရိယာ ၀ဒသမ ၀၉၁ဧကရှိ မြေကို ဦးမောင်မောင်တင် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက အကျိုးအကြောင်း ဖော်ပြ၍ ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## အများသိစေရန်

ရန်ကုန်မြို့၊ မ/ဒဂုံမြို့နယ်၊ ၃၃ ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၅၉၅)နေ ဦးလူစိန်နှင့် ဒေါ်စန်းစန်းနွယ်တို့၏သမီး မလင်းထက်ထက်ဦး ၁၄/ပတန(နိုင်)၁၅၁၉၈၉ ကျွန်ုပ်၏ ဇနီးဖြစ်သူသည် ကျွန်ုပ်နှင့် စိတ်အခန့်မသင့်ဖြစ်၍ ထွက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်နှင့် လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
**ဦးတင့်ဆွေ (မ/ဒဂုံ) ၁၄/မအန(နိုင်)၁၄၁၂၈၇၊ ဖုန်း-၀၉-၄၂၀၀၄၉၀၉၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဦးအောင်ဇေယျ(၂)လမ်း၊ (၁၇၀/က)နေ ဦးမျိုးမြင့်အောင်(ခ)ဦးအောင်ဝင်း-ဒေါ်သန်းသန်းဝင်း(ခ)ဒေါ်စိုးစိုးတို့၏သား မောင်ဝေလှိုင်းဖြိုးသည် မိဘ အကြိမ်ကြိမ်ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိဘများနှင့် လုံးဝမသက်ဆိုင်ပါကြောင်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးမျိုးမြင့်အောင်-ဒေါ်သန်းသန်းဝင်း**

## တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား အများသိရှိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်ဦးလမ်း၊ အမှတ်(၃၈၀)မှန်ခန်း ခြေရင်းခန်းအား လက်ရှိပိုင်ဆိုင်သူ ဦးမင်းတင်မွန် ၁၂/ဒဂတ(နိုင်)၀၆၇၁၉၀ ထံမှ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ တိုက်အမှတ်(၂၀၃)၊ သုံးလွှာခြေရင်းခန်းနေ ဒေါ်ချမ်းမြမွေး ၁၂/ဒဂတ(နိုင်)၀၄၅၃၃၃က အဆိုပါတိုက်ခန်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စအတွက် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်လုံသောကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**ဒေါ်ချမ်းမြမွေး ၁၂/ဒဂတ(နိုင်)၀၄၅၃၃၃**
**ဖုန်း-၀၉-၂၆၀၀၁၁၈၄၄**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးကျော်ဇော၊ ဦးကျော်လင်းတို့မှ ဒေါ်စောရှင်အား ရမ်းဗြဲမြို့အောင်စေတီ၊ ဦးမြဝါလမ်း၊ အမှတ်(၃၇)၊ (၂၂×၁၅၀)ပေအကျယ်ရှိသော အရှေ့လားသော် ရဲတပ်ကြပ်ကြီးစောနိုင်ပိုင်အိမ်၊ အနောက်လားသော် ဒေါ်စောယဉ်ပိုင်အိမ်၊ တောင်လားသော် ဦးမြဝါလမ်း၊ မြောက်လားသော် ချောင်းတို့နှင့်ဆက်စပ်တည်ရှိနေသော အိမ်နှင့် ခြံအား ဒေါ်စောရှင်သို့ ၁၀-၄-၂၀၁၃ရက်က တရားဝင်စာချုပ်စာတမ်းပြုလုပ်၍ ရောင်းချဖူးခြင်းမရှိသလို ဒေါ်စောရှင်မှ ငွေတန်ဖိုးပေးချေဖူးခြင်းမရှိပါ။ ဦးကျော်ဝင်း၊ ဦးကျော်ဇော၊ ဦးကျော်လင်းတို့ထံတွင် (ငွေကျပ်သိန်းငါးဆယ်ဖြင့်) ၃၀-၄-၂၀၁၄ ရက်တွင် ပေးချေဝယ်ယူမည်ဟု ပြောဆိုခဲ့သော်လည်း ၃၀-၄-၂၀၁၄ ရက်တွင် ငွေပေးချေခဲ့ခြင်းမရှိသဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် မပြုလုပ်ခဲ့ကြတော့ပါ။ ဦးကျော်ဝင်း၊ ဦးကျော်ဇော၊ ဦးကျော်လင်းတို့မှာ ဒေါ်စောရှင်အား အဒေါ်အရင်းဖြစ်၍ စိတ်ကျေနပ်စေရန် ၁၀-၄-၂၀၁၃ ရက် အသင့်ရေးပြီးသားစာချုပ်တွင် လက်မှတ်ရေးထိုးပေးခဲ့သော်လည်း ငွေကျပ်သိန်းငါးဆယ်ကို ဦးကျော်ဝင်း၊ ဦးကျော်ဇော၊ ဦးကျော်လင်းတို့အား ဒေါ်စောရှင်မှ ပေးခဲ့ခြင်းမရှိသဖြင့် ၎င်း ၁၀-၄-၂၀၁၃ရက်စွဲပါ စာချုပ်မှာ ရောင်းချခြင်း အထမမြောက်(အတည်မဖြစ်)သော စာချုပ်တစ်ခုသာဖြစ်ပါသည်။ ယခုအချိန်တွင် ဒေါ်စောရှင်မှ ၎င်းအိမ်အား တန်ဖိုးငွေ(သိန်း ၂၄၀)ဖြင့် ရောင်းချရန် ပြင်ဆင်နေသည်ဟု သတင်းရရှိ၍ ရောင်းချခြင်းမပြုလုပ်ပါရန် ဒေါ်စောရှင်နှင့် အိမ်မြေတို့မှာ ၁၉၉၃ ခုနှစ်ကပင် မိသားစုသဘောတူစီမံမှုအရ သက်ဆိုင်မှုမရှိတော့ပါကြောင်း လွှဲအပ်ချက်များအရ အသိပေးကြော်ငြာအပ်ပါသည်။
**လွှဲအပ်ချက်များအရ- ဦးဇော်မင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၃၆)**
**ဖုန်း-၀၉-၄၂၁၇၃၇၃၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁၀၄၁)၊ မြေကွက်တည်နေရာအမှတ်(၁၀၄၁)၊ ပြည်ထောင်စုလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးလှစိုး (HZA-၀၄၀၃၄၀)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှစိုးသည် ၂၂-၁၀-၂၀၁၄ ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ငွေးကြည် ၁၂/မရက(နိုင်)၀၂၁၂၉၈က ခင်ပွန်းသေစာရင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၈-၉-၂၀၁၇ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သန်းခေါင်စာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးခဲ့ရာ တစ်ထပ် အုတ်ကာသွပ်မိုး၊ တစ်ထပ်ထရံကာသွပ်မိုး ဝတ်ပြုဆုတောင်းဆောင်ရှိပြီး ကိုယ်တိုင်နေထိုင်ပါသဖြင့် ဒေါ်ငွေးကြည်မှပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ မြဝတီရပ်ကွက်နေ ဦးတင်မောင်ရင်-ဒေါ်ပွေးတို့၏သမီး မနှင်းထက်ထက်မွန် ၅/မရန(နိုင်)၂၆၀၀၁၈ သည် မိဘတို့၏ဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။
**ဖခင်-ဦးတင်မောင်ရင်**
**မိခင်-ဒေါ်ပွေး**

## ဦးမော်
**(ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု၊ စားကုန်)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ(၂)လမ်း၊ အမှတ် ၁၂၉၅နေ [ဒေါ်တင်တင်ကြည်(ကံကံမန္တလေး)]၏ခင်ပွန်း၊ ဗိုလ်မှူးကြီးအောင်ငွေဦး(ငြိမ်း)(အုပ်ချုပ်မှုဒါရိုက်တာ၊ အင်းဝဘဏ်လီမိတက်)-ဒေါ်ချိုချိုမော်၊ (ဦးရဲဟိန်း)-ဒေါ်ကြည်ကြည်မော် (ကထိက၊ အင်္ဂလိပ်စာဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးထွန်းထွန်းမော်၊ ဦးကျော်စိုးမော်-ဒေါ်ခင်ထွေးရွှေတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၂-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၇ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁- ၂၀၁၇ရက်(အင်္ဂါနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးထွန်းလှိုင် (မဲဇလီရွာမ)
**အသက်(၉၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ မဲဇလီရွာမကျေးရွာနေ (ဦးထွန်းငွေ-ဒေါ်ကျင်ရှိန်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေး(၄)လမ်း၊ အမှတ် ၃၄နေ ဒေါ်သန်း၏ခင်ပွန်း၊ ဦးချစ်ညွှန့်-ဒေါ်ခင်မြိုင်(အလပြ-ငြိမ်း)၊ ဒေါ်စိန်စိန်မြင့်၊ ဦးညွှန့်လွင်-ဒေါ်ငွေငွေလှိုင်(အာမခံ-ငြိမ်း)၊ ဒေါ်ခင်မိုးနှင်း(မုဒုံစည်ပင်)၊ ဦးဇော်မင်းထွန်း-ဒေါ်နီလာဝင်း၊ (ဒုရဲအုပ်မင်းအောင်ထွန်း)၊ ဦးကျော်လင်းထွန်း (ကျန်းမာရေးမှူး)-ဒေါ်ခိုင်ဇာဘို၊ ကိုအောင်မျိုးထွန်း-မချောစုသီဂီဝင်း၊ ကိုရဲမင်းထွန်းတို့၏ဖခင်၊ မောင်ဘုန်းမြင့်နိုင်၊ မမိုးပွင့်ဖြူ၊ မမျိုးနေခြည်ခင်၊ မသံစဉ်လင်းသန့်၊ မောင်ဟိန်းဇာနည်ထွန်းတို့၏ဘိုးဘိုးကြီးသည် ၂၂-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်သန်းသန်းဝင်း အသက်(၈၃)နှစ်
**လက်ထောက်ကထိက(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စေတနာသုခလမ်း၊ အမှတ် ၃၈နေ (ဦးမောင်ကြီး-ဒေါ်စိမ်းရွှေ)တို့၏သမီး၊ ဦးအောင်သန်း(စားဖျော်-ငြိမ်း)၏ဇနီး၊ (ဦးသိန်းညွှန့်)-ဒေါ်သန်းသန်းစိန်(ဆောက်/လျှပ်-ငြိမ်း)၏ညီမ၊ ဦးမျိုးမင်း(မိုးဇလ-ငြိမ်း)-ဒေါ်ခင်မူ(ဆေးနှင့်ဆေးပစ္စည်း-ငြိမ်း)၊ (ဦးသောင်းလှိုင်)-ဒေါ်မြင့်မြင့်ခင်(CB Bank-ငြိမ်း)တို့၏အစ်မ၊ ဦးမြတ်သူ-ဒေါ်ဇင်မာမြင့်(ခေတ္တ-စင်ကာပူ)၊ (မမြတ်သင်းနွယ်)၊ ဦးမျိုးကျော်-ဒေါ်ချောစုစုဝင်း(ခေတ္တ-စင်ကာပူ)၊ ဒေါ်အေးအေးမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးဖြိုးအောင်သန်း-ဒေါ်အေးစုကိုကို(ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ မောင်ညီထက်အောင်၊ မောင်မြင့်မြတ်သာ၊ မောင်ရဲရင့်မျိုး၊ မောင်ထက်မြတ်အောင်၊ မမေမြင့်မိုရ်ဖြိုး၊ မအိန္ဒြိသဒ္ဒါဖြိုးတို့၏ အဘွားသည် ၂၁-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)ည ၁၀း၂၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ကျေးဇူးအထူးတင်ပါကြောင်း
## ဗိုလ်မှူးကြီး ကျော်ထူးလွင်(ငြိမ်း)
**ကြည်-၁၄၀၇၁(တေဇ-၄)**
**အသက်(၆၄)နှစ်**

၁၉-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော အလုပ်သင်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄)မှ ကြည်-၁၄၀၇၁ ဗိုလ်မှူးကြီးကျော်ထူးလွင်(ငြိမ်း)၏နာရေးတွင် လိုက်ပါပို့ဆောင်ပေးကြသော မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ အရာရှိကြီးများနှင့် ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်လက်အောက်ရှိ ဝန်ဆောင်မှုလုပ်ငန်းများဌာနကြီးနှင့် လန်းပြီ ပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်မှ အရာရှိများနှင့် ဝန်ထမ်းများ၊ တေဇ(၄)မှ ကျောင်းဆင်း သူငယ်ချင်းအရာရှိများ၊ အလုပ်သင်(၁)မှ အလုပ်သင်(၃၀)အထိ ကျောင်းဆင်းအရာရှိများ၊ အမှတ်(၂)တပ်မတော် ဆေးရုံခုတင်(၅၀၀)မှ ဆေးရုံအုပ်ကြီးနှင့် အရာရှိအရာခံ အကြပ်တပ်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အရာရှိကြီးများ၊ အရာရှိများနှင့် ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အရာရှိများနှင့်ဝန်ထမ်းများ၊ ဗိုလ်တထောင်မြို့နယ် စစ်မှုထမ်းဟောင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဗိုလ်တထောင်မြို့နယ်၊ ကြက်ခြေနီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဗိုလ်တထောင်မြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဒဂုံဆိပ်ကမ်း မြို့နယ် အိမ်ခြံမြေအသင်းမှ အသင်းသူအသင်းသားများ၊ မြန်မာနိုင်ငံအိမ်ခြံမြေ အသင်းမှအသင်းသူအသင်းသားများ၊ လိုက်ပါပို့ဆောင်ပေးကြပါသော မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ တယ်လီဖုန်းဖြင့် သတင်းမေးမြန်းကြသူများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေပန်းခြင်းများ ပေးပို့ကြသောအသင်းအဖွဲ့များ၊ ပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ချွန်
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ် ၃၈၊ သုံးလွှာ(ခေါင်းရင်းခန်း)နေ (ဦးအေးပု-ဒေါ်ညိမ်းညိမ်း)တို့၏သား၊ (ဦးတိုင်းမောင်-ဒေါ်ပေါ်မယ်)တို့၏သားသမက်၊ (ဦးဟန်စိန်)(ဦးစီးအရာရှိ-ငြိမ်း၊ အလုပ်သမားဥပဒေစစ်ဆေးရေး)-ဒေါ်ညို၊ (ဦးဦးကြည်)(တွဲဖက်ပါမောက္ခ-ငြိမ်း)-ဒေါ်ကြင်ဟွမ်(ကုန်သွယ်ရေး-ငြိမ်း)တို့၏ညီမောင်၊ ဒေါ်လှဂျမ်း၏ခင်ပွန်း၊ မမို့မို့အေးညိမ်း(ဘာသာပြန်ဌာန၊ MRTV-4)၏ဖခင်သည် ၂၁-၁၁-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးသန်းတင်(တောင်ကြီး)၊ ပြည်နယ်မျက်စိအထူးကုဆရာဝန်ကြီး(ငြိမ်း) အသက်(၇၇)နှစ်သည် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိရောဂါပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

---

## ဦးခင်မောင်ဝင်း အသက်(၇၃)နှစ်
**လက်ထောက်မန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်းပြည်တွင်းရောင်း/စက်**
**မကွေး၊ ဆင်ဖြူကျွန်း**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နေ(ဦးလှမြိုင်-ဒေါ်စောနွဲ့)တို့၏ချစ်လှစွာသောသား၊ ဒေါ်နွဲ့အေးမူ(ပြည်တွင်းရောင်းစက်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးယဉ်ကြည်ခိုင်-ဒေါ်နွဲ့ယဉ်ဝင်း၊ ဦးသန်းဆောင်-ဒေါ်လဲ့ယဉ်ဝင်း၊ ဦးမျိုးကျော်သူအောင်(2nd Officer, UNITEAM CO.,LTD.)-ဒေါ်ခိုင်စုယဉ်ဝင်း၊ ဒေါ်မျိုးသွယ်ယဉ်ဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂-၁၁-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ်-၃၂၂၊ ကျွန်းရွှေဝါလမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးထိန်မင်း
**ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)**
**အသက်(၄၇)နှစ်**

ညောင်လေးပင်မြို့နေ(ဦးစိုးအောင်-ဒေါ်ခင်ရီ)တို့၏သား၊ ဦးမောင်ခိုင်-ဒေါ်ဝင်းဝင်းရီ၊ မန္တလေးမြို့နေ ဦးကျော်ထွန်း-ဒေါ်အေးအေးနိုင်၊ ဦးဆန်းထွန်း(နေပြည်တော်-သတင်းစာတိုက်)-ဒေါ်အေးအေးမော်၊ ဦးရဲမင်းလတ်-ဒေါ်ဖြူဖြူထွေးတို့၏အစ်ကို၊ ဒေါ်ဝါဝါဦး၏ ခင်ပွန်းသည် ၂၂-၁၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်သတင်းစာတိုက်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ကျွေးကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းနိုင်ဦး
## တာဝန်ခံကိုယ်စားလှယ်
## မြန်မာသူရကျောက်မျက်ရတနာ
## ကုမ္ပဏီလီမိတက်
## အသက်(၄၀)

၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁း၄၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လောင်ဗျစ်ကျောက်မျက်ရတနာ**
**ကုမ္ပဏီလီမိတက်**

---

**အနိစ္စ**

## ဒေါ်စိန်ငွေး
**ကျောက်တန်း**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးတင်စိန်၏ဇနီး၊ ဦးအေးဟန်-(ဒေါ်ခင်မဦး)၊ ဦးကိုကိုနိုင်-ဒေါ်အေးအေးနိုင်၊ ဦးဝင်းလွင်-ဒေါ်ခင်မမရီ၊ ဦးထွန်းထွန်းနိုင်-ဒေါ်ရွှေမာ၊ဦးမိုးကျော်နိုင်-ဒေါ်ခင်စန်းဦး၊ ဦးမောင်မောင်နိုင်(ခ)ဦးမော်စီ-ဒေါ်အေးအေးတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၁-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့)တွင်ရွှေသံလွင်ဘိုးဘွားရိပ်သာ (ဒဂုံဆိပ်ကမ်းမြို့နယ်)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒု-အရာခံဗိုလ်ဝင်းနိုင်(ခ)
**Pau Go Lian [Buan Sing Beh]**
**အသက်(၅၈)နှစ်**

ချင်းပြည်နယ်၊ တွန်းဇံမြို့နေ(ဦးNeng Suan Cin-ဒေါ် Goih khaw Niang)တို့၏သား၊ ခလရ(၈၉)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ(Ciin Khan Lun), Dai Lam Mung, Nian Khen Niang, Niang Khan Dim, Lian Go Cing (သုတ်သုတ်), Thang Khan Sian, Tuan Khan Khai(ဖိုးခိုင်)တို့၏အစ်ကို၊ မောင်မျိုးမင်းထွန်း(ခ)Cin Lian Kim၊ ဦးဘိုဘိုထွန်း-ဒေါ်အေးယုအောင်(ခ) Dal Suan Piang(မဆရ-၁၃၊ မြိတ်)၊ မတင်နီလာထွန်း(ခ) Niang Sian Nem(အမက၊ ထီးဘောကထ)ဖာပွန်မြို့၊ ကရင်ပြည်နယ်၊ မအေးသီတာထွန်း (ခ) Cing Sian Muan [အလက(ခွဲ)အုန်းတော] ကမမောင်း၊ ကရင်ပြည်နယ်တို့၏ ဖခင်၊ ဒေါ်ဉာဏ်(ခ)Daw Ngaih Dim Niang ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၁၁-၂၀၁၇ရက် နံနက်၃နာရီတွင် အမှတ်(၂)၊ ရန်ကုန်မြို့ ခုတင်(၅၀၀)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၇ရက် နံနက် ၁၀နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ အေးရိပ်ငြိမ်ရိပ်သာ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## မောင်သန်းမြ(ခ)
## ဖုန်းနိုင်လင်း(ခ)မောင်မောင်
**B.Sc(Chemistry)**
**ကျောက်တော်**
**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ ၇(B)လမ်း၊ တိုက်(၂၁)၊ အခန်း ၁၀၄၊ ပထမထပ်နေ ဦးထွန်းလင်း(မြို့နယ် သ/မ ဦးစီးမှူး-ငြိမ်း၊ မြို့နယ် လဝစ-ဥက္ကဋ္ဌ-ငြိမ်း)-ဒေါ်ဝေးစိန်တို့၏ချစ်လှစွာသောသား၊ ဦးသိန်းထွန်းအေး-ဒေါ်ဝေဝေလင်း(ဒု-တိုင်းရင်းဆေးရုံအုပ်၊ စစ်တွေ)၊ ဦးကျော်ကျော်(TSE. Co.,Ltd)၊ ဒေါက်တာနိုင်နိုင်လင်း(ဆေးတက္ကသိုလ်-၁၊ရန်ကုန်)၊ ဒေါ်စန္ဒာလင်း(ကထိက၊ နည်းပညာတက္ကသိုလ်၊ စစ်တွေ)(ခေတ္တ-တရုတ်)တို့၏မောင်၊ မောင်သန်းဟိန်းစိုး၊ မောင်ဉာဏ်အောင်လင်းတို့၏ ဦးလေးသည် ၁၉-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ည ၁၀နာရီတွင် ထိုင်းနိုင်ငံ Hat Yai မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်အသွဲ့(ခ)ဒေါ်သန်းတင့်
**အထက(၁)ကန်တော့ခံဆရာမကြီး**
**အသက်(၉၀)**

စလင်းမြို့၊ မြင်တင်ရပ်၊ ပန်းထိမ်တန်းလမ်းနေ(ဦးမြစ်-ဒေါ်ပု)တို့၏သမီး၊ (ဦးဖိုးသစ်-ဒေါ်မြိုင်)တို့၏ သမီးချွေးမ၊ (ဦးရှိန်)၏ဇနီး၊ (ဒေါ်အလှဲ့)မြို့နယ်ပညာရေးမှူး-စလင်း၊ [ဦးကြည် AE(ငြိမ်း)ပဆင-ဒေါ်ညိုညို]တို့၏ အစ်မ၊ ဒေါ်ခင်မျိုးချစ် အထပြ(ငြိမ်း)၊ ထ(၁) စလင်း၊ ဦးမောင်ပို-ဒေါ်တင့်တင့်ဆွေ (ကျောင်းအုပ်ကြီး-ငြိမ်း၊ ထ(၁)ကျောက်ဆည်)၊ ဦးအေးမောင်[ဒု-ညွှန်မှူး၊ စက်မှု(ငြိမ်း)၊ ဆည်းမြောင်း]-ဒေါ်စုစုနှင်း၊ ဦးမန်းတင့်မော်(ပါမောက္ခ-ငြိမ်း၊ မုံရွာ-တက္ကသိုလ်)-ဒေါ်ဝင်းဝင်းသန်း၊ ဦးလင်းသက်မော်-ဒေါ်ကြည်ကြည်စိန်၊ ဦးအောင်ခန့်မော်(AE-စက်မှုတိုင်း-၂၊ မိတ္ထီလာ)-ဒေါ်ဝါဝါခိုင်၊ ဒေါ်နီလာမော် (လ/ထ ညွှန်မှူး-စိုက်ပျိုးရေး ဦးစီးရုံးချုပ်၊ နေပြည်တော်)၊ ဒေါ်သီဂီမော်တို့၏ မိခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်၊ မြေး ၁၄ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘွားသည် ၂၂-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ဝဝး၁၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် စေတီလှသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်အေး
**(Daisy Pu)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ဘောက်ထော်၊ အေးသာယာလမ်း၊ အမှတ် 7(A-1)နေ [နန်းရင်းဝန်ဟောင်း ဦးပု(ဖေ-ပု-ရှိန်)-ဒေါ်ဖွားရင်]တို့၏သမီး၊ (ဦးရှုမောင်-ဒေါ်အုံးရီ)၊ (ဦးခင်ညွှန့်)၊ (ဒေါ်အမာ-ဦးကိုကြီး)၊ [ဦးအောင်ကြီး(အပါ)-ဒေါ်မော်လီ]တို့၏ ညီမ၊ (ဦးသန်းမောင် လွှန်းတိုက်)(ရွှေတောင်)၏ဇနီး၊ ဦးလှမြင့်သန်း[(လ/ထ ညွှန်မှူး-ငြိမ်း)၊ နိုင်ငံတော်သမ္မတရုံး)-(ဒေါ်ခင်ဝင်းဆွေ)ပါမောက္ခ(ငြိမ်း)(ရုက္ခဗေဒ)၊ (ဦးသောင်းတင်သန်း)-ဒေါ်စန်းစန်းမြင့်(လ/ထညွှန်မှူး လေကြောင်းဦးစီး၊ ငြိမ်း)၊ ဒေါ်ချိုပြုံးသန်း [Advanced Container Line(ACL)]-ဦးစောလွင်တို့၏ မိခင်၊ မဝေနွယ်နွယ်မောင် (Chindwin College)-မောင်ဥက္ကာအောင်နိုင်(ILBC)၊ မရတနာလွင်တို့၏ အဘွားသည် ၂၁-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)ည ၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သိန်း
**(DSA အမှတ်စဉ် ၈/၉၊ ဗိုလ်လောင်းအမှတ်စဉ်(၃၅၁)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ် အေးရိပ်သာ(၁)လမ်း၊ အမှတ် ၅၈နေ ဒေါက်တာစုစံအောင်သိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သိန်းသည် ၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀း၂၀ နာရီတွင် ၄င်း၏နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**DSA 9th Intake မှ**
**သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ဝင်းရီ(ခ)Babara
**အသက်(၇၄)နှစ်**

ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်း၊ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်(Htoo Hospitality)မှ အကြီးတန်းနည်းပြ ဒေါ်ခင်ဝင်းရီသည် ၂၁-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့်သင်တန်းနည်းပြ**
**ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ**

---

## ဦးသန်းထွန်းအောင်
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လေဆိပ်ရိပ်သာလမ်း၊ အမှတ်(၁၅)နေ (ဦးစိန်မြင့်)-ဒေါ်ဟေလ်ဒါတို့၏ သား၊ ဒေါ်စန်းဝင်း၏ ခင်ပွန်း၊ ကိုစိန်လွင်အောင်-မမေမျိုးဟန်၊ ဗိုလ်ကြီးမော်လွင်အောင်-မအေးသီရိထွန်းတို့၏ ဖခင်၊ ကိုစိန်မင်းအောင်၊ ကိုစိန်လင်းအောင်-မနန်စီ၊ (ကိုစိန်မောင်မောင်)၊ မခင်စန္ဒာအေးတို့၏ အစ်ကို၊ မမေစစ်အေးအောင်၊ မမေစုစန်အောင်တို့၏ အဘိုးသည် ၂၂-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၆နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် နေပြည်တော် ကျွေးကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ကိုကိုဦးရဲထွဋ်(ခရိုင်ဥပဒေအရာရှိ-ငြိမ်း)၏ချစ်ဇနီးဒေါ်ရီရီအောင်(မမပိုက်) တရားလွှတ်တော်ရှေ့နေသည် ၁၈-၁၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကိုကိုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ မမပိုက်ကောင်းရာ သုဂတိရောက်ပါစေ။

**ညီငယ် - ဒေါက်တာသိန်းကျော် ဇနီးဒေါ်မာလာမြင့်**
**ညီမငယ် - ဒေါ်မြတ်မြတ်ကျော်နှင့်ခင်ပွန်း ဒုဗိုလ်မှူးကြီးမိုးယု(ငြိမ်း)**
**တူမများ - မာလာကျော်၊ သီသီအောင်နှင့် Thomas ပိုပိုကျော်နှင့်ထွဋ်ဇော်ဟိန်း ဒေါက်တာသိမ့်မြတ်မိုးယု၊ ဒေါက်တာအာကာကျော်**
**မြေးများ - Luea, Mareo၊ ထွဋ်ဉာဏကျော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသူရိန်မြင့်
**B. B. A, B.C.Sc**
**လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ပရေးရာအဖွဲ့**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**
**အသက်(၃၉)နှစ်**

လွန်ခဲ့သော (၂၅)နှစ်လောက်ကတည်းက မိသားစုသဖွယ်ခင်မင်ရင်းနှီးသော ဦးတင်မြင့်(ဒါရိုက်တာ-ဗဟိုသမဝါယမအသင်း၊ ဥက္ကဋ္ဌ-ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်)-ဒေါ်မာလာစိန်(ကျောင်းဆရာမ-ငြိမ်း)တို့၏ သား၊ ဦးဇော်မင်းမြင့်၏ ညီ၊ ဒေါက်တာဒေါ်မြတ်သီတာမြင့်[Ph.D(Physics)]၏မောင်၊ ဒေါ်ကေသွယ်၏ ချစ်လှစွာသော ခင်ပွန်း ဦးသူရိန်မြင့်သည် ၂၁-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ဝဝး၃ဝနာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်သန်း[ဥက္ကဋ္ဌ-မြန်မာ့ဆောက်လုပ်ရေးနှင့်အထွေထွေ ထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်(MCGC)]ဇနီး-ဒေါ်အေးသီတာခိုင်[ဒုတိယအထွေထွေမန်နေဂျာ(MCGC)ရုံးချုပ်]နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများ**

---

## ဒေါ်မိုးမိုးမာ
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ A.Block(၁၀)လမ်း၊ တိုက် ၁၆၊ အခန်း ၃၀၃နေ(ဦးမျိုးမင်း-ဒေါ်သန်းရီ)တို့၏သမီး၊ ဦးသိန်းနိုင်-ဒေါ်မြသက်တို့၏ သမီးချွေးမ၊ ဦးလွင်နိုင်၏ဇနီး၊ မရတနာနိုင်(ဒုတိယနှစ်၊ သချာ်)၊ မနဒီလွင်(အထက-၅၊ ဗိုလ်တထောင်)၏ မိခင်၊ (ဦးနိုင်ဇော်ဦး)-ဒေါ်နီနီမာ(ငြိမ်း)(ဗဟိုဆေးသိုလှောင်ရေး)၊ ဦးမျိုးဦး-ဒေါ်သင်းသင်းနွယ်၊ ဦးမျိုးသီဟ-ဒေါ်သီတာမြင့်၊ ဒေါက်တာခင်မောင်လှ(ပါမောက္ခ၊ ဒဿနိကဗေဒ၊ မော်လမြိုင် တက္ကသိုလ်)-ဒေါ်ဖြူဖြူမာတို့၏ညီမသည် ၂၂-၁၁-၂၀၁၇ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၇ရက် မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA) ကြေညာချက် အမှတ်(၅/ ၂၀၁၇)

**ရက်စွဲ ။ ။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်**

၁။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်က နေပြည်တော် (MICC 1)တွင် ပြုလုပ်ခဲ့သည့် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းပါ အရေးကြီးသည့် အချက်အလက်တစ်ခုကို နိုင်ငံတကာသတင်းဌာနကြီးတစ်ခုဖြစ်သည့် အေပီသတင်းဌာနက လွဲမှားစွာ ရေးသားဖော်ပြခဲ့ကြောင်း သိရပါသည်။

၂။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်မှာ "Conflicts around the world are giving rise to new threats and emergencies; illegal migration, spread of terrorism and violent extremism, social disharmony and even the threat of nuclear war." ဖော်ပြထားပါသည်။ ယင်းကို အေပီသတင်းက "illegal migration spreads terrorism…" "လူများ တရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်းက အကြမ်းဖက်မှုအမျိုးမျိုးကို ပြန့်ပွားစေတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုကြောင်း အဓိပ္ပာယ်လွဲမှားစွာ ဖော်ပြခဲ့ပါသည်။

၃။ အဆိုပါ သတင်းဖော်ပြချက်သည် မြန်မာနိုင်ငံတွင်တည်ဆဲဥပဒေဖြစ်သည့် သတင်းမီဒီယာဥပဒေပုဒ်မ ၉ အရလည်းကောင်း၊ နိုင်ငံတကာ သတင်းမီဒီယာသမားများ အလေးထားလိုက်နာရမည့် ကျင့်ဝတ်များနှင့်လည်းကောင်း မညီညွတ်ဘဲ ချိုးဖောက်ထားကြောင်း တွေ့ရပါသည်။

၄။ မျက်မှောက်အချိန်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးကောင်းမွန်စေရန် ကြိုးစားတည်ဆောက်နေဆဲကာလဖြစ်သည့်အတွက် ထိလွယ်ရှလွယ်အရေးကိစ္စများကို နိုင်ငံတော်က သတိထားကိုင်တွယ် ဆောင်ရွက်နေချိန်ဖြစ်ပါသည်။

၅။ အေပီသတင်းဌာနအနေဖြင့် အဆိုပါသတင်းကို ပြန်လည်ပြင်ဆင်ခဲ့သော်လည်း ယင်းသတင်းကြောင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို များစွာထိခိုက်စေပါသည်။

၆။ ထို့ကြောင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)သည် ယင်းဖြစ်စဉ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)**

# သွားလာမှုခက်ခဲသော ဝေးလံခေါင်ဖျားသည့် ဘူးသီးတောင်မြို့နယ် ကျေးရွာများသို့ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး သွားရောက်ထိုးနှံပေး



**ဘူးသီးတောင် နိုဝင်ဘာ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း အသက် ကိုးလမှ ၁၅ နှစ်အတွင်းရှိ ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း လိုက်လံထိုးနှံပေးလျက်ရှိရာ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဝေးလံခေါင်ဖျားသော စိုင်းဒင်ပြိုင်းချောင်းကျေးရွာအုပ်စု၌ နိုဝင်ဘာ ၂၀ ရက်က ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး လိုက်လံထိုးနှံပေးခဲ့သည်။ (ဓာတ်ပုံ)

"ကျွန်တော်တို့ ဒီလို ခက်ခဲဝေးလံတဲ့ ဒေသတွေကို သွားရတဲ့အခါမှာ သွားရေးလာရေး၊ ဆက်သွယ်ရေး အလွန်ခက်ခဲပါတယ်၊ လုံခြုံရေးအနေအထားကအစ အကုန်လုံးကို သတိထားရပါတယ်၊ ကျွန်တော်တို့ ဝန်ထမ်းတွေကိုလည်း safety first ဆိုတဲ့ လမ်းညွှန်မှုအတိုင်း နာခံပြီးတော့ ကြိုးစားပမ်းစား လာရောက်ပြီး ကလေးငယ်တွေကို

စာမျက်နှာ ၁၀ ကော်လံ ၅ ✻



မြန်မာ ယူ-၂၁ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်
ဓာတ်ပုံ-စိုးညွန့်

# မြန်မာ ယူ-၂၁ အသင်း မွန်ဂိုလီးယားအသင်းနှင့် ခြေစမ်းပွဲအတွက် ပြင်ဆင်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာ ယူ-၂၁ အသင်းသည် နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားမည့် မွန်ဂိုလီးယား လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ ယူ-၂၁ အသင်းသည် ဒီဇင်ဘာလတွင် ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယင်းခြေစမ်းပွဲကို ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ကစားသမား ၃၇ ဦးဖြင့် စတင်လေ့ကျင့်ခဲ့ပြီး ပြီးခဲ့သည့်ရက်ပိုင်းတွင် ကစားသမားခုနစ်ဦး လျှော့ချခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် ပဏာမ ကစားသမား ၃၀ ဖြင့် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး နည်းပြချုပ် ဦးကြည်လွင်မှာလည်း အသင်းအား စတင်ကိုင်တွယ်နေပြီဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၄ ❍

**ဘယ်လိုပဲ ကွဲပြားခြားနားမှုတွေ ရှိနေပါစေ၊ အားလုံးဟာ တူညီတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်လာပါမယ်**

ဓာ-၁၁

# တောဆင်ရိုင်း အကောင် ၂၀ ကျော် စပါးစိုက်ခင်းနှင့် ကြံစိုက်ခင်းများ ဝင်ရောက် စားသောက်

**တိုက်ကြီး နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သဲဝါကျေးရွာနှင့် သနပ်ချောင်းကျေးရွာအကြား စပါးစိုက်ခင်းနှင့် ကြံစိုက်ခင်းများကို နိုဝင်ဘာ ၂၁ ရက် ည ၁၀ နာရီခန့်က တောဆင်ရိုင်းကြီးငယ် အကောင် ၂၀ ကျော် ဝင်ရောက်၍ စားသောက်သွားခဲ့ကြောင်း သဲဝါကျေးရွာနေ ဦးအက်ကဘားက ပြောသည်။ တောဆင်ရိုင်းများသည် ညအခါ အုပ်စုလိုက်တက်လာပြီး စပါးခင်းများကို ဝင်ရောက်စားသောက်သဖြင့် သဲဝါကျေးရွာ ဦးအက်ကဘား၏ စပါခင်း လေးဧက၊ ဦးလှမြင့်၏ စပါးခင်း လေးဧက၊ ဦးအာမင်း၏ ရိတ်သိမ်းပြီး စပါးများကို စားသောက်သွားသည့်အပြင် ဦးလှမြင့်၏ ကြံခင်း ခုနစ်ဧကနှင့် အနီးအနား ကြံခင်း ခြောက်ဧကကိုလည်း ဝင်ရောက် စားသောက်သွားသည့်အတွက် စပါးခင်းများနှင့် ကြံစိုက်ခင်းများ ပျက်စီးသွားကြောင်း ဦးလှမြင့်ထံမှ သိရသည်။

နိုဝင်ဘာ ၂၁ ရက် ည ၁၀ နာရီက တောဆင်ရိုင်း အကောင် ၂၀ ကျော်ကို သဲဝါကျေးရွာမှ ထွန်စက် သုံးစီး၊ မော်တော်ယာဉ် တစ်စီးတို့ဖြင့် မီးထိုးပြီး စက်များနှိုးကာ အသံပေးခြင်း၊ ရွာသားများ ဝိုင်းဝန်း ညာသံပေးခြင်းဖြင့် ဆင်များကို မောင်းထုတ်ခဲ့ကြောင်း ဦးအက်ကဘားက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် စပါးပေါ်ချိန်၊ ကြံခုတ်ချိန်များတွင် ညအခါ တောဆင်ရိုင်းများ ဝင်ရောက် စားသောက်လေ့ရှိကြောင်း ဒေသခံများ ပြောပြချက်အရ သိရသည်။

**ထွန်းလှိုင်**



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017